

www.burmeseclassic.com
GHOST STORY
EXPLORING THE WORLD OF THE UNEXPLAINED
သရဲ
ကိုယ့်ကိုယ်ကိုယ်
သတ်သေသည့်
တောအုပ်
ဆန်းကြယ်သော
သေဆုံးမှုများ
လူတွေနဲ့
လိင်ဆက်ဆံတတ်တဲ့
နတ်မိစ္ဆာ
ခွေးသရဲနက်ကြီးများ
အရိုးစုဂေဟာ
အချက်များ
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃
GHOST STORY
သရဲဇာတ်စဉ်(၁၄)/GHOST STORY။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၄။
၁၆၄ - စာ၊ ၁၃.၅ × ၂၁ စင်တီ။
(1) GHOST STORY

ထုတ်ဝေသူ ဦးအောင်မြင့်၊ အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် အောင်မြင်ပုံနှိပ်တိုက်။
ဖြန့်ချိရေး ။ အောင်မြင်စာပေ။ ပထမအကြိမ်၊ ၂၀၁၄ ခုနှစ် (စက်တင်ဘာလ)၊ အုပ်ရေ(၅၀၀)။




# GHOST STORY

## သရဲဇာတ်စဉ် အမှတ် (၁၄)

## မာတိကာ


| | | |
|---|---|---|
| ၁။ | အနက်ရောင်မှတ်တမ်း | ၄ |
| ၂။ | လူတွေနဲ့လိင်ဆက်ဆံတတ်တဲ့နတ်မိစ္ဆာ | ၃၀ |
| ၃။ | ခွေးသရဲနက်ကြီးများ | ၄၂ |
| ၄။ | အရိုးစုရေကန် | ၅၄ |
| ၅။ | ဆန်းကြယ်သောသေဆုံးမှုများ | ၆၄ |
| ၆။ | ကိုယ့်ကိုယ်ကိုယ်သတ်သေသည့်တောအုပ် | ၈၀ |
| ၇။ | ကျောင်းသရဲ | ၉၂ |
| ၈။ | မယုံနိုင်ဖွယ်ရာအချက်များ | ၁၀၀ |
| ၉။ | ဘယ်စည်းမခြားအချစ်များဖြင့် | ၁၁၀ |

www.burmeseclassic.com

www.burmeseclassic.com



# အနက်ရောင်မှတ်တမ်း

မကြာသေးသော ကာလတစ်ခုကဖြစ်၏။ အတိကျဆိုလျှင် (၂၀၀၉)ခုနှစ်၊ ဧပြီလ သင်္ကြန်မတိုင်မီ ရက်ပိုင်းအလိုတွင် ဖြစ်သည်။ ကျွန်ုပ်တို့၏ ဘုမိနက်သန်ဖြစ်သော သီဟိုတစ်ထောင် ဝိဇ္ဇာအောင်မြေ





သာသနာပြုစခန်းမှ ကျွန်ုပ်၏ ဓမ္မမိတ်ဆွေများ၊ အဓိဋ္ဌာန်ဝင်ဖက် ရဲဘော်ရဲဘက်များ စုပေါင်း၍ ပုပ္ပါးသို့ခရီးထွက်ကြသည်။ ရည်ရွယ်ချက်က သင်္ကြန်ကာလအတွင်း ပုပ္ပါး၌ ရဟန်းဘဝဖြင့် အဓိဋ္ဌာန်ဝင်ကြရန်ဖြစ်၏။ ဦးဆောင်သူက ရန်ကုန်စက်မှုတက္ကသိုလ်မှ ဆရာထွန်းမြင့် ကဦးဆောင်၍ အင်အား(၉)ယောက် ဖြစ်သည်။

ဆရာထွန်းမြင့်သည် ဝိဇ္ဇာမရလမ်းကြောင်း၌ လျှောက်လှမ်းနေရင်း အတော်အသင့် ခရီးပေါက်နေသူလည်းဖြစ်၏။ သို့သော် . . လူသိမခံပေ။ ကြောင်လက်သည်းဝှက်သလို နေသူလည်းဖြစ်သည်။ ဒီအထဲတွင် ဓါတ်ပုံဆရာ ကိုဇော်မျိုးပါနေ၍ မှတ်တမ်းဓါတ်ပုံများအတွက် များစွာအဆင်ပြေလှသည်။ ကျွန်ုပ်တို့အဖွဲ့သည် ပုပ္ပါးရှိ အောင်မင်းခေါင် သာသနာ့ကျောင်းတော်ကြီးတွင် စခန်းချ၍ တပျော်တပါး ဘုန်းကြီးဝတ်ကြသည်။ လူအင်အားကတောင့်၍ ပျော်စရာကောင်းလှ၏။

ထိုကျောင်းတွင် ကျွန်ုပ်နည်းအဲတူ ဒုလ္လဘရဟန်းများက အပြည့်ဖြစ်နေသည်။ သင်္ကြန်ကာလ၌ ဒုလ္လဘရဟန်းခံကြခြင်းမှာ မြန်မာလူမျိုးတို့၏ ချစ်စရာယဉ်ကျေးမှုဓလေ့တစ်ခုပင်ဖြစ်၏။

သို့သော် . . ကျွန်ုပ်တို့ ရဟန်းကိုးပါးအဖွဲ့နှင့် အခြားဒုလ္လဘရဟန်းများနှင့် မတူညီသည့်အချက်ကား ကျွန်ုပ်တို့သည် စရဏအလုပ်များကို ပြင်းပြင်းထန်ထန် ပြုလုပ်ကြခြင်းကြောင့် အားလုံး၏ စိတ်ဝင်စားမှုကို ခံခဲ့ရသည်။

အမှန်တော့ စိတ်ဝင်စားခံချင်၍၊ အာရုံစိုက်စေချင်၍ ထိုသို့ပြုမူခြင်းကားမဟုတ်။ ကျွန်ုပ်တို့လျှောက်လှမ်းနေကြသော လမ်းကြောင်းအရ ကျွန်ုပ်တို့အဓိဋ္ဌာန်အတိုင်း လုပ်ရိုးလုပ်စဉ်တို့ကို ပြုကျင့်နေခြင်းသာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

ကျင့်ကြံကြခြင်းမဟုတ်ပါ။ မနက်အာရုံဆွမ်းကိစ္စပြီးသည်နှင့် ကျွန်ုပ်တို့ ရဟန်းကိုးပါးအဖွဲ့သည် တောတိုးကြတော့သည်။ လူသူအရောက် ပေါက်နည်းသောနေရာများမှာ သွားရောက်ကျင့်ကြံကြခြင်းဖြစ်၏။

ပုပ္ပါးဒေသသည် တောဂနိုင်ထူထပ်ပြီ ကျောက်ဆောင်ပေါ များခြင်း၊ လှိုင်ဂူများပေါများခြင်းတို့ကြောင့် ကျွန်ုပ်တို့အတွက် များစွာ အသုံးဝင်၊ သဘောကျနေရခြင်းဖြစ်သည်။ ပုပ္ပါး၌(၉)ရက် ဘုန်းကြီး ဝတ်ကြမည်။ ကတုံးတုံးလိုက်ရ၍ ဆံပင်ဆုံးရှုံးရုံသက်သက် ဒုလ္လဘ ရဟန်း မဖြစ်စေရ။ တန်အောင်ဝတ်ကြမည်။ ဤသို့အားလုံးက တညီ တညွတ်တည်း စိတ်ပိုင်းဖြတ်ထားကြသည်။

ထို့ကြောင့်. . . သမထ အားထုတ်သူ၊ ပုတီးစိပ်သူ စသဖြင့် မိမိသန်ရာကို နှစ်သက်စွာကျင့်ကြံ အားထုတ်ကြသည်။ ကျွန်ုပ်ကတော့ ကသိုဏ်း(၁၀)ပါးတွင်ပါဝင်သော "ဩဒါတကသိုဏ်း"ကို တစိုက်မတ်မတ် ကျင့်ကြံခဲ့၏။

ကျွန်ုပ်ရရှိထားသော ဩဒါတကသိုဏ်းဝန်းမှာ ထွက်ရပ် ပေါက် သဒ္ဓိရှင်ဘနက်ပြာ၏ ကသိုဏ်းဝန်းဖြစ်၏။ ထိုကသိုဏ်းဝန်းကို ပုပ္ပါးအဓိဋ္ဌာန်ကာလအတွင်း အသုံးပြုရန် ဆရာထွန်းမြင့်က ကျွန်ုပ် အား တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

မြန်မာသာမက၊ ကမ္ဘာထိအောင်ကျော်ကြားသော ဝိဇ္ဇာထွဋ်ခေါင် အဘအောင်မင်းခေါင် မဟာဒ္ဓိရှင်ကြီးသည် တချိန်က ပုဂ္ဂိုလ်(၄) ဦးကို စခန်းသွင်း ရွေးချယ်လေ့ကျင့်ပေးခဲ့သည်။ ထိုပုဂ္ဂိုလ်များမှာ. . ဘနက်ပြာ၊ ချောင်းဝဆရာတော်၊ ပုပ္ပါးဆရာတော် ဉူးလောကနာထ နှင့် ယနေ့သက်ရှိထင်ရှားရှိသော နိုင်ငံတော်ထိပ်တန်းအသိုင်းအဝိုင်း နှင့်ဆက်စပ်သော ပုဂ္ဂိုလ်ထူးတစ်ပါးပင် ဖြစ်ပေသည်။





အသက်ငါးဆယ်ကျော်သည်အထိ သစ်ခုတ်၊ ဝါးခုတ် လုပ်ကိုင်နေသော စာမတတ်၊ ပေမတတ် လူကြမ်းကြီး ဘနက်ပြာကို အဘအောင်မင်းခေါင်က သရဲကျွန်းသို့ခေါ်သွားပြီး ဝိဇ္ဇာပညာရပ်များ သင်ကြားပေးခဲ့သည်။ ဆရာထွန်းမြင့်သည် ဘနက်ပြာနှင့် အမျိုးတော်စပ်သူဖြစ်၏။

ကျွန်ုပ်တို့သည် ညကိုးနာရီထိုးသည်နှင့် တောတွင်းတစ်နေရာရှိ "ရွှေခေါင်းလောင်းစေတီ"သို့သွား၍ ပုတီးစိပ်ကြသည်။ အားလုံးဘတော့ ကျွန်ုပ်တို့သံဃာ(၉)ပါးကို စိုးရိမ်တကြီးဖြင့် တားမြစ်ကြလေသည်။

"ကိုယ်တော်တို့. . ညအချိန်မတော်ကြီးမှာ ဒီလိုနေရာကို ဘာလို့သွားကြတာလည်း၊ ဒီရွှေခေါင်းလောင်းစေတီက နယ်ကြမ်းတယ်၊ အရမ်းအခြောက်အလှန့် ပေါပါပေ့နှယ်၊ မြေကြမ်း. . နယ်ကြမ်းကြီး၊ လမိုင်းကလည်းစုံတယ်၊ ကုန်းလမိုင်း. . လေလမိုင်း သိပ်ပေါတယ်၊ အန္တရာယ်များလှပါတယ်. . မသွားကြပါနဲ့"

ဟုကျောင်းတိုင်ဆရာတော်ကြီးကပင် လာရောက်တားမြစ်လေသည်။ ဆရာထွန်းမြင့်က. . .

"တပည့်တော်တို့အတွက် စိတ်မပူကြပါနဲ့ဘုရား. .၊ တပည့်တော်တို့က အဓိဋ္ဌာန်နဲ့ ညွှန်ကြားချက်တွေအရ ပြုလုပ်နေကြရတာပါဘုရား"

ထို့ကြောင့် မပြောကြတော့ဘဲ ဒီကိုယ်ပေါ်တွေ ဘာဖြစ်ကြမလဲသာ စောင့်ကြည့်နေကြကုန်၏။

ရွှေခေါင်းလောင်းစေတီသို့သွားသော ဒုတိယညတွင် ထူးခြားအံ့ဖွယ် ဖြစ်ရပ်တစ်ခုကို ကြုံတွေ့လိုက်ရသည်။

ကျွန်ုပ်တို့သံဃာ(၉)ပါးသည် ထိုမှောင်မိုက်၍ တောထူသော



www.burmeseclassic.com

www.burmeseclassic.com





နေရာသို့ လက်နှိပ်ဓါတ်မီးများ၊ မီးအိမ်များဖြင့် သွားကြသည်။ သို့သော် ဓါတ်မီးက နည်းနေ၍ ရှေ့နောက်မျှ၍ ကိုင်ဆောင်ကြရ၏။

တချို့နေရာများတွင် လူတစ်ဦးစီသာသွားနိုင်သော လမ်းများဖြစ်၏။ နံဘေးတစ်လျှောက်၌ ချောက်ကြီးရှိနေ၍ အသည်းတထိတ်ထိတ်ဖြင့် သွားကြရသည်။

ကျွန်ုပ်တို့အဖွဲ့တွင် "ကိုဝင်းနိုင်"ဟူသော ဝဝဖိုင့်ဖိုင့် လူတစ်ဦးပါ၏။

ကိုဝင်းနိုင်သည် သတ္တိကောင်းသူတော့မဟုတ်။ လွန်စွာ သရဲကြောက်တတ်သူဖြစ်၏။ ထို့ကြောင့်လည်း ရှေ့နောက်တန်းစီ သွားလာရာတွင် သူက အလယ်မှလိုက်ပါ၏။ သို့သော် ထိုညကတော့ ကိုဝင်းနိုင် ကံစမ်းမဲပေါက်သွားရလေပြီ။ ဖြစ်ပုံမှာ ဤသို့တည်း။

ဓါတ်မီးအလင်းရောင်ကိုအားပြု၍ သတိကြီးစွာထား၍ သွားလာနေကြသော ကျွန်ုပ်တို့အဖွဲ့သည် ရွှေခေါင်းလောင်းစေတီကို လှမ်းမြင်နေရသော အကွာအဝေးအရောက်တွင် "ဗွမ်း"ခနဲအသံကြီး ကြားလိုက်ရပြီး တဆက်တည်းတွင် "အောင်မလေးဗျာ"ဟု ငယ်သံပါအောင် အော်လိုက်သော ကိုဝင်းနိုင်ရဲ့အသံကို ကြားလိုက်ရ၏။

ကြည့်လိုက်တော့ သူ့တစ်ကိုယ်လုံး ရေတွေစိုရွှဲနေ၏။ ခေါင်းမှခြေဖျားအထိ စိုရွှဲနေသော ရေတွေကိုကြည့်ရင်း အားလုံးကြက်သေသေသွားကြသည်။ ကိုဝင်းနိုင်ကတော့ ကြောက်လွန်း၍ အသားတွေ တဆက်ဆက်တုန်နေတော့၏။

"ဘယ်လိုဖြစ်တာလဲ၊ ဘယ်သူ ရေနဲ့ပက်တာလဲ"

ဆရာထွန်းမြင့်အမေးကို ဘယ်သူမှမဖြေနိုင်။ တစ်ယောက်ယောက်က နောက်ပြောင်သည်ဆိုပါကလည်း အလွန်ဆုံးရေသန့်ဘူးတစ်ဗူးသာ ဝှက်ပြီးယူလာနိုင်သည်။

အခုဖြစ်ရပ်က ရေပုံးလိုက်ကြီးကို "ဗွမ်း"ခနဲ အားပါးတရ သောင်းပက်လိုက်သလိုမျိုး၊ လက်သည်တရားခံကို ရှာမတွေ့။

"အင်း. . . တို့ကိုယ်တော်ကို ချစ်လို့ ပရလောကသားတစ်ယောက်ယောက်က ကျီစယ်လိုက်တာဖြစ်မယ်"

ဆရာထွန်းမြင့်က ဤသို့ကောက်ချက်ချ၏။ ဤဖြစ်ရပ်၏

www.burmeseclassic.com

www.burmeseclassic.com



အဖြေကို ယခုတိုင် ကျွန်ုပ်တို့အတိအကျမသိသေးပေ။ မျက်မြင်ကိုယ်တွေ့ဖြစ်ရပ်မို့ ယနေ့တိုင်မေ့မရပေ။ ကျွန်ုပ်တို့တစ်တွေ ပြန်ဆုံဖြစ်တိုင်း ဆိုအကြောင်းကို စားမြုံ့ပြန်ပြောဆိုနေကြဆဲပင်. . .

သိပ္ပံပေတံဖြင့် တိုင်းထွာ၍မရသော ပရလောက၊ နာမ်လောကဟူသည် ကိုယ်တွေ့ကြုံမှ ယုံကြရ၏၊ လက်ခံကြရ၏။ ကိုယ်တွေ့မကြုံ၍ ပရလောကမရှိဟု မျက်စိမှိတ်ငြင်းနေကြသော အမြင်ကျဉ်းလက်တွေ့ဝါဒီတွေလည်း များစွာရှိနေသေးသည်။

ကျွန်ုပ်တို့ အသက်ရှူနေသောလေကို သာမန်မံသစက္ခုဖြင့် မမြင်နိုင်ကြပေ။ ထို့အတွက် "လေ"မရှိပါဟု မည်သူပြောမည်နည်း။ ကျွန်ုပ်တို့၌ ဘိုး၊ ဘွား၊ ဘီ၊ ဘင်တို့အဆက်ဆက်ရှိခဲ့သည်။ ကျွန်ုပ်တို့ မမြင်ဖူးခဲ့ကြပေ။ ထို့ကြောင့် မရှိဟု ပြောရမည်လား။

လက်တွေ့မြင်ရမှယုံမယ်ဆိုလျှင် အမြင်ကျဉ်း လက်တွေ့ဝါဒီသမားဟု ကျွန်ုပ်ပြောချင်ပါသည်။ ဘုရားရှင်ဟောကြားခဲ့သော. . . ငါးရာ့ငါးဆယ်နိပါတ်တော်များ၌ ပေတလောကသည် ထင်ရှားစွာ ပါရှိလေ၏။

ပေတလောက၊ ပရလောကကို မယုံလျှင် ဘုရားဟောကို မယုံဟု အဓိပ္ပါယ်သက်ရောက်ပေ၏။ လူတိုင်းအလွယ်တကူ မြင်ခွင့်မရှိသော အလွှာတစ်ခု(ဝါ)ဘုံသားတို့သည် အမှန်ပင်ရှိကြလေသည်။ ထို့အတူ လူတိုင်းတတ်သိခွင့်မရှိသော ပညာရပ်တို့သည်လည်း ရှိနေကြ၏။

စိတ်ကူးယဉ်မဟုတ်သော ကျွန်ုပ်ကိုယ်တွေ့ဖြစ်ရပ်၏ တစ်စိတ်တစ်ဒေသကို ဤနေရာမှ စာဖတ်သူများ ဗဟုသုတတိုးပွားစေရန် မျှဝေလိုက်ရသည်။

ယခုဆက်လက်ဖော်ပြမည့် အကြောင်းအရာမှာ ဖော်ပြပြီးဖြစ်





ရပ်နှင့် ဆက်စပ်နေသည်။

ပုပ္ပါးတောင်ခြေရွာလေးတစ်ရွာမှ လူတချို့က ကျွန်ုပ်တို့ရဟန်းအဖွဲ့ကို လာပင့်ဖိတ်လေသည်။ အကြောင်းကတော့ ပယောဂဖြစားခံနေရသော လူနာတစ်ယောက်ကို မေတ္တာရှေ့ထား၍ လိုက်ကုပေးရန် ပင့်ခေါ်ခြင်းဖြစ်၏။

သတ္တဝါတို့ကို တတ်စွမ်းသမျှကယ်တင်လိုကြသော ကျွန်ုပ်တို့အဖွဲ့ကလည်း ချက်ချင်းပင်လိုက်ခဲ့လေသည်။ ထိုအထဲတွင် ကျွန်ုပ်လည်းပါ၏။

ထိုပယောဂဖြစ်နေသောအိမ်သို့ နာရီဝက်ကြာအောင် သွားခဲ့ရသည်။ ထိုအိမ်တွင် လူတွေက အပြည့်ဖြစ်နေ၏။ ကျွန်ုပ်တို့ အဖွဲ့ကိုလည်း အားကိုးတကြီး စောင့်မျှော်နေကြဟန်တူသည်။

လူနာရှင်မှာ အသက်(၁၈)နှစ်အရွယ် မိန်းကလေးဖြစ်၏။ ဖြောင်းဆန်အောင် ဆူပူအော်ဟစ်သောင်းကျန်းနေ၍ ထဘီကို ကြိုးတစ်ချောင်းဖြင့် ခါးတွင်စည်းနှောင် ချည်ထားပေးရသည်။

"ဟဲ့. . ကတုံးတွေ၊ အိမ်ပေါ်တက်မလာကြနဲ့. . သွားကြ. . သွား. . သွား. . "

ပွဲကစပါပြီ။ ကျွန်ုပ်တို့ရဟန်းငါးပါး အိမ်ပေါ်မတက်ခင်ကတည်းက ပွဲကြမ်းနေလေပြီ။ တစ်စုံတစ်ခုပယောဂ ပူးကပ်နေသော မိန်းကလေးက ကျွန်ုပ်တို့ကို မောင်းချနေချေပြီ။ အခြေအနေက သိပ်မကောင်းဟု ကျွန်ုပ်အတွေ့အကြုံအရ သိလိုက်သည်။

ဆရာလုပ်မည့်သူသည် အဟိတ်အဟန့် ရှိရ၏။ တကယ်ထက်သောဆရာ၏ အဟိတ်ကို ပတ်ဝန်းကျင်က မခံနိုင်။ ယုတ်စွအဆုံး ထိုဆရာရောက်လာသည်နှင့် အိမ်ပေါ်ကလူတွေ ရှုံခနဲ ဖြစ်သွားကြရမည်။ ထိုင်ရာမှ မတ်တတ်ထရပ်၍ လေးစားသမှု ဖော်ပြကြသည်အ



www.burmeseclassic.com

www.burmeseclassic.com



ထိ အဟိတ်အဟာန့်ရှိဖို့ လိုသည်။

အခုတော့ အိမ်ပေါက်ဝကပင်ဆီး၍ မောင်းထုတ်ခံနေရပြီ။ မြားတစ်ဝက်ကျိုးနေပြီ။ လူနာရှင်တွေက အဆိုပါမိန်းကလေးကို ချုပ်နှောင်၍ ကျွန်ုပ်တို့ကို နေရာထိုင်ခင်းစီစဉ်ပေး၏။

ဆရာထွန်းမြင့်သည် မြင်အပ်၊ မမြင်အပ်သော လောကသား များကိုမေတ္တာပို့၏။ အထက်ပုဂ္ဂိုလ်များကို ပင့်ဖိတ်၏။ သို့သော် ဤ နေရာတွင် ကြားဖြတ်စကားတစ်ခု ပြောလိုပါသည်။ ထိုစကားမှာ သူ တော်ကောင်းဆရာထွန်းမြင့်ကို ကျွန်တော်စော်ကားပြောဆိုခြင်း မဟုတ်။ အတွေ့အကြုံကို ပညာနှင့်ရော၍ ကောက်ချက်ချခြင်းသာ ဖြစ်ပေသည်။

ဆရာထွန်းမြင့်သည် စရဏအားပြည့်ဝ၏။ သီလ အထူးစင် ကြယ်၏။ သည်းခံစိတ်လက်ကိုင်ထားသောတရားသမား (ပုတီးသမား)





တစ်ဦးဖြစ်၍ နတ်ကောင်းနတ်မြတ်များ၊ ထွက်ရပ်ပေါက်သိဒ္ဓိရှင်များ က ချစ်ကြ၏။ အဆက်အသွယ် အဆက်အစပ်လည်း ရှိကြကုန်၏။

သို့သော်. . . ခွဲစိတ်ပါရဂူတစ်ယောက်သည် တဒိုင်းဒိုင်း ပစ် ခတ်နေသော တိုက်ပွဲအကြား ရောက်နေသည်ရှိသော် ဘုရားတနေရုံ သာရှိ၏။ သူ၏ ခွဲစိတ်ပါရဂူ ဟူသောပညာရပ်သည် ယမ်းငွေ့လွှမ်း နေသောတိုက်ပွဲ၌ မအပ်စပ်ပေ. . .။

ထို့အတူပင် ခန္တီ၊ မေတ္တာရှင် ဆရာထွန်းမြင့်ကို အပူးကပ်ခံ ထေဒနာသည်က လုံးဝဂရုမစိုက်၊ မထီမဲ့မြင် ဆက်ဆံနေလေသည်။ ထို့အတွက် အားလုံးချွေးပြန်ကြရပြီး မျက်စိမျက်နှာတွေ ပျက်နေကြ သည်။ လူပုံအလယ်မှာ အရှက်ကွဲအကျိုးနည်း ဖြစ်ရချေမည်။

ဝင်နေသော ပယောဂက သရဲတစ္ဆေအဆင့်မဟုတ်။ သရဲ တစ္ဆေထက် များစွာအစွမ်းထက်သော စုန်းကဝေဝင်နေခြင်းပင်တည်း။

ကျွန်ုပ်တို့ကို ဤစုန်းမက ရှိသည်ဟုပင် အရာမထား. . .။

"ဘာလုပ်မလို့လဲ. . ငါ့ကိုနှင်မလို့လား. . ဝေးသေး၊ နင်တို့ သာ ပြေးဖို့ပြင်ထား၊ ဟင်း. . ငါ့ကိုဘာမှတ်လဲ၊ နင်တို့လောက် စာကို မှဘူး၊ ကိုယ်ပေါ်မှာခြုံထားတဲ့ သင်္ကန်းတွေကြောင့် ဒီလောက်သည်း ခံနေတာ၊ နို့မို့ရင်တော့. . ."

စုန်းမက ပွဲကို ခပ်ကြမ်းကြမ်းဖွင့်လိုက်သည်။

ဆရာထွန်းမြင့် ချွေးပြန်နေလေပြီ။ သူက ခံစစ်သမား. . အ မှုသမား၊ အခုတော့ ပြိုင်ဘက်က တရကြမ်းတိုက်စစ်ဆင်ပြီ၊ ဆရာ သမား အကြံအိုက်နေသလို နောက်ပါကျွန်ုပ်တို့တွေလည်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေရသည်။

ထိုအခြေအနေမှာပင် ကျွန်ုပ်၏တစ်ကိုယ်လုံး မသိမသာ တုန် ခါလာသည်ကို ကျွန်ုပ်ကိုယ်တိုင် သတိထားလိုက်မိသည်။ ချွေးကြော



www.burmeseclassic.com

www.burmeseclassic.com



တွေထဲကို ဝင်တိုးသလို ဖျဉ်းခနဲ၊ ရှိန်းခနဲ ဖြစ်သွားရသည်။

ကျွန်ုပ်သိလိုက်သည်။ ကျွန်ုပ်ဖြစ်နေကျ အစွမ်းသတ္တိဆိုတာပင်၊ နားထဲမှာလည်း လက်ကောက်သံ တချွင်ချွင် ကြားနေရသည်။

ကျွန်ုပ်မှလွဲ၍ အခြားမည်သူမျှ ကြားရမည်မဟုတ်။ အသိစိတ်ရှိနေသော်လည်း ထိန်းချုပ်မှုမဲ့သောပုံစံဖြင့် "ဝုန်း"ခနဲ ထရပ်လိုက်သည်။ ကျွန်ုပ်အပြုမူကြောင့် အားလုံးက တအံ့တဩဖြစ်ကြကုန်၏။

"ဟဲ့. . . ငါတို့က တရားသမားတွေမို့ သည်းခံနေတာ၊ နင်က ရောင့်တက်တာကိုး၊ အိမ်း. . ကောင်းပြီ၊ ဒီတော့ ငါ့ခါးကောက်အကြောင်း နင်သိစေရမယ်၊ အခုချက်ချင်း ငါ့ရှေ့မှာ ဒူးထောက်စမ်း. . "

ခါးထောက်၍ လက်ညှိုးငေါက်ငေါက်ထိုးကာ ပြောနေသော ကျွန်ုပ်ကိုကြည့်ရင်း အားလုံးပါစပ်အဟောင်းသား ဖြစ်သွားကြသည်။ ကျွန်ုပ်ကိုယ်တိုင်ကလည်း အသိစိတ်မပျောက်၊ ဘာတွေပြောနေသည်၊ ဘာတွေလုပ်နေသည်ကို ကောင်းစွာသိနေသည်။ သို့သော်. . ကျွန်ုပ်ခန္ဓာကိုယ်ကို ကျွန်ုပ်ထိန်းချုပ်မရ ဖြစ်နေသည်။

တစ်စုံတစ်ခုသောစွမ်းအားသည် ကျွန်ုပ်အား ချုပ်ကိုင်ထိန်းချုပ်ထား၏။ ထို့အတွက် ကျွန်ုပ်မှာကြောက်ရွံ့စိတ် တစ်စုံတစ်ရာမရှိဘဲ အထူးပင် ရဲရင့်တက်ကြွနေ၏။

အံ့ဩစရာတစ်ချက်က ထိုစုန်းဝင်ကပ်နေသော ကာယကံရှင်မှာ ချက်ချင်းငြိမ်ကျသွား၏။ ကျွန်ုပ်အား မျက်လုံးသေးသေးလေးဖြင့် ကြည့်နေ၏။ စောစောကလို ခက်ထန်မှု၊ မောက်မာမှု အလျဉ်းမရှိတော့ပေ။

"ဟဲ့. . အကောင်စုတ်မ၊ အမောက်ထွက်တာနဲ့ ငါ့ကိုအန်တုလို့ရမလား၊ နင်တို့မပြောနဲ့ နင်တို့ဘိုးအေတောင် ငါမကြောက်ဘူး၊ စစ်သမီးကွ၊ နင်တို့ကလက်နှစ်ဖက်၊ ငါကလက်ခြောက်ဖက်ကွ. . "





"စစ်သမီးကွ" "လက်ခြောက်ဖက်ကွ" ဟူသောအသံက ဟိန်း၍ထွက်သွား၏။ ဆရာထွန်းမြင့် အပါအဝင် အားလုံးမလှုပ်ရဲဘဲ ငြိမ်ကုတ်လျက်၊ တချို့သော လူပရိသတ်က ကျွန်ုပ်ကိုလက်အုပ်ချီလျက် နေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ပြောစမ်း. . ဘာလို့ဒီလိုလုပ်တာလဲ. . "

ကျွန်ုပ်ပါးစပ်မှ ထွက်လာသောအမေးကြောင့် တဆတ်ဆတ်တုန်နေသောစုန်းမက. . .

"ကျွန်မကို ရင့်ရင့်သီးသီးဆဲလို့ပါ မေမေကြီး"

"မေမေကြီး" ဟုခေါ်လိုက်၍ အားလုံးအံ့ဩရပြန်သည်။ သက်န်းကြီးဝတ်ထားသော ဤကဲ့သို့သော ယောက်ျားတစ်ယောက်ကို ဤသို့အဘယ်ကြောင့် ခေါ်ပါသနည်း။

"နင်တို့အဖြစ်တွေ ထပ်မပြောနဲ့တော့၊ လက်ခုပ်ဆိုတာ နှစ်ဖက်တီးမှမြည်တာ၊ အခုငါပြောမယ်. . ဒီလိပ်ပြာရှင်မှာရှိနေတဲ့ နင့်ရဲ့စက်ကြိုးတွေ အကုန်နုတ်၊ အခုချက်ချင်းနုတ်. . တစ်မြူမှမကျန်စေနဲ့ ငါ့ခါးကောက်ကိုကြောက်ရင် ချက်ချင်းနုတ်. . မိမွေးတိုင်းဖြစ်ပစေ၊ ကြန့်ကြာမှု မရှိစေနဲ့"

စုန်းမဝင်ကပ်နေသော မိန်းကလေးသည် ကျွန်ုပ်အားရှိခိုးပြီးနောက် အိမ်အပြင်ဘက်သို့ ခြေစုံဆင်း၍ထိုင်သည်။ ထို့နောက် လက်အုပ်ချီလျက်မှ သူ့ခေါင်းကို တဒုတ်ဒုတ်ထု၏။ ခေါင်းမှလည်ပင်း၊ ပခုံးအစဉ်အတိုင်း ဆွဲချ၍ခုတ်နေ၏။

"မကျန်စေနဲ့၊ မကြာစေနဲ့၊ အခုချက်ချင်းလုပ်. . ဆက်လုပ်"

ကျွန်ုပ်နှုတ်မှ အမိန့်ပေးသံထွက်ပေါ်လာပြန်သည်။ စုန်းမကလည်း နာခံစွာလုပ်၏။ သိပ်မကြာပေ. . ခေါင်းစိုက်၍ ငြိမ်ကျသွားတော့သည်။ ထို့အတူပင် ကျွန်ုပ်လည်း အင်အားကုန်ခန်းသွားသလို ဒူးညွတ်၍ ကျသွားလေ၏။

"ဟဲ့. . လုပ်ကြပါဦး. . ထိန်းကြပါဦး. . "

ကျွန်ုပ်တို့အဖွဲ့မှပါလာသော ရဟန်းနှစ်ပါးက ကျွန်ုပ်ကိုပွေ့ထူ၏။ လူနာရှင်၏ မိဘဆွေမျိုးများက ကောင်မလေးကိုဆွဲထူကာ ရေဖြင့်





မျက်နှာသစ်ပေးကြသည်။ ဖက်ပိုးကိုရိုက်၍ လှုပ်နိုးကြသည်။

အခုတော့ငြိမ်သက်သွားပါပြီ။ ကျွန်ုပ်မှာမောဟိုက်နေသည့်ကြားမှ လွယ်အိတ်ထဲကစာအုပ်တစ်အုပ် ထုတ်လိုက်သည်။ စာအုပ်ကြားတွင် ညှပ်ထားသော. . အသင့်ဆွဲပြီး၊ သိဒ္ဓိတင်ထားပြီးဖြစ်သော ခွင်းကိုင်အင်းတစ်ချပ်ကို ထုတ်၍မီးရှို့သည်။ ပြာကိုရေထဲထည့်၍. .

"ဒကာမလေးကိုတိုက်လိုက်. . "

ကောင်မလေးမှာ ထိုအင်းသောက်ပြီးသည်နှင့် ချက်ချင်းပင်သူကောင်းတစ်ယောက်အသွင်ဖြင့် ထူထူထောင်ထောင်၊ တက်တက်ကြွကြွဖြစ်သွား၏။

"ရှင်းသွားပြီ. . ဘာမှမဖြစ်တော့ဘူး၊ မကောင်းတဲ့အတတ်မိစ္ဆာတွေ ဘာမှမရှိတော့ဘူး အားလုံးရှင်းသွားပြီ၊ နောက်ထပ်လည်း ဘာမှထပ်မဖြစ်တော့ဘူး"

ကျေးဇူးတင်စွာဖြင့် ဝိုင်းကန်တော့ကြသော်လည်း ဝတ္ထုငွေတစ်ပြားတစ်ချပ်မှမယူပဲ ကျွန်ုပ်တို့အဖွဲ့ ပြန်ခဲ့သည်။ လာတုန်းကလိုပင် ပြန်ပို့ကြ၏။

ကျောင်းတိုက်ရောက်တော့မှ အားလုံး "ဟင်း"ခနဲ သက်ပြင်းချနိုင်ကြသည်။ ကျွန်ုပ်ကိုလည်း ဝိုင်းမေးကြလေတော့၏။

"ပြောပြစမ်းပါအုံး ကိုယ်တော်၊ ကိုယ်တော့် အစွမ်းတွေကဘာတွေလဲ"

"ဟုတ်ပ. . ဘာပဲပြောပြော၊ ဒီတိုက်စစ်မှူးကြီး ကယ်ပေလို့သေ့၊ နို့မို့ဆို ကျုပ်ဖြင့် လူကြားထဲ အရှက်ကွဲမယ့်ကိန်းပဲ၊ ကြမ်းလိုက်တဲ့စုန်းမ. . "

ဆရာထွန်းမြင့်က နဖူးကချွေးတွေကို လက်ကိုင်ပုဝါဖြင့်သုတ်ရင်း ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"လုပ်ပါအုံး. . ကိုယ်တော်၊ စစ်သမီးတို့ လက်ခြောက်ဖက်တို့ ဆိုတာတွေက ဘာလဲ. ."

"အေးလေ. . မိုးကောက်ကြီးတဲ့၊ ကျုပ်ဖြင့် ဘာမိုးကောက်မှ လည်း မမြင်မိပါဘူး. ."

"အမယ်. . ပြီးတော့ ဟိုစုန့်မက ဒီကိုယ်တော်ကို မေမေကြီး တဲ့. ."

တစ်ယောက်တစ်ပေါက်ပြောဆိုနေကြ၍ ကျွန်ုပ်က လိုတိုရှင်း ဖြင့် ရှင်းပြလိုက်ရတော့၏။

"အဲဒါ. . ကာလီမန်မယ်တော်မာတ်ဗျ၊ တကယ်တော့ ဒီမယ် တော်က တပည့်တော်ကို သိပ်ချစ်တာ၊ ဒါကလည်း ဘဝတစ်ခုမှာ တပည့်တော်က ကာလီမန်မယ်တော်ရဲ့သား ဖြစ်ခဲ့တာကိုး၊ ဒါကြောင့် ပယောဂရှင်တွေကို တပည့်တော်က ကာလီမန်မာတ်နဲ့ပဲကုခဲ့တာ. . မနည်းတော့ဘူး၊ ဒီမယ်တော်က ကြမ်းလည်းကြမ်း၊ စွမ်းလည်းစွမ်း တယ်၊ ကမ္ဘာစောင့်နတ်ကြီးလို့လည်း ခေါ်ကြတယ်၊ အမှောင်ကမ္ဘာ သားမှန်သမျှ ဒီမယ်တော်ရှေ့မှာ ပြားပြားဝပ်ပဲ. ."

အခုတော့ အားလုံးသဘောပေါက်သွားကြပါပြီ။ ကျွန်ုပ်ကို လည်း "တိုက်စစ်မှူးကြီး"ဟု ခေါ်လာကြတော့သည်။ ဆရာထွန်းမြင့် ကတော့ ကျွန်ုပ်ကို "စစ်သူကြီး". . တဲ့။

ကျွန်ုပ်၏ ဂန္ဓာရီလမ်းကြောင်းတစ်ဆစ်ချိုးမှ ဂမ္ဘီရဖြစ်ရပ်ဆန်း လေးတစ်ခုကို ထုတ်ဖော်ပြောပြလိုက်ရခြင်း ဖြစ်သည်။ အရေးကြုံ တော့ သက်လုံကောင်းကြရပေမည်။ ခံစစ်ချည်းအားကိုး၍မရ၊ တိုက် စစ်ဆင်သည့်အခါလည်း ဆင်ရပေမည်။

ကျွန်ုပ်တိုက်ခဲ့သော အင်းတစ်ခွက်အကြောင်းကိုလည်း အ လျဉ်းသင့်၍ တစ်လက်စတည်းဖော်ပြပါအံ့။





## စုန်းကဝေအမျိုးမျိုး ပယောဂအမျိုးမျိုးကိုနိုင်သော အင်းတော်

**အင်းဆံ**

| | | | |
|---|---|---|---|
| ၄ | ၅ | ၃ | ၆ |
| ၁ | ၄ | ၂ | ၇ |
| ၆ | ၃ | ၅ | ၄ |
| ၇ | ၂ | ၄ | ၁ |

**( လေပြည်ဆော်သွေး၊ အင်းယင်ကတုံ၊ သစ္စာဘုံဝယ်၊ တွေကြုံရအောင် )**

"အင်းဆံ" ဟူသည် အကွက်အတွင်း ထည့်သွင်းသောဂဏန်း (သို့မဟုတ်) အက္ခရာတို့ကို ခေါ်သည်။ အင်းဆံသည် အင်းအိုင်စမ သောရပ်အတွက် အရေးကြီးဆုံးသော၊ အခရာကျသော အရာများ ဖြစ်၏။ အင်းဆံမသိလျှင် အင်းအသွားမသိနိုင်။ အင်းအသွားမသိလျှင် အင်းမဆွဲနိုင်ပေ။

ရှေးပညာရှိတို့က "အင်းဆံ" တို့ကို အလွယ်တကူမှတ်မိစေ ရန်၊ မမေ့မပျောက်စေရန် အခုလိုလင်္ကာများဖြင့် ရေးသားတတ်၏။ ဥပမာ။ ။ "လေပြည်ဆော်သွေး" ဟူသောစကားကို နံသင့်ကောက် သော် (၄ ၅ ၃ ၆) တို့ရ၏။ ၎င်းမှာ အင်းဆံပင်ဖြစ်သည်။ ဂဏန်း အသွားကိုကြည့်၍ မြင်းသွား၊ ရထားသွား၊ ဝါကြိတ်လိုင်၊ ခရုပတ်၊ ဒိုလ်တက်ဗိုလ်ဆင်း စသဖြင့် အင်းအသွားကိုပါ သိနိုင်မည်ဖြစ်၏။

ယခုဖော်ပြပါအင်း၌ (၄ ၅ ၃ ၆)ဟု အစဉ်အတိုင်းသွား၍ ထိုအင်းသည် "ရထားသွား"အင်းမှန်း အင်းကစားဖူးသူတို့ သိကြပေ လိမ့်မည်။ (မှတ်ချက်။ ။ အင်းကျမ်းကို ရေးသားစီရင်နေခြင်းမဟုတ်၍ ဤနေရာတွင် အင်းအခြေခံစည်းမျဉ်း၊ နည်းနာနိဿယတို့ကို အခြေခံမှ စ၍ တင်ပြရန်မဖြစ်နိုင်ပေ။)



www.burmeseclassic.com

www.burmeseclassic.com



ထိုအင်းကိုစုပ်ရန်မန္တန်မှာ. .

(ဥုံကောက္ကသံ. . ကောဏာဂမန. . ကဿပဂေါတမ. . အရိမေတ္တာယျ. . ပစ္စေကဗုဒ္ဓေါ. . ရဟန္တာ. . ပရိကမ္မံ. . ရက္ခန္တု. . ပယ်ဆရာပယ်. . လွှဲဆရာလွှဲ. . သွာဟယ်)

ဖြင့် အခေါက်ရေ(၁၀၀) မန်းမှုတ်ရမည်။ အလျဉ်းသင့်၍ တစ်ခုသတိပေးလိုပါသေးသည်။

မန္တန်များအဆုံး၌ "သွာဟ (သို့မဟုတ်) သွာဟယ် (သို့မဟုတ်) သွာဟုံဟုံ" မသိနားမလည်သော ဆရာများက ၎င်းကို "သွားဟ"ဟု "သွာ"တွင် ဝစ္စပေါက်(း)များထည့်ဆိုတတ်၏။ လုံးဝမှားပေသည်။

"သွားဟ"ဟူသည် မောင်းထုတ်သည့်သဘောဖြစ်သည်။

လောကီ ဂါထာ၊ မန္တန်၊ မန္တရားတို့၌သုံးသော "သွာဟ"ဟူသည် "ပြီးပြည်စုံ အောင်မြင်စေသတည်း" ဟုဆိုသည်။

ဝစ္စနှစ်လုံးပေါက်မပါပေ။

နှောင်းလူတို့ မှတ်သားသိရှိနိုင်ရန် တင်ပြခြင်းဖြစ်၏။

ထို့ပြင် ဗဟုသုတပွားရန် ထပ်မံပြောလိုသည်မှာ. .

"ဂါထာ"ဟူသည် (ဥုံ) မပါပါ။

"မန္တန်"ဟူသည် (ဥုံ) တပ်၍ရွတ်၏။ အဆုံး၌ သွာဟ၊ သွာဟယ်၊ သွာဟုံဟုံ ဖြင့်ပိတ်၏။

"မန္တရား"ဟူသည် (ဩောင်း)ဖြင့်စ၍ (ဟရိ. . ဟရိ)ဖြင့် ဆုံးလေ့ရှိ၏။

ဆက်လက်၍ ယခုကဲ့သို့ ပယောဂမျိုးနှင့် ကြုံတွေ့ရသည်ရှိသော် အနာတခြား၊ ဆေးတခြားမဖြစ်စေရန်အတွက် ရောဂါဇစ်မြစ်ကို သိရန်အရေးကြီးလှသည်။ ထို့ကြောင့် အောက်ပါ ပညာတစ်ရပ်ကို ဆက်လက်လေ့လာမှတ်သားကြပါကုန်။





## သူနာစမ်းဆားမန်း

(ဥုံ. . သောသော တုတ်တုတ်၊ နှင့်အတတ် လတ်လတ်သေ)

ဆားကို လက်သုံးချောင်းဖြင့်ယူ၍ ၎င်းမန္တာန်နှင့် (၃၇)ခေါက်မန်းပါ။ ၎င်းဆားမန်းကို လူနာ(ဝေဒနာရှင်)အား ငုံစေသော်. .

'ဖန်'လျှင် သွေးရိုးသားရိုးရောဂါ။

'စပ်'လျှင် စုန်းပယောဂ။

'ခါး'လျှင် အပင်းပယောဂ. . . ဟုမှတ်ပါလေ။

အရေးကြုံက သက်လုံကောင်းစေရန် ထည့်သွင်းဖော်ပြလိုက်ခြင်းဖြစ်သည်။

ပုပ္ပါးမှပြန်ရောက်ပြီး သုံးလအကြာမှာပင် ကျွန်ုပ်တို့သည် ရွှေပြည်သာမြို့သစ်သို့ သွားကြပြန်သည်။ ကျွန်ုပ်တို့ဟုဆိုရာတွင်. . ကျွန်ုပ်၊ ဆရာထွန်းမြင့်၊ C.O.D တပ်နယ်မှ ဒေါ်တင်၊ ဗဒါမှ ကိုရဲဝင်းနှင့် အထူးဧည့်သည်အဖြစ် တိုင်ရင်းဆေးဆရာကြီး ဦးကျော်စိန်(ယခုကွယ်လွန်) တို့ဖြစ်ကြသည်။

သွားရသည့်အကြောင်းရင်းက ရွှေပြည်သာမြို့တွင် လူနာတစ်ယောက်ကို သွားရောက်ကုသကြမည်ဖြစ်သည်။ လူနာမှာအသက်လေးဆယ်ကျော်အရွယ် အမျိုးသမီးကြီးဟု သိရပြီး ၎င်း၏ဝမ်းဗိုက်ထဲတွင် "ဘေလုံး" ဟုအလွယ်ခေါ်ကြသည့် အလုံးကြီးတစ်လုံး ရှိနေခြင်းကို ကုသရန်ဖြစ်သည်။

လူနာသည် အစားအသောက်ပါ ပျက်လာပြီး. . တပိန်ပိန်၊ အညှော်ညှော်ဖြစ်လာ၏။ ဆေးရုံအထိ သွားရောက်ကုသသော်လည်း မပျောက်ခဲ့။ ဓာတ်မှန်အရ သွေးများစုခဲပြီး သွေးလုံးကြီးဖြစ်နေကြောင်း၊ ခွဲစိတ်ရန်လိုကြောင်း သိရ၏။

၎င်းတို့ အခြေအနေအရ ငွေကြေးမပြည်စုံ၍ ဆေးရုံ၌ခွဲစိတ်



www.burmeseclassic.com

www.burmeseclassic.com

ခြင်း မပြုနိုင်ချေ။

မြန်မာသမားတော်တစ်ယောက်နှင့် ပြကြည့်ရာတွင် သွေးရိုးသားရိုးမဟုတ်၊ ပညာရှင်တစ်ယောက် ပြုစားခြင်း၊ ဘူးသွင်းခြင်း၊ အပင်းသွင်းခြင်း ဖြစ်မည်ဟုဆို၍ ၎င်းလည်းမကုနိုင်ခဲ့ပေ။

တစ်ဆင့်စကားတစ်ဆင့်နားဖြင့် ထိုသတင်းကိုကြားသိခဲ့ရ၍ ကျွန်ုပ်တို့အဖွဲ့က သွားရောက်ကုသခြင်းဖြစ်သည်။ ယခုအခေါက်တွင်တော့ တိုင်းရင်းဆေးဆရာကြီးဦးကျော်စိန်က ဦးစီး၍ကုသမည်ဖြစ်ရာ ပညာနှင့်အတွေ့အကြုံလိုလားသော ကျွန်ုပ်တို့က နံဘေးမှ လိုက်ပါကြခြင်းသာဖြစ်၏။

ကျွန်ုပ်တို့ရောက်ရှိလာမည်ကို သိထားကြ၍ လူနာရှင်တို့က ထမင်းဝိုင်းအသင့်ပြင်ထား၏။ ထမင်းဝိုင်းဆိုသော်လည်း ချို့တဲ့ကြသူများဖြစ်သဖြင့် ၎င်းတို့တတ်နိုင်သမျှလေးကိုသာ ဖွယ်ဖွယ်ရာရာဖြစ်အောင် ပြင်ဆင်ထားရှာသည်။ ကျွန်ုပ်တို့သိရသလောက် ခြေရင်းအိမ်၊ ခေါင်းရင်းအိမ်မှ ဟင်းတစ်ခွက်စသဖြင့် ပို့လာကြောင်းသိရ၏။

မည်သို့ဆိုစေ ၎င်းတို့စေတနာအလျောက် ကျွေးမွေးမှုကို မငြင်းပယ်ကောင်း၊ ထို့ကြောင့် အားလုံးထမင်းစားရန် ထမင်းဝိုင်း၌ ထိုင်ကြ၏။ ကျွန်ုပ်သာလျှင် ဒုက္ခတွေ့နေရတော့သည်။ အကြောင်းမူ ကျွန်ုပ်သည် အစားအသောက်နှင့်ပတ်သက်၍ ဇီဇာကြောင်သူတစ်ယောက်ဖြစ်နေ၍ဖြစ်၏။

ထမင်းစတင်စားကြသောအခါ ဒေါ်တင်က ငါးပြေမဆီပြန်ဟင်းကို စနှိုက်ရန်ပြင်သည်။ နံနံပင်အုပ်၍ချက်ထားသော ငါးပြေမဆီပြန်ဟင်းမှာ စားချင်စဖွယ်တော့ကောင်းသား. . ။

သို့သော် ဦးကျော်စိန်က ဒေါ်တင် ဟင်းခပ်မည့်လက်ကို ဖမ်းဆုပ်ကိုင်လိုက်၏။ ထိုမြင်ကွင်းကြောင့် ကျွန်ုပ်တို့အားလုံး အံ့သြသွားကြ





သည်။

"ဘာ. . ဘာဖြစ်လို့လဲ. . . ဆရာ"

ဒေါ်တင်က အထစ်ထစ်ငေါ့ငေါ့ဖြင့်မေးလေရာ ဆရာဦးကျော်စိန် ခေါင်းကိုခါယမ်း၍ပြော၏။

"နေအုံးဒေါ်တင်. . မစားနဲ့အုံး၊ ကျုပ်စိတ်ထဲတစ်မျိုးပဲ. . "

ဆရာဦးကျော်စိန်က ၎င်းလွယ်အိတ်ထဲမှ ပင်နီဆလင်ဘူးကဲ့သို့သော ကော်ဘူးလေးကိုထုတ်ယူ၍ အဖုံးဖွင့်လိုက်၏။ အတွင်းမှ ဆေးမှုန့်တချို့ကို ၎င်းငါးပြေမဟင်းပေါ်သို့ ဖြူးချလိုက်၏။ အံ့သြထိတ်လန့်ဖွယ် ကောင်းပေစွ။

ဆေးမှုန့်နှင့်ဟင်းထိသည်နှင့် "ရှဲ" ခနဲမြည်သွား၏။

ဖြူဖြူအခိုးအငွေ့ နည်းနည်းထွက်သွားသည်ကိုလည်း အားလုံးတွေ့မြင်လိုက်ကြသည်။ အိမ်ရှင်တို့မှာလည်း ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေကြ၏။

"ဒီဟင်းက ခင်ဗျားတို့ချက်တာလား"

ဆရာဦးကျော်စိန်က လေသံမာမာဖြင့်မေးလိုက်တော့. . .

အိမ်ရှင်အမျိုးသမီးကြီးက မျက်နှာပျက်သွားကာ. .

"မဟုတ်. . မဟုတ်ပါဘူးဆရာ၊ ခြေရင်းအိမ်က လာပို့တာပါ။ ဈေးထဲက ငါးပြေမလတ်လတ်ဆတ်ဆတ်ရလို့ ချက်ထားတာတဲ့. . ဆရာကြီးတို့ လာမှန်းသိလို့ စားဦးစားဖျားလာပို့သွားတာပါ. . "

ဦးကျော်စိန်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း ဟင်းခွက်ကို ဆေးငေါ့ပြသည်။ ကျွန်ုပ်တို့အားလုံးကြည့်လိုက်တော့. .

"ဟဲ့. . ဘာတွေလဲ"

"ဟာ. . ဒါ. . ဘာလဲ. . မှန်းစမ်း. . ဟာ. . ဒါ တာဒိရှ[illegible] တွေပဲ. . "


www.burmeseclassic.com

www.burmeseclassic.com





"ဟင်. . ငါးပြေမက ဘယ်လိုလုပ် ဇာဒ်ရွက်ဖြစ်နေရတာလဲ"

အံ့ဖွယ်သရဲပင်တည်း။

ခုနက ဆီတဝင်းဝင်းနှင့် ငါးပြေမဟင်းက အခုတော့ ခွက်ထဲ
မှာ ငါးပြေမတစ်ကောင်မှ မရှိတော့ပေ။ တွေ့ရသမျှ ဇာဒ်ရွက်တွေ
ချည်းဖြစ်နေ၏။ အံ့ဖွယ်တစ်ခုမဟုတ်လျှင် အကောင်းဆုံးမျက်လှည့်
တစ်ခုကို ကျွန်ုပ်ကြည့်နေရသလိုပင်။ ကိုယ့်မျက်လုံးနှင့် မမြင်လျှင်
ယုံနိုင်ဖွယ်မရှိ၊ ကြုံတော့ယုံရလေပြီ။

"ကျုပ်တို့ကို ပညာစမ်းတဲ့သဘောပါ. . ဟင်း. . ဟင်း"

ဦးကျော်စိန်က ခေါင်တညိတ်ညိတ်ဖြင့် ပြုံးရင်းပြော၏။

တစ်ဆက်တည်းသူက. .

"ကဲ. . ဒီဇာဒ်ရွက်ဟင်းဖယ်လိုက်၊ ကျန်တဲ့ဟင်းတွေ အကုန်
စားလို့ရတယ်၊ ဘာမှစိတ်မပူနဲ့တော့. . ရဲရဲသားစားကြပေတော့. ."

ပြော၍သူကိုယ်တိုင်က အားပါးတရစားလေတော့၏။ ကျန်
တဲ့လူတွေလည်း မဝံ့မရဲဖြင့်လိုက်စားရတော့သည်။ ကျွန်ုပ်မှာမူ ထမင်း
တစ်လုပ်ကိုပင် မနည်းမျိုချနေရသည်။ နဂိုကပင် ဇီဇာကြောင်သူမို့
ယခုဖြစ်ရပ်ကြောင့် ဘယ်လိုမှစား၍မဝင်တော့ပေ။

"ဒီမယ်. . ကျုပ်ပြောမယ်၊ ခင်ဗျားတို့ ခြေရင်းအိမ်ကို သွား
ပြီးပြဿနာမရှာကြနဲ့ ဖာသိဖာသာပဲ နေလိုက်ကြ၊ သူတို့က အောက်
လမ်းပညာရှင်တွေ၊ ခင်ဗျားတို့ကို ဒုက္ခပေးနိုင်တယ်၊ ဒီဟင်းကိုလည်း
ခင်ဗျားတို့က စားလို့ကောင်းတယ်၊ ဆရာတွေလည်း စားသွားကြတယ်
လို့ပြောနော်"

ဆရာဦးကျော်စိန်က စားရင်းမှ သတိပေးစကားဆိုသည်။
ကျွန်ုပ်မှာ အရှုံးထဲက အမြတ်ဆိုသလို စိတ်ဝင်စားဖွယ်ပညာရပ် တစ်ခု
ကိုတွေ့လိုက်ရ၍ စိတ်ထဲမှာ ကျေနပ်ဝမ်းမြောက်နေမိသည်။ သို့သော်
ယခုခဲ့က ထုတ်မေးရန် အခွင့်မသာခဲ့ပေ။

ဆရာဦးကျော်စိန်က သူတတ်ကျွမ်းသော ပညာဖြင့် ဝေဒနာ
ရှင်ကို သမားဂုဏ်အပြည့်ဖြင့် ကုသခဲ့သည်။ ကျွန်ုပ်နားမလည်သော
ကုသနည်းများဖြစ်၍ ကျွန်ုပ်မှာကြည့်ရုံသာကြည့်နေပြီး မမှတ်သား
တော့ပေ။ ဆရာဦးကျော်စိန်က ထိုဝေဒနာကို တစ်ပတ်တစ်ခါနှုန်းဖြင့်
သုံးကြိမ်ကုသရမည်ဟုဆိုသည်။

ကျွန်ုပ်စိတ်ထဲမှာတော့ ရောဂါကို ကုသနေသည်ထက်. . ငါး
ပြေမဟင်းမှ ဇာဒ်ရွက်ဟင်းများဖြစ်သွားရသည်ကိုသာ စွဲလမ်းနေမိ
သည်။ ထို့ကြောင့်အပြန်လမ်းတွင် ကျွန်ုပ်တို့အဖွဲ့ လက်ဖက်ရည်ဆိုင်၌
ထိုင်ဖြည့်ကြစဉ် ကျွန်ုပ်ကမေးမြန်းခဲ့လေသည်။

"ဆရာ. . . အဲဒါ ဘယ်လိုအစွမ်းမျိုးလဲဆရာ၊ ကြည့်ရတာ
မျက်လှည့်ပြလိုက်သလိုပဲ၊ အံ့ဩဖို့လည်း ကောင်းတယ်၊ ငါးပြေမက
ဇာဒ်ရွက်ဖြစ်သွားတာ အဆန်းပါပဲဆရာ. ."

ကျွန်ုပ်အမေးကို ဆရာဦးကျော်စိန်က ပြန်ရှင်းပြနေသည်။





www.burmeseclassic.com

www.burmeseclassic.com



"အင်း. . ကိုယ့်လူအချင်းချင်းတော့ ရှင်းပြရတာပေါ့၊ တစ်ယောက်နဲ့တစ်ယောက်မျှဝေတဲ့ သဘောပါ၊ တကယ်တော့ ဒါတွေဟာ နာနာရုပ် ဆေးတွေပဲကွာ"

ဆရာဦးကျော်စိန်ကပင် ဆက်လက်ရှင်းပြ၏။

"နာနာရုပ်ဆေးဆိုတာ ဂမ္ဘီရအတတ်နဲ့ ဖန်တီးထားတဲ့ ဆေးစွမ်းတွေပဲ၊ အင်းဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ စသဖြင့် ဝိဇ္ဇာအမျိုးမျိုးရှိကြတဲ့အထဲက ဆေးဝိဇ္ဇာလမ်းကြောင်းမှာ တစ်ထောင့်တစ်နေရာကပါဝင်တဲ့ ဆေးစွမ်းတွေပေါ့၊ ကြားဖူးကြတယ်မဟုတ်လား၊ ဖျာကဖင်မှာကပ်နေတာတို့ မန်းကျည်းပင်က ပိတုန်းတွေဖြစ်တာ၊ ကြိုးခွေကမြွေကြီးဖြစ်တာ၊ ခြင်းကြားနဲ့ ရေခပ်ပြတာတို့၊ ဒါတွေဟာ နာနာရုပ်ဆေးတွေပဲပေါ့"

"ဒါနဲ့ဆရာ၊ စောစောက ဆရာဖြူးလိုက်တဲ့ ဆေးကကော နာနာရုပ်ဆေးပဲလားဆရာ"

"ပြောလို့ရပါတယ်၊ ဆေးအုပ်စုပညာခန်းထဲက တစ်နည်းပါပဲ၊ တစ်ရုပ်တစ်ရှာသွားရင် အသုံးဝင်တဲ့ ဆရာကိုင်ဆေးတွေပေါ့၊ ဆရာလုပ်သူတွေ လက်စွဲပြုဆောင်ထားသင့်တဲ့ဆေးတွေပေါ့၊ ဒီဆေးကတော့ ပယောဂဇာတိပြန်ဆေးလို့ ခေါ်တယ်ကွဲ့"

"ပယောဂ ဇာတိပြန်ဆေး"

"ဟုတ်တယ်. . ဇာတိပြန်ဆိုတာက မူလဇာတိရုပ်အတိုင်းပြန်ဖြစ်စေတာကို ဆိုလိုတယ်၊ ပယောဂအတတ်နဲ့ ပြုလုပ်ထားတာတွေကို မူလဇစ်မြစ်အတိုင်း ပြန်ဖြစ်စေတယ်၊ ပြန်ဖော်ထုတ်စေခိုင်းတာမျိုးပေါ့၊ ငါးပြေမဟင်းဆိုတာ မဟုတ်ဘူး၊ သူ့မူလဇာတိက ဖာဒ်ရွက်၊ ဖာဒ်ရွက်တွေကို ငါးပြေမလို့ ထင်ယောင်ထင်မှားဖြစ်အောင်ချတ်ထားတာ၊ ဆေးအစွမ်းတွေပေါ့၊ ဒါကို ဆရာရဲ့ပယောဂ ဇာတိပြန်ဆေး





နဲ့ မူလဇာတိရုပ် ပြန်ဖေါ်ထုတ်ပြလိုက်တာလေ. ."

"အံ့ဩဖို့လည်းကောင်း၊ အရမ်းလည်းစိတ်ဝင်စားဖို့ ကောင်းပါတယ်ဆရာ. ."

"ဟုတ်တယ်ဆရာ၊ ကျွန်မတို့လို ခုနစ်ရက်သားသမီးတွေကိုကယ်တင်ကုသနေသူတွေအတွက်တော့ အရမ်းအသုံးဝင်ပါတယ်၊ သူများပြုစားမခံရတော့ဘူးပေါ့၊ အလွယ်တကူ ဘူးသွင်း၊ အပင်းသွင်းလို့မရတော့ဘူးပေါ့၊ ဒီနည်းလမ်းကိုကျွန်မတို့ အဖွဲ့ကိုလည်း ဝေငှပါအုံးဆရာ"

ဒေါ်တင်ကပါ လိုလိုလားလား၊ တလေးတစားတောင်းဆို၍ ဆရာဦးကျော်စိန်က အောက်ပါအတိုင်းဆေးနည်းကို ရှင်းပြခဲ့သည်။

**ပယောဂဇာတိပြန်ဆေး**

ဒဟတ်သကိုင်းအမြစ် (အရှေ့ဘက်သွားသောအမြစ်)ကိုယူ၍ နွားနက်ကျင်ငယ်ရေနှင့် သုံးညစိမ်ထားပါ။ ထို့နောက် အမှုန့်ပြု၍ ခြောက်သွေ့အောင်နေလှမ်းပါ။

ထို့နောက် တံစူးဝါးကို ကြုတ်လုပ်၍ ၎င်းအတွင်းဆေးမှုန့်များ ထည့်ထားရမည်။ ရှာပင်း. . တောပင်း၊ အစာသွင်း. . ဘူးသွင်း၊ အ ဝင်းသွင်း စသောပယောဂနှင့် ပတ်သက်၍မသင်္ကာစရာ အစားအစာတွေ့က ဆေးမှုန့်အနည်းငယ်ကို ၎င်းအစားအသောက်များတွင် ဖြူးကြည့်ပါ။ မူရင်းဇာတိရုပ်လက္ခဏာအတိုင်း ပြန်ပေါ်လာပါမည်။

အဖိုးတန်သောပညာရပ်တစ်ခုအဖြစ် တန်ဖိုးထားကာ မှတ်သားခဲ့ရလေသည်။ အလွယ်ရတော့ အလွယ်ဖြစ်သည် ဆိုသကဲ့သို့. . ကျွန်ုပ်သည်လည်း ထိုပညာရပ်များကို မလိုအပ်ဘဲ ထုတ်မပြရန် ဆုံးဖြတ်ခဲ့၏။

ထို့နောက် ဆက်လက်၍ ဆရာဦးကျော်စိန်မှ နာနာရုပ်ဆေး



www.burmeseclassic.com

www.burmeseclassic.com



နည်းတစ်ခုကို တိုးတိုးတိတ်တိတ် ချီးမြှင့်ခဲ့ပြန်သည်။ ထိုဆေးနည်းမှာ အောက်ပါအတိုင်းဖြစ်လေ၏။

အိမ်မြှောင်ဥခုနစ်လုံးကို အသက်အောင့်၍ လက်သုံးချောင်းဖြင့်ယူ၊ စနေမီးသွေး၊ သက်ကယ်မြိတ် တို့ကိုယူ။

"စနေမီးသွေး" ဟူသည် စနေသား၊ စနေနေ့သေ၊ စနေနေ့မီးသင်္ဂြိုဟ်၍ ရသောမီးသွေးဖြစ်၏။

၎င်းဆေးသုံးပါးကို အလေးချိန်ဆတူရော၍ကြိတ်။ ဆေးတောင့်လုပ်၍ ခြောက်သွေ့အောင်ထားပါ။ အလိုရှိသောအခါ လက်ညှိုးမှာလိမ်း၍ မန်ကျည်းရွက်ကိုသုတ်က ပိတုန်းဖြစ်၏။

ခေါင်းပေါင်းကိုသုတ်သော် မြွေ ဖြစ်၏။

လူထိုင်ရာဖျာ၌ ဆေးသုတ်ထားက ဖျာ ဖင်ကပ်နေ၏။

(မှတ်ချက်။ ။ ဉာဏ်ရှိသလို နည်းပေါင်းစုံထပ်မံစမ်းသပ်လုပ်ကိုင်နိုင်ပါသည်။)

"ဆရာ၊ ကျွန်တော်တို့ကြားဖူးတဲ့ ယောတို့၊ ဆောတို့ဘက်မှာ လူတိုင်းနီးနီးပညာရှင်တွေလို့ ကြားဖူးတယ်၊ သူတို့အိမ်သွား လည်ပြီးပြန်ရင် ဖျာကဖင်မှာကပ်နေတယ်ဆိုပဲ၊ ဘယ်လိုမှ ခွာလို့မရဘူးတဲ့ ဆရာ"

ကျွန်ုပ် ကြားဖူးသမျှကို ထပ်ပြော၏။ နောက်ထပ်သူ့ဆီက ဘာထပ်ကြားအုံးမလဲဟူ၍. .။

"အင်း. . ဟုတ်တယ်၊ အများစုက မိရိုးဖလာလက်ဆင့်ကမ်းလာတဲ့ပညာတွေဖြစ်တယ်၊ ထမင်းစားရေသောက်လိုကို တတ်နေကြတာကလား"

"ဒါဆိုဆရာ၊ အဲဒီဖျာပြန်ကွာအောင် ဘယ်လိုလုပ်ရမလဲ ဆရာ"

အနက်ရောင်မှတ်တမ်း



"ဪ. . ဒီလိုကွဲ့၊ ဆေးကို နို့သာငါးပါးရေနဲ့ ပြန်ဆေးရတယ်၊ ဒါဆိုမူလဖာတိပြန်တယ်၊ ဒီလိုဖျာကပ်တာက ဒီတစ်နည်းထဲတော့ဘူး၊ နောက်ထပ်နည်းတွေက အများကြီးရှိသေးသကွဲ့၊ နောင်အချိန်ကျရင် ပြောကြတာပေါ့ကွယ်၊ တစ်ခုသတိပေးချင်တာက. . အခြေခံစည်းမျဉ်းတွေကျင့်ဝတ်တွေ၊ ကတိခံယူချက်တွေမသိဘဲ၊ မရှိဘဲနဲ့ အရမ်းကာရောလျှောက်စမ်းလို့မဖြစ်ဘူး၊ အန္တရာယ်ရှိတယ်၊ ဒီဆေးနည်းတွေက လျှို့ဝှက်ထားတဲ့နည်းတွေဖြစ်လို့. . . လူတကာသိပြီး လျှောက်စမ်းရင် လောကကြီးပျက်သွားမှာပေါ့၊

ပြီးတော့. . ဒီဆေးနည်းတွေအားလုံးဟာ နာမ်လောကနဲ့ တောင်းကောင်းပတ်သက်နေတယ်၊ ပွင့်ပွင့်လင်းလင်းပြောရရင် နာမ်လောကရဲ့ ထိန်းချုပ်မှုအောက်မှာရှိတယ်၊ တစ်ယောက်ယောက်က ဒီဆေးနည်းစပေါ်တော့မယ်ဆိုတာနဲ့ ဆိုင်ရာအစောင့်၊ နာမ်လောကသားက ချက်ချင်းအနားရောက်လာတော့တာပဲ၊ ဒါကြောင့် ရှောင်ရန်၊ ဆောင်ရန်တွေမသိပဲ စွတ်လုပ်ရင် ပြဿနာရှိတယ်၊ အန္တရာယ်ရှိတယ်ဆိုတာကတော့ မမေ့နဲ့ပေါ့ကွာ. ."

ဆရာဦးကျော်စိန်၏ စကား၌ရော မျက်လုံး၌ပါ အဓိပ္ပါယ်များစွာပါနေသည်ကို ကျွန်ုပ်သတိထားမိလိုက်သည်။

သို့သော် ကျွန်ုပ်မသိသေးသောအရာတစ်ချို့ သိခွင့်ရခဲ့ပြီ။ လျှို့ဝှက်ချက်အချို့ကို ဖော်ထုတ်နိုင်ခဲ့ပြီ။ မည်သည့်ပညာမဆို ဆရာစားတစ်ကွက် ချန်ကြပေလိမ့်မည်ကိုလည်း ကျွန်ုပ်ရိပ်စားမိပါသည်။


မည်သို့ဆိုစေ. . ကျွန်ုပ်သိသမျှကို လျှို့ဝှက်သိမ်းဆည်းမထားဘဲ သိကြပါစေဟူသော စိတ်ဆန္ဒဖြင့် တင်ပြလိုက်ရပါတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

# လူတွေနဲ့လိင်ဆက်ဆံတတ်တဲ့ နတ်မိစ္ဆာ





# INCUBUS AND SUCCUBUS

ယူကရိန်းနိုင်ငံဖွား ရုပ်ရှင်မင်းသမီး နာတာရှာဘလာဆစ် သူမဟာ တစ္ဆေတစ်ကောင်နဲ့ . . လိင် တစ်ကြိမ်မက ဆက်ဆံခဲ့ကြောင်း၊ ယင်းအတွေ့အကြုံသည် ခံစား၍ အလွန့်အလွန်ပင်ကောင်းကြောင်း အင်တာဗျူးတစ်ခုမှာ ဖွင့်ဟပြောဆိုခဲ့ပါတယ်။

စပက်ထရိုဖီးလီးယား ဆိုတဲ့ဝေါဟာရဟာ တစ္ဆေနှင့်လိင်ဆက် သို့သော အတွေးကြောင့် ကာမဆန္ဒ ထကြွလာသူ၏ စိတ်ခံစား ပါတယ်။ ဒီလိုအခါမျိုးတွေမှာ ပျော်စရာစိတ်ကူးယဉ်တာတွေ၊

လူတွေနဲ့လိင်ဆက်ဆံတတ်တဲ့နတ်မိစ္ဆာ

www.burmeseclassic.com

www.burmeseclassic.com



ကာမဆန္ဒကို မိမိဘာသာမိမိ လက်နဲ့ဖြေဖျောက်တာမျိုးတွေ လုပ်တတ်ကြပါတယ်။ နာတာရှာနဲ့ နာမည်ကြီးသရုပ်ဆောင်အချို့ဟာ တစ္ဆေနဲ့ လိင်ဆက်ဆံဖူးတယ်လို့ဆိုပါတယ်။

ပထမဆုံးအကြိမ်တုန်းက သူမကို မတော်မတရားလုပ်သွားခဲ့တာ ဖြစ်တယ်လို့ ပြောပါတယ်။ အိမ်မှာ အိပ်ရာပေါ် တစ်ယောက်တည်း လှဲနေတုန်း အခန်းထဲကို တစ်စုံတစ်ခုဝင်လာသလိုမျိုး ခံစားရတယ်လို့ ပြောပါတယ်။

"တစ်စုံတစ်ယောက်က ကျွန်မကိုကိုင်တွယ်ထားပြီး ကျွန်မခန္ဓာကိုယ်ကို ကျွန်မဆန္ဒမပါဘဲ ပွတ်သပ်နေပါတယ်၊ ကျွန်မခန္ဓာကိုယ်ပေါ်ကို အလေးတစ်ခုခုတင်ထားသလိုမျိုး ခံစားရပါတယ်၊ ဘယ်သူ့ကိုမှ မမြင်ရပေမဲ့ အခြားအရပ်မျက်နှာအနံ့ကနေ ပွတ်သပ်နေတဲ့








အရသာ၊ စွမ်းအားနဲ့ အနွေးဓာတ်ကိုတော့ ခံစားနေရပါတယ်"

အဲဒီလိုဖြစ်ပြီး နောက်တစ်လအကြာမှာ တစ္ဆေဟာ ပြန်လာပါတယ်၊ အဲဒီအကြိမ်မှာတော့ သူမဟာ မထိတ်လန့်တော့ပါဘူးလို့ ဆိုပါတယ်။

"ကျွန်မဟာ ဒီအထိအတွေ့ကို သာယာသွားတယ်လို့ ထင်ပါတယ်"ဟု ပြောဆိုခဲ့ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com

ခရစ်ယာန်ဘာသာရေးရှုထောင့်က ကြည့်မယ်ဆိုရင် နာ့တာ ရှာဟာ လူမိန်းမတစ်ယောက်ကို ကိုယ်ဝန်ရှိစေလိုတဲ့ နတ်မိစ္ဆာ၊ မ ကောင်းဆိုးဝါး ဒါမှမဟုတ် တစ္ဆေတစ်ကောင်နဲ့ အဆက်အဆံရှိနေ တာပါ။

နတ်ဆိုးမတွေဟာလည်း ယောကျ်ားတစ်ယောက်နဲ့ လိင် ဆက်ဆံတတ်ပါတယ်။ လိင်တူချင်းဆက်ဆံတာ ရှိမရှိဆိုတာကတော့ အချိန်အတိုင်းအတာတစ်ခုအထိ စောင့်ကြည့်ရမှာပါ။

တဏှာရမ္မက်ကြီးတဲ့ နတ်မိစ္ဆာတွေနဲ့ နတ်ဆိုးမတွေဟာ နာမည်ကြီးတွေနဲ့ပဲ ဆက်ဆံချင်တာဖြစ်မှာပါ။ ဘာလို့လည်းဆိုတော့ အဆိုတော် ကေရှားကလည်း သူမ တစ္ဆေတစ်ကောင်နဲ့ လိင်ဆက်ဆံ တာဟာ သူမရဲ့ သီချင်းတွေထဲက တစ်ပုဒ်အတွက် လှုံ့ဆော်ပေး တယ်လို့ ဆိုပြန်တာကြောင့်ပါ။

ဒီလို လူနဲ့တစ္ဆေ လိင်ဆက်ဆံတယ်ဆိုတာ တကယ်ကိုရှားပါ လှပါတယ်။ စိတ်ရောဂါအထူးကု ကာရန်အိုကီးဖ်ကတော့ ဒါတွေဟာ အိပ်နေတုန်း သရဲစီးတာကြောင့် ဖြစ်နိုင်တယ်လို့ ဆိုပါတယ်။

## **လူတွေနဲ့ လိင်ဆက်ဆံတတ်တဲ့ နတ်မိစ္ဆာနဲ့ နတ်ဆိုးမ**

သဘာဝလွန်ဖြစ်ရပ်တွေထဲမှာ လိင်ဆက်ဆံရရင် သာလွ ကောင်းမွန်တဲ့ အထွတ်အထိပ်အရသာကို ခံစားရနိုင်ပါတယ်။ အဲ သဖြင့် လူတွေနဲ့လိင်ဆက်ဆံတတ်တဲ့ နတ်မိစ္ဆာနဲ့ နတ်ဆိုးမတွေ ဆက်ဆံရင်ပေါ့. . ။

အိပ်ပျော်နေတုန်း လိင်ဆက်ဆံခံရတယ်လို့ ဆိုသူတွေ ကြားဖူးပါသလား။ သင် ကြားဖူးကောင်းကြားဖူးပါလိမ့်မယ်။ လူလူ





ဆက်ဆံတာ မဟုတ်ပါဘူး. . . တစ္ဆေတစ်ကောင်နဲ့ပါ။ လူတွေနဲ့ ဆက်ဆံတတ်တယ်ဆိုတဲ့ နတ်မိစ္ဆာနဲ့ နတ်ဆိုးမတွေ အကြောင်းကို နည်းလောက် ထပ်ရှင်းပြချင်ပါတယ်။

အိပ်ပျော်နေတုန်းမှာ မိမိကိုယ်ခန္ဓာကို တစ်စုံတစ်ယောက်က ပွတ်သပ်နေတယ်၊ မိမိကို လိင်ဆက်ဆံနေတယ်လို့ ခံစားရတယ် ဆိုတဲ့အဖြစ်အပျက်တွေ ထောင်သောင်းမက ရှိပါတယ်။

သိပ္ပံပညာအရဆိုရင် ဒါဟာ ရုပ်ပိုင်းဆိုင်ရာ ပြဿနာတစ်ခုခု ပြီ ဒါမှမဟုတ် အိပ်မက်ထဲမှာ ကာမဂုဏ်ခံစားနေတယ်လို့ ဆိုရ ဒါပေမဲ့ ရှေးအယူအဆတွေအရနဲ့ သိပ္ပံနယ်လွန် သုတေသီတွေ ဆိုအရဆိုရင် နတ်မိစ္ဆာနဲ့ နတ်ဆိုးမ တစ်ကောင်ကောင်ကလာပြီး ဆက်ဆံနေတာသာ ဖြစ်ပါသတဲ့။

နတ်မိစ္ဆာဆိုတာ သရဲ ဒါမှမဟုတ် မကောင်းဆိုးဝါးအသီးဖြစ် အချိန်မှာလာပြီး မိန်းမတွေနဲ့ လိင်ဆက်ဆံတတ်ပါတယ်။ ရှေး



www.burmeseclassic.com

www.burmeseclassic.com



ဒဏ္ဍာရီပုံပြင်တွေအရတော့. . တစ္ဆေနဲ့လိုင်ဆက်ဆံတဲ့ မိန်းမဟာ ကိုယ်ဝန်ရှိလာနိုင်သလို သေလည်းသေသွားနိုင်တာကြောင့် လူမိန်းမနဲ့ လိင်ဆက်ဆံတဲ့နတ်မိစ္ဆာဟာ အန္တရာယ်ရှိပါတယ်။

တစ်ခါ လူယောကျ်ားတွေနဲ့ လိင်ဆက်ဆံတတ်တဲ့ နတ်ဆိုးမ တွေလည်း ရှိပါသေးတယ်။ သူတို့တွေကလည်း ညအချိန်မှာလာပြီး အိပ်ပျော်နေတဲ့ယောကျ်ားတွေနဲ့ လိင်ဆက်ဆံတတ်ပါသတဲ့။

ပိုပြီးအသေးစိတ်ပြောရမယ်ဆိုရင် သာမန်အားဖြင့် နတ်မိစ္ဆာ နဲ့ နတ်ဆိုးမတွေဟာ လူတွေအိပ်ချိန်မှာ ပေါ်လာတတ်ကြပါတယ်။ သူတို့ဟာ အိပ်မက်လည်း ပေးနိုင်ကြပါတယ်။ ကိုယ်တွေ့ကြုံဖူးသူတွေ ရဲ့အဆိုအရ သူတို့ဟာ အိပ်မက်ထဲမှာ အလွန်ကြောက်စရာကော င်း တယ်ဆိုပဲ။ ဒါပေမဲ့. . . သူတို့က အိပ်ပျော်နေတဲ့လူတွေကို လိင်စိတ် ကြွအောင် နှိုးဆွထားပြီးဖြစ်တာမို့ လွတ်လမ်းမမြင်ဘူးလို့လည်း ... ပါတယ်။





တစ်ခါတလေမှာ သူတို့နဲ့လိင်ဆက်ဆံရတာ စွဲမက်ဖွယ် ကောင်းလွန်းလို့ ဆက်ဆံခံရတဲ့လူသားဟာ နောက်တစ်ကြိမ်တောင် တမ်းတမိနိုင်ပါသတဲ့။ အချို့ဘာသာတွေမှာ သူတို့ဟာ မကောင်းဆိုးဝါး တွေသာဖြစ်လို့ သူတို့ဟာ သင့်ကို အလွယ်တကူ ဖြားယောင်းနိုင်ပြီး ညညကို မကြာခဏ လာကောင်းလာနေနိုင်တယ်ဆိုတာကိုတော့ မမေ့နဲ့နော်. . . ။

ဒါ့အပြင် အစီရင်ခံစာတွေအရဆိုရင် နတ်မိစ္ဆာနဲ့နတ်ဆိုးမ တိုင်း ကြောက်စရာကောင်းတဲ့အသွင် မရှိပါဘူးတဲ့။ သင်ဟာ သင့် ကိုယ်စောင့်နတ်က သင်နဲ့လိင်ဆက်ဆံနေတယ်လို့ သင်ထင်နေသမျှ တော့. . အချို့နတ်မိစ္ဆာနဲ့ နတ်ဆိုးမတွေဟာ သဘောတောင် ကောင်း နေနိုင်ပါသတဲ့။

တစ်ခုရှိတာက သူတို့ထောင်ချောက်ထဲတော့ မမိစေနဲ့ပေါ့။ တစ္ဆေတွေဟာ ပုံသဏ္ဌာန်အမျိုးမျိုး ဖန်ဆင်းနိုင်ပါတယ်၊ သူတို့စိတ် ကျေနပ်ဖို့အတွက်ဆို ဘာမဆိုလုပ်ပါတယ်တဲ့။

နတ်မိစ္ဆာနဲ့ နတ်ဆိုးမတွေဟာ ဘာဖြစ်လို့ လူတွေကိုမှ ပစ် မှတ်ထားသလဲလို့ စာဒကတက်ချင်တက်နိုင်ပါတယ်။ အကြောင်း ကတော့ သူတို့ဟာအဆင့်နိမ့်ပြီး ကာမသုခကိုတပ်မက်တဲ့နတ်တွေ ဖြစ်လို့ပါပဲ။ ဒီကာမဂုဏ်အာရုံကပဲ သူတို့ကို အထက်ဘုံတွေ ရောက်ဖို့ ဟားဆီးထားပါတယ်။

ဒါပေမဲ့ ဒီကိစ္စနဲ့ပတ်သက်ပြီး သိပ္ပံပညာက ဘာပြောထား တယ်ဆိုတာကို ကျွန်ုပ်တို့ မေ့မထားသင့်ပါဘူး။ အိပ်နေတုန်း သရဲစီး သလိုဖြစ်တာဟာ လူတွေ တစ္ဆေတွေနဲ့ လိင်ဆက်ဆံရတယ်လို့ ထင် သွားစေတဲ့ အဓိကအချက်ပါပဲတဲ့။ အခြားဖြစ်နိုင်တဲ့ အကြောင်းတရား တွေကတော့ စိတ်ဖိစီးမှု၊ မူးယစ်ဆေးဝါးသုံးစွဲမှု၊ ထင်ယောင်ထင်မှား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှု၊ စိတ်ရောဂါနဲ့ အခြားအချက်တွေ ဖြစ်ကြောင်းပါ. . .။

တကယ်လို့ သင်ဟာ ညကြီးအချိန်မတော် လိုင်ပိုင်းဆိုင်ရာ အစော်ကားခံရတယ်လို့ ထင်နေတယ်ဆိုရင် ဘုန်းတော်ကြီး ဒါမှမဟုတ် သဘာဝလွန်နယ်ပယ်ထဲက လူတစ်ယောက်ဆီ အရင်မသွားပါနဲ့ဦး၊ ဆရာဝန်ကို အရင်သွားတွေ့ပါ။

ဆရာဝန်နဲ့ပြလို့မှ ထူးမလာဘူးဆိုရင်တော့ သဘာဝလွန်နယ်ပယ်ထဲက ကျွမ်းကျင်သူတစ်ယောက်ဆီ သွားပြပါလို့ သိပ္ပံပညာရှင်တွေက အကြံပေးထားပါတယ်။

### ထရွေတစ်ကောင် ကျွန်မနဲ့လိင်ဆက်ဆံခဲ့ပါတယ်

ဒီနေ့အထိကတော့. . ကျွန်မကြုံတွေ့ခဲ့ရတဲ့အဖြစ်အပျက်က အထူးဆန်းဆုံးပါပဲ။ ကျွန်မပြောမဲ့အချက်တွေဟာ ထူးဆန်းနေနိုင်ပါတယ်။ ကျွန်မရဲ့အဖြစ်အပျက်က ဆန်းဆန်းကြယ်ကြယ်နဲ့ နိဂုံးချုပ်ခဲ့ရတာကြောင့် ဆုံးတဲ့အထိတော့ ဖတ်ပေးစေချင်ပါတယ်။

ကျွန်မအသက် (၁၁)နှစ်သမီးအရွယ်မှာ ဓမ္မတာစလာပါတယ်။ မိန်းမငယ်လေးတွေတောင်မှ လတိုင်းဓမ္မတာမလာသလို၊ လာခဲ့င်လည်း အရမ်းကြီး ကြာမနေတတ်ပါဘူး။ ဒါပေမဲ့ ကျွန်မကတော့ အဲဒီနှစ်မှာပဲ ရာသီစလာပြီး ရက်(၃၀) တစ်ခါတလေ ဒီထက်မကကြာတတ်ပါတယ်။

ကျွန်မိခင်ဖြစ်သူက ကျွန်မကို ဆရာဝန်တွေ တစ်ယောက်ပြီးတစ်ယောက် ပြပါတယ်။ သူတို့က ဆေးတွေပေးပေမဲ့ ခဏပဲသက်သာပါတယ်။ သားဆက်ခြားဆေးတွေလည်း ပေးပါတယ်။ ဒါပေမဲ့ မကြာခင်မှာပဲ ဆေးကမတိုးတော့ပါဘူး။ အဲဒါကတော့ အဆိုးဆုံးပါပဲ။



ကျွန်မဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ အခြားမိန်းကလေးတွေနဲ့ ဘဝတော်ကို ကွဲပြားခြားနားနေပါတယ်။ ဒါကြောင့် နေသားကျအောင်နေဖို့ပဲ ကြိုးစားရပါတော့တယ်။ ဒါပေမဲ့. . မကြာခင်မှာပဲ . . . မပျော်တာတွေ၊ အိပ်ရာက တစ်ရေးနိုးရင် အဝတ်အစားတွေမရှိ . . . တာတွေ၊ အဝတ်အစား ချွတ်ခဲ့တာတွေကို သတိမရတော့တာ



လူတွေနဲ့ပေါင်းဆက်ဆံတတ်တဲ့နတ်မိစ္ဆာ

www.burmeseclassic.com

www.burmeseclassic.com



တွေ ဖြစ်လာပါတယ်။

အဲဒီလိုများဖြစ်ပြီဆို တစ်ကိုယ်လုံး ချွေးတွေနဲ့ရွှဲနစ်နေတ ပြီး၊ လိင်ဆက်ဆံပြီးခါစ ဒါမှမဟုတ် ခန္ဓာကိုယ်အောက်က တစ်ခု ဖြတ်သွားသလို ခံစားရပါတယ်။ ဒီလိုဖြစ်ပျက်နေခဲ့တာ အသက်(၁ နှစ်ကနေ (၂၄)နှစ်အထိအောင်ပါပဲ။

ကျွန်မအသက် (၂၃)နှစ်မှာ အိမ်ထောင်ကျခဲ့ပြီး ကလေး လည်း လိုချင်ခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်မရဲ့အတိတ်က အဖြစ်အပျက်



ကြောင့် ကျွန်မဟာ ကိုယ်ဝန်ရှိလာဖို့ အရမ်းကြီးကို ခက် ရာဝန်ကပြောပါတယ်။

ဒါနဲ့ အဘွားဖြစ်သူက ကျွန်မကို ဘုန်းတော်ကြီးဆီကို ခေါ် းပါတယ်။ ဘုန်းတော်ကြီးက မကောင်းဆိုးဝါး ဒါမှမဟုတ် တစ္ဆေ ်ကောင်ဟာ ကျွန်မဆီလာလာပြီး လိင်ဆက်ဆံနေတယ်လို့ ပြောပါ ယ်။ ကျွန်မ အဲဒီအချက်ကို မယုံခဲ့ပါဘူး။ ဘုန်းတော်ကြီးက အသေး ရှင်းပြပါတယ် (အသေးစိတ်အချက်တွေ အားလုံးကိုတော့ မမှတ်မိ ပါဘူး)။

ကျွန်မအိမ်ကိုလိုက်လာပြီး အဲဒီမကောင်းဆိုးဝါးကို မောင်း ပေးမယ်လို့ ဘုန်းတော်ကြီးက ပြောပါတယ်။ သူက ကျွန်မကို ခိုင်းတာတွေလည်း ရှိပါတယ်။ အဲဒီအထဲမှာ ဖန်ခွက်၊ ရှာလကာ ခတွေလည်းပါပြီး အဲဒီပစ္စည်းတွေကို ကျွန်မကုတင်အောက်မှာ တ်လောက်ထားပြီး အိပ်ရပါတယ်။

အစကတော့ ကျွန်မ မယုံပါဘူး။ ဒါပေမဲ့ တစ်ပတ်အကြာမှာ ့ ၊ နှစ်ပေါင်းများစွာ ညတိုင်းတွေ့ကြုံလာခဲ့ရတဲ့ ပွတ်သပ်ခံရတဲ့ တွေ့အထိတွေ၊ ခံစားမှုတွေ မရှိတော့ပါဘူး။ နောက်နှစ်ပတ်အကြာ တော့ ကျွန်မ ကိုယ်ဝန်စရလာပါတော့တယ်။ သားဦးလေး မွေးပါ ယ်။ အခုဆိုရင်ကျွန်မမှာ ကလေး(၅)ယောက်ရှိနေပြီဖြစ်ပြီးတော့ တစ္ဆေလည်း နောက်ဘယ်တော့မှ ပြန်မလာတော့ပါဘူး။



## Incubus and Succubus

လူတွေနဲ့လိင်ဆက်ဆံ[illegible]တဲ့နတ်မိစ္ဆာ

www.burmeseclassic.com

www.burmeseclassic.com

# ခွေးသရဲနက်ကြီးများ



# PHANTOM BLACK DOGS



ဗြိတိန်နိုင်ငံတစ်ဝန်းက ခွေးသရဲနက်ကြီးတွေရဲ့အကြောင်း
...လိုပဲ နိုင်ငံတိုင်းနီးပါးမှာလည်း အလားတူအဖြစ်အပျက်တွေ ရှိကြ
...။ ဗြိတိန်နိုင်ငံမှာဆိုရင် အရှေ့'အန်ဂလီယာ'ကနေ 'ယော့ခ်ရှိုင်း
...အထိ ဖြစ်ပျက်ခဲ့ပါတယ်။ ခေတ်သစ်မှာ ခွေးသရဲနက်ကြီးတွေကို
...ချမြင်ရဖန်များလွန်းလို့ ရှေးခေတ်ပုံပြင် ဒဏ္ဍာရီလာအဖြစ်အပျက်
...အဖြစ် မယူဆကြတော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ရှေးခေတ်ပုံပြင်တွေ၊ ဒဏ္ဍာရီတွေမှာ မူရင်းတကယ့် အဖြစ်အပျက်တွေ ရှိပါတယ်။ ဒီလိုအဖြစ်အပျက်တွေကို ရှင်းပြဖို့အတွက် သီအိုရီတွေ အမျိုးမျိုးရှိပြီး မြင်ရတဲ့ပုံတွေကလည်း မျိုးစုံဖြစ်ပါတယ်။

မြင်ရတဲ့ပုံစံအရ သရဲတွေဟာ ဒေသတစ်ခုနဲ့တစ်ခု ကွာခြားပေမဲ့ သူတို့ကို ဆင်ပေါက်လောက် အရွယ်အစား၊ အချိုပန်းကန်ပြားလောက်ရှိတဲ့ မျက်လုံးပြူးကြီးတွေ၊ အမွေးစုတ်ဖွားနဲ့လို့ ဖော်ပြတာများပါတယ်။ ခွေးသရဲတိုင်းကတော့ အမြဲတမ်းအနက်ရောင် မဟုတ်ပါဘူး။ အင်္ဂလန်နိုင်ငံအရှေ့ပိုင်း၊ လင်ကွန်ရှိုင်းယားပြည်နယ်က ကော်သိုးပ်နဲ့ ဟော်ဂန်မြို့တစ်ဝိုက်မှာ ခြောက်တယ်ဆိုတဲ့ ခွေးသရဲကြီးကတော့ အဖြူရောင်လို့ ဆိုကြပါတယ်။

ဒါပေမဲ့. . သူတို့ကလည်း အချိုပန်းကန်ပြားလောက်ရှိတဲ့ မျက်လုံးပြူးကြီးတွေရှိပြီး အရွယ်ကလည်း ဆင်ပေါက်လောက် အရွယ်ရှိပါတယ်။ စကော့တလန် ရိုးရာဒဏ္ဍာရီပုံပြင်လာ "ကူစိသ်" နတ်ခွေးကတော့ အစိမ်းရင့်ရောင်ရှိပြီး အမြီးမှာအမွေးရှည်ကြီးတွေပါပါတယ်။

ခွေးနက်သရဲဟာ လမ်းတိုင်းမှာ ခြောက်လေ့မရှိပေမဲ့ ရထားလမ်း ကားလမ်းဟောင်းလို နေရာမျိုးတွေမှာတော့ ခွေးနက်ကြီးတွေကို ပိုတွေ့ရတတ်ပါတယ်။ ခွေးသရဲတွေကို အမျိုးအစား ခွဲထားတယ်။ ရှေးဟောင်းပုံပြင်သုတေသီ သီယိုဘရောင်းကတော့ ခွေးနက်ကြီးတွေရဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေကို က၊ ခ နဲ့ ဂ ဆိုပြီး သုံးမျိုးသုံးစား ခွဲထားပါတယ်။

(က) ပုံစံပြောင်းလဲပြီး သွားလာနိုင်တဲ့ မကောင်းဆိုးဝါးခွေး

(ခ) အမွေးစုတ်ဖွားနဲ့ ဆင်ပေါက်အရွယ်လောက်ရှိတဲ့ ခွေးနက်နဲ့ (ဂ) တိုင်းပြည်ရဲ့ အချို့သောနေရာတွေရဲ့ အချို့သောရှေးရိုးပွဲတော်အားတွေမှာ ပေါ်လာတတ်တဲ့ခွေးတို့ပဲ ဖြစ်ပါတယ်။





နာမည်ကြီးရှေးဟောင်းပုံပြင်သုတေသီ ကက်သရင်းဘရစ်ဂ်ကတော့ လူပုံသဏ္ဍာန်သရဲနဲ့ ခွေးပုံသဏ္ဍာန်သရဲဆိုပြီး ခွဲခြားထားတယ်။ ဒေသတွင်းထုံးတမ်းစဉ်လာအရ ခွေးနက်ကြီးတွေကိုတွေ့ရင် သေတော့မဲ့ဂတိနိမိတ်အဖြစ် မြင်ကြရပါတယ်။ အထူးသဖြင့် ရှေးဟောင်းခရစ်ယာန်သချိုင်းတွေနဲ့ ဘုရားကျောင်းတွေမှာ တွေ့မြင်ကြရပါတယ်။ ရှေးတုန်းကဆိုရင် ဒါမျိုးကို သေရတော့မဲ့နိမိတ်လို့ ယူဆခဲ့ကြပါတယ်။

အိုင်းရစ်ပင်လယ်ထဲက ကျွန်းကြီးပေါ်မှာရှိတဲ့ ဘုရားကျောင်း ခရစ်ယာန်သချိုင်းနားမှာ ခြောက်လေ့ရှိတဲ့ ခွေးနက်ကြီးဆိုရင် ... ဘ်စရာကောင်းလွန်းလို့ အခြောက်ခံရတဲ့ အစောင့်တစ်ယောက် ... အကြောက်လွန်ပြီး သေတောင်သွားခဲ့ပါတယ်။

အင်္ဂလန်နိုင်ငံတောင်ပိုင်းမှာ မကောင်းဆိုးဝါးခွေးနက်ကြီး ... မြင်ရပြီး ရုတ်တရက်လန့်ဖျပ်ပြီး သေသွားခဲ့တာတွေလည်းရှိခဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖူးပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း(၄၀၀)လောက်က ခွေးနက်ကြီးကြော
သေသွားရသူနှစ်ယောက်ရှိပါတယ်။ သူတို့သေဆုံးရတာဟာ လေ
မှာ ပျံ့ဝဲနေတဲ့မီးစုန်းကြီးတွေကြောင့် ဖြစ်နိုင်တယ်လို့လည်း ဆိုကြ
တယ်။





စဖော့လ်မြို့မှာရှိတဲ့ ဘန်ဂေးဈေးကြီးရဲ့ လေညွှန်တံ…
ခွေးနက်ကြီးနဲ့ လျှပ်တစ်ပြက်မီးရောင်တို့ကို ဖော်ညွှန်းနေပြီး (၁၅၇၇)
ခုနှစ်၊ ဩဂုတ်လ(၄)ရက်နေ့မှာ သေဆုံးသွားခဲ့တဲ့ အစောင့်ရဲ့သေဆုံးမှု
ကို အမှတ်တရ တပ်ဆင်ထားခြင်းဖြစ်ပါတယ်။



မနက်(၉)နာရီနဲ့(၁၀)နာရီကြားမှာ ဘန်ဂေးရဲ့ ဘုရားကျောင်း
…ထမ်းတွေ ဘုရားကျောင်းမှာရှိနေတုန်း ကြောက်မက်ဖွယ်ကောင်း
…တဲ့ မုန်တိုင်းကြီး တိုက်ခတ်ခဲ့ပါတယ်။ ကောင်းကင်တစ်ခုလုံး မှောင်
…သွားပြီး ဘုရားကျောင်းလည်း သိမ့်သိမ့်တုန်သွားခဲ့ပါတယ်။ မုန်



www.burmeseclassic.com

www.burmeseclassic.com



ဘိုင်းတိုက်ချိန်အလယ်လောက်မှာ ဘုရားကျောင်းထဲမှာ ခွေးနက်ကြီး တစ်ကောင် ဘွားခနဲပေါ်လာခဲ့ပါတယ်။

တောက်လောင်နေတဲ့မီးတောက်တွေနဲ့အတူ ဘုရားကျောင်း ကိုပတ်ပြေးနေတဲ့ ခွေးနက်ကြီးကြောင့် အားလုံးလည်း ထိတ်ထိတ် ပျာပျာ ဖြစ်ကုန်ပါတယ်။ ခွေးနက်ကြီးဟာ ဒူးထောက်ဆုတောင်းနေတဲ့ လူနှစ်ယောက်ကြားကနေ ဖြတ်ပြေးသွားပြီး နှစ်ယောက်စလုံးကို ကိုက် သတ်ခဲ့ပါတယ်။ နောက်ထပ်တစ်ယောက်ကတော့ တစ်ကိုယ်လုံးရှုံ့တွ သွားလောက်အောင်ကို ဆိုးဆိုးရွားရွား မီးလောင်ခံလိုက်ရပေမ အသက်မသေခဲ့ပါဘူး။

တစ်ချိန်တည်းမှာပဲ အဲဒီဘုရားကျောင်းနဲ့ (၇)မိုင်လောက်ဝေး တဲ့ ဘယ်လစ်သဘာ့ဂ်မြို့မှာလည်း အလားတူမိုးကြိုးမုန်တိုင်းတိုက်ခတ် ပြီး အခြားခွေးနက်ကြီးတစ်ကောင်(ဒါမှမဟုတ်. . . ဒီခွေးနက်ကြီးပဲ အသင်းတော် ဘုရားကျောင်းထဲမှာ ပေါ်လာပြီး. . လူ(၃)ယောက်ကို





တိုက်သတ်ခဲ့ပါတယ်။ မြောက်ဘက်ဘုရားကျောင်းရဲ့အဝင် တံခါးကြီး မှာ မီးဟပ်တဲ့အရာကြီးတွေ ကျန်ရစ်ခဲ့ပါတယ်။ အဲဒီအမှတ်ကြီးတွေ ဟာ ယနေ့ထက်ထိ ရှိနေဆဲပါ။

ဒီအဖြစ်အပျက်နှစ်ခုဟာ ရာသီဥတုနဲ့ ဆက်စပ်နေပါတယ်။ လူတစ်ယောက် မီးလောင်ခံခဲ့ရပြီး တံခါးမှာ မီးဟပ်ထားတဲ့အရာကြီး တွေ ကျန်ခဲ့တာကြောင့် လေထဲမှာပျံ့ဝဲလာတဲ့ ဘောလုံးသဏ္ဍာန်မီးစုန်း ကြီးကြောင့် ဖြစ်နိုင်တယ်လို့ ယူဆကြပါတယ်။ ဒါပေမဲ့ ဖြစ်ပျက်ခဲ့တာ တွေကလည်း အတော်ကြီးကိုကြာခဲ့ပြီးဆိုတော့ အတိအကျသုံးသပ်ဖို့ ကတော့ အတော်ကိုခက်ခဲတယ်လို့ ဆိုရတော့မှာပါ။

အဖြစ်အပျက်အချို့အရ လူတွေကိုအကူအညီပေး၊ အကိုးပြု တဲ့ ခွေးသရဲတွေလည်း ရှိပါတယ်။ ဥပမာအားဖြင့် ဩဂတ်စတက် ထဲယားရဲ့ 'တစ်ကိုယ်တည်းခရီးနှင်ခြင်း' စာအုပ်ထဲမှာ ပါတာက ဆွမ်ကာလစ်မြို့က ဂျွန်နီဂရင်းဝုဒ်ဆိုသူဟာ နေရာတစ်ခုကိုရောက်ဖို့အ တွက် ညမှောင်မှောင်မှာ တစ်မိုင်လောက်အကျယ်ရှိတဲ့ တောအုပ် တစ်ခုကို မြင်းစီးဖြတ်သန်းပြီး အပြင်းနှင်ခဲ့ပါတယ်။

တောအုပ်အစပ်နားလည်းရောက်ရော ခွေးနက်တစ်ကောင် ပေါ်လာပြီး သူ့ဘေးနားကနေ တောက်လျှောက်လိုက်ပါနေခဲ့ပါတယ်။ သူတောအုပ်ကို ဖြတ်ကျော်ပြီးသွားတာနဲ့တစ်ပြိုင်နက် အဲဒီခွေးနက် သည်း ပျောက်ကွယ်သွားပါတော့တယ်။

သူ့အပြန်ခရီးမှာလည်း အဲဒီခွေးနက်က တောလမ်းတစ် လျှောက် နံဘေးနားကနေလိုက်ပါလာပြီး၊ သူတောအုပ်ကိုကျော်လွန် သွားတဲ့အချိန်မှာ. . ခွေးနက်ဟာ ထူးဆန်းစွာ ပျောက်ကွယ်သွားခဲ့ပါ တယ်။ နှစ်အနည်းငယ်ကြာတဲ့အခါမှာ သေဒဏ်ကျခံခဲ့ရတဲ့ တရားခံ နှစ်ယောက်က. . သူတို့ဟာ အဲဒီညက တောထဲမှာ ဂျွန်နီကိုသတ်ပြီး

www.burmeseclassic.com



ပစ္စည်းတွေကိုလုယူဖို့ ဆုံးဖြတ်ခဲ့ကြပေမဲ့ ဘေးနားက ခွေးနက်ကြီးတစ်ကောင်ပါလာတဲ့အတွက် သူတို့အကြံ အထမမြောက်ခဲ့ဖူးလို့ ထွက်ဆိုခဲ့ပါတယ်။

ခွေးနက်ကြီးတွေဟာ လမ်းအိုလမ်းကြားတွေ၊ မီးရထားလမ်းတွေ၊ လမ်းဆုံတွေ၊ ခရစ်ယာန် ဘုရားကျောင်းအိုကြီးတွေနဲ့ ရှေးဟောင်းနေရာတွေမှာ မကြာခဏခြောက်လေ့ရှိပါတယ်။

ဒီလိုနေရာတွေ အများစုနဲ့ပတ်သက်ပြီး ဒေသခံလူတွေဟာ အယူသီးတာတွေ၊ ကြောက်ရွံ့တာတွေရှိကြပါတယ်။ ခွေးနက်ကြီးတွေခြောက်တယ်ဆိုတာကလည်း ရှေးဟောင်းနေရာတွေကို ကိုယ်စားပြုတယ်လို့ ဆိုကြပါတယ်။

ဒီလိုနေရာမျိုးတွေကိုသွားရင် ခေါင်းနားပန်းကြီးသွားတတ်တယ်လို့ ဆိုကြပါတယ်။ မြေမျက်နှာပြင်အနေအထားကလည်း လူ့စိတ်

ခွေးသရဲနက်ကြီးများ



အပေါ် သက်ရောက်မှုရှိတယ်လို့ သုတေသီတွေက စမ်းသပ်မှုအတော်များများ ပြုလုပ်အပြီးမှာ ကောက်ချက်ချခဲ့ပါတယ်။

ဒီလိုနေရာမျိုးတွေကို ရှေးရှေးလူတွေက စတင်အသိအမှတ်ပြုခဲ့တာပါ။ ဒါကြောင့်လည်း အကာအကွယ်ပေးဖို့လိုတဲ့ နေရာမျိုးတွေမှာ ခွေးနက်ကြီးတွေ ပေါ်လာတတ်တာပါ။ ဒီသီအိုရီဟာ အခြားရှင်းမပြနိုင်တဲ့ ဖြစ်ရပ်အချို့နဲ့လည်း သက်ဆိုင်နေပါတယ်။

လမ်းဆုံလမ်းခွတွေမှာ ထားရှိလေ့ရှိတဲ့ ကြိုးပေးတဲ့နေရာတွေမှာလည်း ခွေးနက်ကြီးတွေ ခြောက်လှန့်တတ်ပါတယ်။ ခွေးနက်ဟာ ကြိုးပေးခံရတော့မဲ့ ရာဇဝတ်သားရဲ့ နာနာဘာဝပုံအဖြစ် ပေါ်လာတတ်ပါတယ်။ ဟာ့ဖို့ဒ်ရှိုင်းယားပြည်နယ်၊ ထရင်းမြို့က ကြိုးတိုက်တွေမှာ ခွေးနက်ကြီးတွေ ခြောက်တယ်လို့ ဆိုကြပါတယ်။



ခွေးသရဲနက်ကြီးများ

www.burmeseclassic.com

www.burmeseclassic.com



(၁၇၅၁)ခုနှစ်က ထရင်းမြို့မှာ အဘွားအိုတစ်ယောက်ဟာ
စုန်းအတတ်နဲ့ပြုစားခံရလို့ ရေနစ်သေဆုံးသွားခဲ့ရပါတယ်။ သေဆုံး
ရမှုမှာ မီးခိုးခေါင်းတိုင် သန့်ရှင်းရေးသမားတစ်ယောက်ဟာ တစ်စိုင်
တစ်ဒေသ ပါဝင်ပတ်သက်ခဲ့တာကြောင့် အခင်းဖြစ်ပွားရာနေရာအနီး
မှာ ကြိုးပေးခံခဲ့ရပါတယ်။ အဲဒီနေရာကို ခွေးနက်ကြီးတစ်ကောင်
လာခြောက်တာကို ရွာကျောင်းရဲ့ ကျောင်းအုပ်က မြင်တွေ့ခဲ့ပါတယ်။

အဲဒီခွေးနက်ကြီးဟာ အလွန်တရာကြီးမားလှပြီး အမွေးရှည်
ကြီးတွေရှိတယ်၊ နှာရွက်နဲ့အမြီးက ရှည်ပြီး မျက်လုံးတွေက မီးဝင်းဝင်း
တောက်နေတယ်၊ အစွယ်တွေအရှည်ကြီးရှိတယ်လို့ သူက ပြန်ပြော
ပြောပြပါတယ်။ မီးတောက်ကြီးတစ်ခု အရင်ပေါ်လာပြီးမှ. . ခွေး
ပုံသဏ္ဌာန်ကို ပြောင်းသွားတာလို့ သူကဆိုပါတယ်။

အထူးသဖြင့် စကော့တလန်မှာဆိုရင် ခွေးနက်ကြီးတွေဟာ
ဥစ္စာစောင့်တွေအဖြစ်လည်း မြင်တွေ့ရပါတယ်။ ခွေးနက်တစ်ကောင်
ဟာဆိုရင် ပါ့သ်ရှိုင်းယားပြည်နယ်၊ မာ့သ်လေမြို့အနီးက ကျောက်
တုံးကြီးတစ်တုံးအောက်မှာမြုပ်ထားတဲ့ ရတနာသိုက်ကြီးကို စောင့်နေ





တယ်လို့ အဆိုရှိပါတယ်။ ခွေးနက်ကြီးတွေဟာ ရှေးဟောင်းနေရာ
တွေမှာ ဥစ္စာစောင့်တွေအဖြစ် ရှိနေနိုင်တယ်လို့ ယူဆရမှာပါ။

အချုပ်ပြောရရင်တော့ ခွေးနက်ကြီးတွေနဲ့ ပတ်သက်တဲ့
အဖြစ်အပျက်တွေဟာ ရှေးဟောင်းပုံပြင်တွေ၊ မြင်ဖူးတဲ့အတွေ့အကြုံ
တွေ၊ ဒေသခံတွေရဲ့အယူသီးမှုတွေ. . . စတာတွေနဲ့ ရောပြွမ်းလို့သာ
နေပါတော့တယ်။

ခေတ်သစ်မှာမြင်ရတဲ့ ခွေးနက်ကြီးတွေနဲ့ပတ်သက်တဲ့ အဆို
တွေလည်း အမြောက်အမြားရှိသလို ခေတ်သစ်ပုံပြင်တွေထဲမှာလည်း
နေရာယူလာပါပြီ။ ခွေးနက်ကြီးတွေနဲ့ပတ်သက်တဲ့ ရှေးပုံပြင်တွေအ
များအပြားထဲ ဆန်းကြယ်တဲ့အဖြစ်အပျက်တွေကို အနာဂတ်မှာ ပိုမို
သိလာနိုင်မယ်လို့ မျှော်လင့်ရပါတော့တယ်။

# Phantom Black Dogs






www.burmeseclassic.com

www.burmeseclassic.com




လူသားသမိုင်းတစ်ထောက်မှာ ရာစုနှစ်ပေါင်း အတော် အောင် လူတွေမေ့ထားခဲ့တဲ့၊ သဲတွေ ဒါမှမဟုတ် ဆီးနှင်းတွေ ဖုံး ခဲ့တဲ့ သမိုင်းဝင်တဲ့ ထူးဆန်းတွေလာဖြစ်ရပ်အချို့ ရှိပါတယ်။ နေရာတွေဟာ လူသားတွေနေထိုင်ရာ အရပ်တွေနဲ့ အလွန်ဝေး လှပြီး ရောက်ဖို့ဆိုတာကလည်း အန္တရာယ်ပြွမ်းတဲ့ခရီးကိုနှင်မှ ဖြ



တဲ့အချက်တွေကြောင့်လည်း ပါပါတယ်။ ဘာပဲဖြစ်ဖြစ် ဆန်းကြယ် တွေနဲ့ ပြည့်လျှမ်းနေပြီး လူသူမနီးလှတဲ့ ကမ္ဘာအရပ်ရပ်မှာရှိတဲ့ ဒီလို ာတွေဟာ သူတို့ရဲ့ဆန်းပြားမှုတွေကို ထိန်းသိမ်းလာခဲ့ကြတာ ရှေး သဏ္ဌာကတည်းကပါ။

သမိုင်းတွင်ကျန်ရစ်မဲ့ ဒီလိုအံ့ဩကုန်နိုင်ဖွယ်နေရာတွေကို



www.burmeseclassic.com

www.burmeseclassic.com



မတော်တဆ တွေ့ရှိခဲ့ကြလို့ ထာဝရ လူမသိသူမသိဖြစ်နေခဲ့ရာကနေ ယနေ့အချိန်မှာတော့ ကျွန်ုပ်တို့ လေ့လာခွင့်ရရှိလာပါပြီ။

ဒီလိုနေရာတွေထဲက တစ်ခုကတော့ အိန္ဒိယနိုင်ငံ၊ ဥတ္တရခန်းပြည်နယ်က ဟိမဝန္တာတောင်တန်းရဲ့ ထိပ်နားမှာရှိတဲ့ 'ရှုံပ်ခန်းဒ်'ဆိုတဲ့ ရေခဲနေတဲ့ ကန်ငယ်လေးတစ်ကန် ဖြစ်ပါတယ်။ ဒီရေကန်က လူသူအရောက်အပေါက်မရှိတဲ့ ရေခဲမြစ်တွေ၊ ကျောက်ဆောင်ချောက်ကမ်းပါးတွေနဲ့ အမြင့် (၅၂၀၉)မီတာ၊ (၁၆၄၉၉)ပေရှိပြီး ဆီးနှင်းတွေ ဖုံးလွှမ်းနေတဲ့ တောင်တွေပေါ်များတဲ့နေရာမှာ တည်ရှိပါတယ်။

လူသူမရောက်နိုင်တာ၊ ကျတ်တီးမြေဖြစ်နေတာနဲ့ လေလမ်းပေါ်ကျနေတာတွေအပြင် ရုတ်တရက် ကြည့်လိုက်ရင် ဒီရေကန်ဟာ ထူးဆန်းတယ်လို့ မထင်ရပါဘူး။ ရေကန်က (၂)မီတာ၊ (၆)ပေခွဲလောက်ပဲနက်ပြီး တစ်နှစ်ပတ်လုံးနီးပါး ရေခဲနေတတ်ပါတယ်။



ရေများအေးခဲနေသည့်
ရှုံပ်ခန်းဒ်ရေကန်





ခြေလျင်တောင်တက်ပြီးသွားရင်တောင် ရောက်နိုင်ပေမဲ့. . ဒီရေကန်ရှိနေတယ်ဆိုတာ လူတွေမသိသလောက်ပါပဲ။ တစ်နှစ်မှာ တစ်လလောက် ဆီးနှင်းတွေ၊ ရေခဲတွေ အရည်ပျော်ကုန်ပြီဆိုရင်. . အရိုးစုရေကန်လို့ခေါ်တဲ့ ဒီရေကန်ဟာ ရုပ်လုံးပေါ်လာပါပြီ။

ဒီလိုအချိန်တွေမှာ ရေကန်ထဲကိုငုံ့ကြည့်လိုက်ရင် ရာပေါင်းများစွာသော အရိုးစုတွေကို ပကတိကြည်လင်လှတဲ့ ရေအောက်မှာ အတိုင်းသား တွေ့နိုင်ပါတယ်။



ရေခဲများပျော်သွားသည့်အချိန် လာရောက်လေ့လာသူများပုံ

သက်တမ်း နှစ်(၁၂၀၀)ကျော်ရှိပြီး ထိန်းသိမ်းစောင့်ရှောက်ရှိတဲ့ ဒီရှေးဟောင်းအရိုးစုတွေဟာ ကန်ရဲ့ကြမ်းပြင်မှာ ပြန့်ကျဲလို့ပါတယ်။ ရင်သပ်ရှုမောဖွယ်ကောင်းအောင် လှပတဲ့တောင်ထွတ်



www.burmeseclassic.com

www.burmeseclassic.com



တွေအကြားမှာရှိတဲ့ တကယ့်ကိုသရဲအခြောက်ကြမ်းတဲ့ ဒီနေရာလေးဟာ အလွန်တရာအေးမြတဲ့ ရေကန်သချိုင်းလေးဖြစ်သလို လဟာပြင်ထဲက အမေ့ခံသချိုင်းလေးလည်း ဖြစ်ပါတယ်။

(၁၉)ရာစုအစပိုင်းကစတင်ပြီး ကောလာဟလတွေ ထွက်လာခဲ့ပေမဲ့ တရားဝင်မှတ်တမ်းတွေအရတော့ (၁၉၄၂)ခုနှစ်က ဗြိတိန်နိုင်ငံသားတစ်ယောက် သုတေသနလုပ်ရင်း ဒီသချိုင်းကို အမှတ်မထင်တွေ့ရှိခဲ့တာပါ။ အဲဒီနောက် လူတွေက အမျိုးမျိုးထင်ကြေးပေးခဲ့ကြပါတယ်။ ဒီလောက်အေးပြီး လူသူမနီးတဲ့ရေကန်ထဲမှာ ထူးဆန်းတဲ့အရိုးတွေ ဘယ်လိုလုပ်ပြီးရောက်နေတာလဲ၊ သူတို့က ဘယ်သူတွေလဲ. . . စသည်ဖြင့် သိချင်လာခဲ့ကြပါတယ်။

ပထမဆုံးသော အယူအဆကတော့ ဒုတိယကမ္ဘာစစ်တုန်းက ပျောက်ဆုံးသွားတဲ့ ဂျပန်စစ်သားတွေရဲ့အရိုးတွေ ဖြစ်နိုင်တယ်။ သူတို့ဟာ တောင်တန်းကိုဖြတ်ကျော်သွားတုန်း ကြမ်းတမ်းလှတဲ့ ရာသီဥတုကြောင့် သေသွားတာဖြစ်နိုင်တယ်လို့ ဆိုပါတယ်။

ဒီအရိုးတွေဟာ နှစ်ရာပေါင်းများစွာကြာပြီဖြစ်လို့ ဂျပန်စစ်သားတွေ မဖြစ်နိုင်ဘူး၊ အရိုးတွေဟာ ရေခဲတမျှအေးမြလှတဲ့ရာသီဥတုကြောင့် မပျက်စီးခဲ့တာဖြစ်တယ်ဆိုပြီး ဗြိတိန်အစိုးရက ဒီယူဆချက်ကို ပယ်ချခဲ့ပါတယ်။ အဲဒီနောက် ဒီအရိုးတွေဟာ နှစ်ပေါင်းဘယ်လောက်အထိ ကြာခဲ့ပြီဆိုတာကို တိတိကျကျ မသိနိုင်ခဲ့ပြန်ဘူး။

နောက်အယူအဆတစ်ခုကတော့ ဒီအရိုးတွေဟာ ပျောက်ဆုံးသွားခဲ့တဲ့ ကက်ရှ်မီးယားစစ်ဘုရင် ဇိုရဝါဆင်းမ်နဲ့ သူ့တပ်သားတွေဖြစ်နိုင်တယ်၊ သူတို့ဟာ တိဗက်ကနေအပြန်မှာ လမ်းမှားပြီး ထူးထူးဆန်းဆန်း ပျောက်ကွယ်သွားတာဖြစ်တယ် စသည်ဖြင့် ဖြစ်ပါတယ်

အခြားအယူအဆတွေကတော့ ဒီအရိုးတွေဟာ ဘာသာ





ရ အုပ်စုလိုက် ကိုယ့်ကိုယ်ကိုသတ်သေကြတဲ့ ဘာသာရေးအစွန်းရောက် အုပ်စုတွေဖြစ်မယ်၊ သူတို့ဟာ စစ်ရှုံးလို့ ဒါမှမဟုတ်ရင် မြေပြိုင်းပြို ဒါမှမဟုတ် ရောဂါဖြစ်လို့ သေသွားခဲ့ကြတဲ့ ခရီးသွားတွေဖြစ်မယ် စသည်ဖြင့်ဆိုပါတယ်။

ဒီအရိုးစုရေကန်ဟာ သိပ္ပံပညာရှင်တွေကို ခေါင်းခြောက်စေခဲ့တယ်။ ဒီလို လူသူမရောက်မပေါက်တဲ့ ရေခဲကန်ထဲကို ဒီလောက်တဲ့ အရိုးစုတွေ ဘယ်လိုလုပ်ပြီး ရောက်နေတယ်ဆိုတာကို ဘယ် တိတိကျကျ မပြောနိုင်ခဲ့ပါဘူး။ ဒီရေကန်ကို နှစ်ပေါင်းများစွာအောင် သုတေသနလုပ်ငန်းတွေ လုပ်ခဲ့ပါတယ်။

အဲဒီအထဲက တစ်ခုကတော့ အိန္ဒိယနိုင်ငံက (၁၉၅၀)ပြည့်နှစ်တွေမှာ မနုဿသုတေသနအစီအစဉ်ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ နွန်းတွေသာ ထပ်ထပ်များလာပေမဲ့. . အဖြေကတော့ မရှိသ

www.burmeseclassic.com

www.burmeseclassic.com



လောက်ဖြစ်ပါတယ်။

(၂၀၀၄)ခုနှစ်မှာတော့ အမျိုးသားမြေပြင်လေ့လာရေးအဖွဲ့က စူးစမ်းလေ့လာရေးခရီးစဉ်ကြီးတစ်ခု စီစဉ်ခဲ့ပါတယ်။ ရည်ရွယ်ချက်ကတော့ အရိုးစုတွေကို ဒီအင်န်အေစစ်ဆေးပြီး အဖြေထုတ်ဖို့ပါ။

အရိုးစုတွေဟာ စုစုပေါင်း အစုံ(၃၀၀)ဝန်းကျင်ရှိကြောင်း၊ အေဒီ(၈၅၀)ခန့်လောက်က သေဆုံးခဲ့ကြတာဖြစ်နိုင်ကြောင်း၊ သူတို့ဟာ လူမျိုးစုတစ်စုတည်းကဖြစ်ပြီး တစ်ချိန်တည်းမှာ သေဆုံးခဲ့တာဖြစ်ကြောင်း၊ သေပြီးတဲ့နောက် ရေခဲထဲမှာရှိနေတဲ့အတွက် နှစ်ပေါင်း (၁၂၀၀)ခန့်လောက်အထိ ဆိုးဆိုးရွားရွားမပျက်စီးဘဲ ကြွင်းကျန်နေ




ရေကန်ထဲမှဆယ်ယူထားသော အရိုးများနှင့်ဖိနပ်များ





ခြင်းဖြစ်ကြောင်း မှတ်ချက်ချခဲ့ပါတယ်။

အချို့ဆိုရင် အကောင်းပကတိနီးပါး ရှိနေသေးတာကို အံ့သြဖွယ်တွေ့ရပါတယ်။ သူတို့ရဲ့ ဆံပင်တွေ၊ အသားတွေ၊ လက်ဝတ်ရတနာတွေနဲ့ သားရေတုအဝတ်အစားတွေဟာ အကောင်းအတိုင်းရှိနေပါသေးတယ်။



နှစ်ပေါင်း(၁၂၀၀)ခန့်ကြာပြီဖြစ်သော်လည်း ခြေထောက်မှအသားများ ကျန်ရှိနေသေးပုံ

ဒါ့အပြင် ဒီအင်န်အေစစ်ဆေးချက်အရ လူအုပ်စုနှစ်စုဖြစ်ကြောင်း၊ အရပ်ရှည်သောအုပ်စုသည် ခရီးသွားများဖြစ်ပြီး၊ အရပ်ပုသောအုပ်စုသည် အထမ်းသမားများ ဒါမှမဟုတ် လမ်းပြများဖြစ်နိုင်ကြောင်း၊ သူတို့၏ပစ္စည်းများနှင့် ရှေးဟောင်းပစ္စည်းများကို စစ်ဆေးမှုအရ အားလုံးသည် ဘုရားဖူးခရီးသည်များဖြစ်ကြောင်း စသည်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကောက်ချက်ချခဲ့ပါတယ်။

ပြီးတော့ ဦးခေါင်းခွံတွေကို စစ်ဆေးကြည့်တော့. . အားလုံး ခေါင်းမှာ ဒဏ်ရာရှိပြီး သေဆုံးခဲ့တာဖြစ်လို့ သူတို့ဟာ အကြမ်းဖက် သတ်ဖြတ်ခံခဲ့ရတာလို့ ဆိုနိုင်ပါတယ်။ နောက်တော့ ဦးခေါင်းခွံတွေကို မှုခင်းဆေးပညာအရ အသေးစိတ်ထပ်မံစစ်ဆေးတော့ လေးလံပြီး လုံးဝန်းတဲ့အရာဝတ္ထုနဲ့ ထုသတ်ခံခဲ့ရတာဖြစ်တယ်လို့ ဖော်ထုတ်နိုင်ခဲ့ ပါတယ်။

ပြီးတော့ ဒဏ်ရာတွေအားလုံးကလည်း ဦးခေါင်းနဲ့ ပခုံးတွေမှာသာ ရှိနေတာကလည်း တစ်မျိုးဆန်းနေပြန်ပါတယ်။

ယခင်ယူဆချက်တွေအရတော့ မြေပြိုလို့ ဒါမှမဟုတ် လက်နက်ကြောင့်လို့ သုံးသပ်ခဲ့ပေမဲ့ အားလုံးကို ခြုံငုံသုံးသပ်လိုက်တော့မှ သူတို့ဟာ မိုးသီးမုန်တိုင်းအတွင်းမှာ ဧရာမမိုးသီးကြီးတွေ ထိမှန်ခံရပြီး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း မှတ်ချက်ချခဲ့ပါတယ်။

ဒဏ်ရာတွေအရ မိုးသီးကြီးတွေဟာလည်း အချင်း(၉)လက်မ လောက်အထိရှိနိုင်ကြောင်း ပညာရှင်တွေက ခန့်မှန်းပါတယ်။ အချို့က အေဒကတက်ခဲ့ပေမဲ့ ပညာရှင်တွေက ဒါဟာတစ်ခုတည်းသော ဖြစ်နိုင်သည့်အကြောင်းရင်းဖြစ်ကြောင်း အခိုင်အမာပြောကြားခဲ့ပါတယ်။


မကြာမီနှစ်များအတွင်းမှာတော့ ဒီအရိုးစုရေခဲကန်ဟာ တောင်တက်သမားတွေ အကြိုက်များလာတဲ့ (၅)ရက်ကြာ တောင်တက်ခရီးစဉ်ရဲ့အဆုံး ဖြစ်လာခဲ့ပါတယ်။ သူတို့ဟာ ထူးဆန်းတဲ့အရိုးစုတွေနဲ့ သေခြင်းအနိဋ္ဌာရုံတွေကို စိတ်လှုပ်ရှားစွာ ကြည့်ကြပါတယ်။ ဒါပေမဲ့ တောင်တက်သူတွေ များလာတာနဲ့အမျှ စပ်စုတဲ့သူတွေက ဒီအရိုးစုတွေကို အပြန်မှာယူသွားကြလို့ ပျောက်တာရှတာတွေ ဖြစ်လာပြီး ရေကန်ရဲ့ဂုဏ်သတင်းဟာလည်း ကျဆင်းလာခဲ့ရပါတယ်။





နေရာကလည်း သွားဖို့လာဖို့ အရမ်းခက်ခဲတာကြောင့် အာဏာပိုင်တွေကလည်း ရေကန်ကိုကာကွယ်စောင့်ရှောက်ဖို့ အခက်အခဲရှိနေပါတယ်။ လက်ရှိနှုန်းအတိုင်းသာ ဆက်ယူနေမယ်ဆိုရင် အရိုးစုတွေဟာ မကြာခင်မှာပဲ ကုန်သွားတော့မှာပါ။

ဒါဆိုရင်. . နှစ်ထောင်ပေါင်းများစွာကတည်းက တည်ရှိခဲ့တဲ့ ဒီအရိုးစုရေအိုင်လေးရဲ့ ဂုဏ်သတင်းဟာ ထာဝရပျောက်ကွယ် သွားရတော့မှာဖြစ်ပါတယ်။



**The Mysterious Skeleton Lake of the Himalayas**



www.burmeseclassic.com

www.burmeseclassic.com



# ဆန်းကြယ်သောသေဆုံးမှုများ သို့မဟုတ် သဘာဝလွန်ဖြစ်ရပ်များ

## Deaths So Mysterious They May Be Paranormal

သေခြင်းတရားဟာ လူသားအစကတည်းက အလွန်ဆန်းကြယ်လွန်းလှတဲ့ သဘာဝလွန်ဖြစ်ရပ်တွေနဲ့ ဆက်နွှယ်နေတတ်ပါတယ်။ သေခြင်းတရားအပေါ် သက်ရောက်နေတဲ့ အဲဒီသဘာဝလွန်ဖြစ်စဉ်တွေကို အကြောင်းပြုပြီး ကျွန်ုပ်တို့သေဆုံးသွားရင် ဘာတွေဆက်ဖြစ်နေဦးမလဲ ဆိုတာနဲ့ပတ်သက်ပြီး လူတွေက ထင်ကြေးတွေ အမျိုးမျိုး ပေးလေ့ရှိကြပါတယ်။ ဒါပေမဲ့. . တစ်ခါတလေမှာတော့ လူသားတွေဟာ သူတို့တွေကိုယ်တိုင် ဉာဏ်မမီနိုင်လောက်အောင် ဆန်းကြယ်လှတဲ့ သေခြင်းမျိုးတွေနဲ့ ထူးထူးဆန်းဆန်း သေဆုံးလေ့ရှိတတ်ကြပြန်ပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



## ရွှေဆင့်နောက်ဆင့်မွေးတဲ့ အမြွှာညီအစ်ကို၊ ရွှေဆင့်နောက်ဆင့် သေဆုံး



ချွတ်စွပ်အမြွှာတွေဟာ မျိုးရိုးဗီဇအတူတူဖြစ်လို့ တစ်ယောက်နဲ့တစ်ယောက် ဆန်းကြယ်တဲ့ဆက်နွယ်မှု ရှိတယ်လို့ ဆိုကြပါတယ်။ ချွတ်စွပ်အမြွှာတွေ မွေးခါစကတည်းက ကွဲသွားကြပြီး နောင်တစ်ချိန်မှာ ပြန်လည်ဆုံတွေ့တဲ့အခါ သူတို့ဟာ မနက်မိုးလင်းလာရင်လုပ်တဲ့ ကိစ္စဝိစ္စတွေဖြစ်တဲ့ ကိုယ်လက်သန့်စင်ပုံတွေ၊ ကော်ဖီသောက်ပုံတွေ တူညီနေတတ်ပါတယ်။

ယုတ်စွအဆုံး ဗလွတ်ရွတ်တောက် ပြောတတ်တာတွေ အစ တူနေတယ်ဆိုတဲ့ အဖြစ်အပျက်တွေဟာ ရေတွက်လို့တောင်မ





ပါဘူး။ ဥပမာပြောရရင် မွေးတုန်းက ကွဲသွားကြတဲ့ ချွတ်စွပ်အမြွှာနှစ်ယောက်ဟာ ဓာတ်လှေကားစီးပြီဆိုရင် အခြားသူတွေလန့်ဖျပ်သွားအောင် ဟန်ဆောင်ပြီး ချောင်းအကျယ်ကြီး ဆိုးတတ်တဲ့ အကျင့်ဆိုးရှိတာ သွားတူနေတာကို တွေ့ရပါသတဲ့။

ဘယ်အမြွှာတွေဘယ်လောက်အကျင့်တူတူ ဖင်လန်နိုင်ငံက ချွတ်စွပ် အမြွှာနှစ်ယောက် အကျင့်တွေတူပုံကတော့ တခြားအမြွှာတွေထက် ပိုထူးပါတယ်။

အဲဒါက (၂၀၀၂)ခုနှစ်က ဘီဘီစီအသံလွှင့်ဌာနက တင်ဆက်ခဲ့တဲ့ ဇာတ်လမ်းလေးတစ်ပုဒ်ပါ။ ချွတ်စွပ်အမြွှာနှစ်ယောက်ဟာ ကွဲသွားလိုက်ကြတာ နှစ်ပေါင်း(၇၀)တောင် ကြာခဲ့ပါသတဲ့။ သေတော့လည်း ရွှေဆင့်နောက်ဆင့် သေသွားခဲ့ကြပါတယ်။

ယာဉ်တိုက်မှုတစ်ခုစီ အတွင်းမှာ သေသွားကြတာပါ။ အဲဒီယာဉ်တိုက်မှုနှစ်မှုကလည်း တိုင်ဆိုင်စွာပင် နာရီအနည်းသာခြားပြီး တစ်လမ်းတည်းမှာ ဖြစ်ခဲ့တာပါတဲ့။

ဒါတင်ပဲလားဆိုတော့ . . . မဟုတ်ပါဘူး။ သေဆုံးပုံခြင်းကလည်း တူနေပြန်ပါတယ်။ နှစ်ယောက်စလုံး စက်ဘီးစီးရင်း ကုန်တင်ကား အတိုက်ခံခဲ့ရတာပါ။

ယာဉ်ထိန်းရဲတွေကလည်း သူတို့နှစ်ယောက်ဟာ အမြွှာတွေဆိုတာ မသိကြလို့ နောက်မှသေတဲ့အစ်ကိုက သူ့ညီသေသွားခဲ့ပြီးပြီဆိုတာကို မသိလိုက်ပါဘူး။ ရဲတွေကတော့ အဲဒီကားလမ်းက အရမ်းရှုပ်လို့ ယာဉ်တိုက်မှုတွေ မကြာမကြာဖြစ်တတ်တယ်လို့ အစီရင်ခံစာထဲမှာ ထည့်ရေးခဲ့ပါတယ်။ ဒီအမြွှာညီအစ်ကိုတွေကတော့ ဗီဇအရလည်းဆက်စပ်မှုရှိပြီး သူတို့သေဆုံးတဲ့အကြားမှာလည်း ပြောမပြနိုင်တဲ့ ဆက်စပ်မှုရှိနေပါလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



## ခန္ဓာကိုယ်က အလိုအလျောက် မီးထလောင်ခြင်း



ခန္ဓာကိုယ်က အလိုအလျောက် မီးထလောင်တယ်ဆိုတဲ့ အဖြစ်အပျက်က (၁၉၉၀)ပြည့်လွန်နှစ်တွေမှာ ဟိုးလေးတကြော်ကြော် ဖြစ်ခဲ့ပါတယ်။ လူတွေဆီမှာ သိမ်းထားတဲ့ သဘာဝလွန်အဖြစ်အပျက်





မှတ်တမ်းတင်စီးရီး၊ မဂ္ဂဇင်း ဒါမှမဟုတ် စာအုပ်တွေမရှိနိုင်သလို ဒီလို အဖြစ်အပျက်တွေကို စိတ်လိုက်မတ်တပ် လေ့လာနေသူရယ်လို့ မရှိပါဘူး။

တကယ်တော့ ဒီလိုအဖြစ်အပျက်တွေဟာ ဘာမျှအသုံးမဝင်လို့ အများစုကတော့ ကြားရတာငြီးငွေ့သည်ထက် ငြီးငွေ့လာပါတယ်။ ဆိုလိုတာကတော့ ရယ်စရာပုံပြင်အဆင့်လောက်ပဲ ရှိပါတယ်။ လူ့ခန္ဓာကိုယ်တစ်ခုလုံးဟာ အလိုအလျောက်တော့ မီးထလောင်မှာ မဟုတ်ပါဘူးလို့ အများစုက သတ်မှတ်ကြမှာ ဟုတ်တယ်မလား။

တကယ်တော့ ခန္ဓာကိုယ်က အလိုအလျောက် မီးထလောင်တယ်ဆိုတဲ့အဖြစ်အပျက်တွေ အများကြီး ရှိခဲ့ဖူးပါတယ်။ အဲဒီလို သေဆုံးမှုတွေကို စုံစမ်းစစ်ဆေးတဲ့သူတွေကတော့ ဖြစ်နိုင်ဖွယ်ရှိတဲ့ အချက်အလက်တွေနဲ့ အလေးအနက် ရှင်းပြခဲ့ကြပါတယ်။

မျက်မြင်အထောက်အထားတွေအရ စာတွေ့သဘောတရားတွေနဲ့ တူနေတာမို့ စုံစမ်းစစ်ဆေးသူတွေက အလေးအနက်ထားခဲ့ကြတာပါ။

ရောဘာတ်ဖရန်စစ်ဘေလီ၊ ဂျွန်အိုင်ဗင်ဘန်တလေ၊ ဂျော့အိုင်ဆော့တ်၊ မေရီရီဆာနဲ့ ဟင်နရီသောမတ်တို့ဟာ ခန္ဓာကိုယ်က အလိုအလျောက် မီးထလောင်ပြီး သေသွားသူတွေထဲက အနည်းငယ်သာဖြစ်ပြီး သူတို့သေဆုံးခဲ့ရတာကို သံသယရှိခဲ့ပါတယ်။

ဒီလိုအဖြစ်အပျက် အများစုကိုတော့ ပရိဘောဂတွေကြောင့်ဖြစ်ရတာပါလို့ ဆင်ခြေပေးကြပါတယ်။ ခန္ဓာကိုယ်က မီးစွဲပြီဆိုတာနဲ့ လောင်စာတွေ(အသား၊ အဆီနဲ့ ကြွက်သားတွေ) မကုန်မချင်း လောင်နေပြီး၊ လောင်စာလည်းကုန်ရော သူ့ဘာသာသူ မီးငြိမ်းသွားပါတယ်။

ဥပမာ. ဟင်နရီသောမတ်ဟာ ဆိုဖာပေါ်မှာ သက်သောင့်




www.burmeseclassic.com

www.burmeseclassic.com



သက်သာနဲ့ထိုင်ပြီး တီဗွီကြည့်နေတုန်း သူ့ခန္ဓာကိုယ်က မီးလောင်ပြီး သေသွားခဲ့တာပါ။ သူ့ရဲ့ဦးခေါင်းခွံနဲ့ဖိနပ်ပဲ ကျန်ခဲ့ပါတယ်။ အချို့ကတော့ အနီးနားက မီးလင်းဖို့အပူရှိန်ကြောင့် ဆိုဖာမီးစွဲသွားလို့ မီးလောင်ပြီးသေသွားတာပါလို့ စောဒကတက်ကြပြန်ပါတယ်။



ဟင်နရီသောမတ်ဆိုဖာပေါ်မီးလောင်သွားပုံ





သောမတ်ရဲ့ အိမ်တစ်လုံးလုံး မီးမခဘဲ အကောင်းပကတိအတိုင်းကျန်ခဲ့ပြီး၊ မီးက တဖြည်းဖြည်းစွဲလောင်နေတုန်းမှာ ထိုင်နေရာတနေ့ ထမပြေးဘဲ ရှိနေခဲ့တယ်ဆိုတာက တစ်ခုတည်းသော ပြဿနာပါ။

ခန္ဓာကိုယ်က အလိုအလျောက် မီးထလောင်ခံရပေမဲ့ အသက်ရှင်ကျန်ရစ်သူတွေလည်း ရှိပါတယ်။ အထင်ရှားဆုံးအဖြစ်အပျက်ကတော့ အင်္ဂလန်နိုင်ငံ၊ ချက်ရှိုင်းယားမှာ ဖြစ်ခဲ့တာပါ။

ဆူဆန်မော့ထ်ရှေးဟာ မီးဖိုချောင်ထဲမှာ မတ်တပ်ရပ်နေတုန်း ရုတ်တရက် မီးစွဲလောင်ခဲ့ပါတယ်။ မီးက ခဏလေးလောင်ကျွမ်းပြီး ခဏလေးအတွင်းမှာပဲ ပြန်ငြိမ်းသွားခဲ့လို့ အသေးစားဒဏ်ရာတွေလောက်ပဲ ရခဲ့ပါတယ်။



အနီးအနားတွင်လောင်ကျွမ်းစရာဘာမှမရှိဘဲအလိုအလျောက်မီးလောင်သွားသော ခြေထောက်သာကျန်သည့် အမျိုးသမီးတစ်ဦးပုံ




www.burmeseclassic.com

www.burmeseclassic.com



# တမန်ရှက်ဒ်အမှု



တမန်ရှက်ဒ်အမှုကတော့ ထူးထူးဆန်းဆန်းပြုလုပ်ထားတဲ့ သေတ္တာထဲမှာ ထည့်ထားတဲ့ ထူးဆန်းတဲ့အရာကို ထူးဆန်းတဲ့အိမ်တို ဘတိုက်ကနေတစ်ဆင့် ပို့ခဲ့တဲ့အမှုပါ။ ဒီအမှုဟာ ထူးဆန်းလွန်းလို့ ရှားလော့ခ်ဟုမ်းစ်၊ နန်စီဒရူး၊ သည်ဟာဒီဘွိုင်းစ်နဲ့ နီကိုလပ်စ်ကော့ရှ်



စတဲ့ စုံထောက်အကျော်အမော်တွေရဲ့ အရည်အချင်းတွေပေါင်းပြီး လိုက်တာတောင်မှ မပေါ်ခဲ့ပါဘူး။

(၁၉၄၈)ခုနှစ်၊ ဒီဇင်ဘာလ (၁)ရက်နေ့မှာ သြစတြေးလျနိုင်ငံ၊ အဒီလိတ်ဒ်မြို့၊ ဆမ်မာတန်ကမ်းခြေမှာ အမည်မသိလူတစ်ယောက်ရဲ့ အလောင်းကို တွေ့ရှိခဲ့ပါတယ်။ သူဟာ ကိုယ်ခန္ဓာကြံ့ခိုင်တောင့်တင်းပြီး အဝတ်အစားအသစ်ကျပ်ချွတ်တွေ ဝတ်ဆင်ထားပါတယ်။ သူ့ရဲ့ အဝတ်အစားတွေက တံဆိပ်တွေကိုတော့ ဖြုတ်ထားပါတယ်။

သူ့အိတ်ထဲကနေ ရထားလက်မှတ်တစ်စောင်ကို ရခဲ့ပါတယ်။ သူဟာ ရထားလွတ်သွားခဲ့ပုံ ရပါတယ်။ သူ့မှာ ဘာအထောက်အထား စာရွက်စာတမ်းမှ မပါပါဘူး။ သူ့ရဲ့သွားဆေးကုသမှုမှတ်တမ်းတွေကလည်း ဘယ်သူနဲ့မှ မကိုက်ပါဘူး။ ရင်ခွဲကြည့်တော့ သူမသေခင် သုံးလေးနာရီလောက်က စားထားတဲ့ အဆာသွတ်မုန့်ပဲ တွေ့ပါတယ်။ ဓာတ်ခွဲစမ်းသပ်ကြည့်တော့လည်း မသင်္ကာစရာ ဘာမှမတွေ့ပါဘူး။ ဒါဆိုရင် သူဟာအဆိပ်မိခဲ့တယ်ဆိုတာကို စုံစမ်းစစ်ဆေးတဲ့သူတွေ သဘောပေါက်လိုက်ပါတယ်။

နောက်တစ်လအကြာမှာတော့ ရဲတွေဟာ အညိုရောင် ခရီးဆောင်လက်ဆွဲအိတ်တစ်လုံးကို အဒီလိတ်ဒ်ဘူတာရုံမှာ တွေ့ရှိခဲ့ပါတယ်။ ဒီအသစ်ကျပ်ချွတ်အိတ်ကလည်း အမည်မသိရတဲ့သူရဲ့ အဝတ်အစားတွေလိုပါပဲ တံဆိပ်ကို ဖြုတ်ထားပါတယ်။ အိတ်ထဲမှာပါတဲ့ အဝတ်အစား အသစ်ကျပ်ချွတ်တွေမှာလည်း တံဆိပ်တွေကို ဖြုတ်ထားပါတယ်။

အိတ်ထဲမှာပါတဲ့ အခြားပစ္စည်းတွေကတော့ သာမန်အားဖြင့် တံဆိပ်ရိုက်တဲ့နေရာတွေမှာသုံးတဲ့ တံဆိပ်ရိုက်ကတ်ပြားတွေကို ပွတ်တဲ့ ဘရပ်ရှ်(ဝက်မှင်ဘီး)၊ လျှပ်စစ်ဝက်အူလှည့်နဲ့ ကတ်ကြေးမဲ့ဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com

ဘယ်။

ကံမကောင်းချင်တော့ ဂျက်ကက်အင်္ကျီဟာ အမေရိကန်လက်လီဆိုင်တစ်ဆိုင်ကဝယ်ခဲ့တာ ဆိုတာကလွဲလို့ စုံစမ်းစစ်ဆေးတဲ့သူတွေဟာ အိတ်ထဲကအခြားပစ္စည်းတွေနဲ့ပတ်သက်ပြီး ဘာကိုမှ မယ်မယ်ရရ မပြောနိုင်ခဲ့ပါဘူး။



(၁၉၄၉)ခုနှစ်၊ ဇွန်လမှာတော့ စုံစမ်းစစ်ဆေးရေး အရာရှိတွေဟာ အလောင်းကိုထပ်မံစစ်ဆေးခဲ့တော့ အင်္ကျီရဲ့ လျှို့ဝှက်အိတ်ကပ်ထဲက စက္ကူစလေးတစ်စ တွေ့ခဲ့ရပါတယ်။ အဲဒီစက္ကူစပေါ်မှာ Taman Shud ဆိုတဲ့စာလုံးကို ပုံနှိပ်ထားပါတယ်။





အသေးစိတ် ထပ်မံစုံစမ်းကြည့်တဲ့အခါမှာတော့ ကဗျာဆရာ 'အိုမာခေရမ်'ရဲ့ 'Rubaiyat' ကဗျာပေါင်းချုပ် စာအုပ်ကနေ ဖြတ်ယူထားတာကို ဖော်ထုတ်တွေ့ရှိရပါတယ်။ ဒါနဲ့ ဘယ်စာအုပ်ကနေ ဖြတ်ယူလာတယ်ဆိုတာ သိရအောင် မီဒီယာကနေ ကြေညာလိုက်ပါတော့တယ်။

ဒီတော့ 'Rubaiyat' စာအုပ်ကို Edward Fitzgerald က ဘာသာပြန်ဆိုထားတဲ့ စာအုပ်မိတ္တူတစ်အုပ်နဲ့အတူ စာတစ်စောင်ကို လူတစ်ယောက်က ပေးပို့ခဲ့ပါတယ်။ အမည်မသိသူရဲ့အလောင်းကို မတွေ့မီညက အဲဒီစာအုပ်ကို သူ့ကားနောက်ခန်းထဲမှာ တွေ့ခဲ့ရတယ်လို့ စာထဲမှာ သူကဆိုထားပါတယ်။ စာအုပ်ရဲ့ကျောဘက်မှာတော့ ခပ်သော့သော့ရေးထားတဲ့ စာလုံးတွေကို ခဲတံနဲ့ရေးထားပါတယ်။

နောက်ပြီး အငြိမ်းစားသူနာပြုတစ်ယောက်ရဲ့ ဖုန်းနံပါတ်ကို စာအုပ်ပေါ်မှာ ရေးမှတ်ထားပါတယ်။ အဲဒီသူနာပြုက ဒုတိယကမ္ဘာစစ်တုန်းက တာဝန်ထမ်းဆောင်နေရင်း အဲဒီစာအုပ်ရဲ့ မိတ္တူတစ်စုံကို 'အဲဖရက်ဘောက်စ်ဆောလ်'ဆိုတဲ့ ကြည်းတပ်အရာရှိတစ်ယောက်ကို ပေးခဲ့တာပါ။ ဘောက်စ်ဆောလ်ဟာ အသက်ရှင်နေဆဲဖြစ်ပြီး သူ့ဆီမှာ အဲဒီမိတ္တူစာအုပ်ရှိနေဆဲဖြစ်ပါတယ်။ သူနဲ့ သူနာပြုနှစ်ယောက်စလုံးက သေသွားတဲ့သူနဲ့ ဘယ်လိုမှ အဆက်အစပ်မရှိဘူးလို့ ငြင်းဆိုထားပါတယ်။


ဒီလူသတ်မှုဟာ အဲဒီဒေသမှာ ထပ်ဖြစ်ခဲ့တဲ့လူသတ်မှုတွေနဲ့ ဆက်စပ်နေလို့ သေသွားတဲ့သူဟာ အစိုးရတစ်ခုခုအတွက် သူလျှိုတစ်ယောက်ဖြစ်တယ်ဆိုပြီး ထင်ကြေးတွေလည်း အမျိုးမျိုးပေးကြပါတယ်။ ဒီအမှုဟာ ယနေ့ထက်ထိအောင် မပေါ်သေးဘဲ နောက်လည်းပေါ်နိုင်ဖွယ် မရှိတော့ပါဘူး။


www.burmeseclassic.com

www.burmeseclassic.com



## သံခေါင်းစွပ်ရုပ်များ



**သင်**ဟာ ကောင်လေး ဒါမှမဟုတ် ကောင်မလေးတစ်ယောက်ဖြစ်ပြီး. . စွန်လွှတ်နေတယ်ဆိုပါတော့။ သင့်စွန်လေးဟာ ကမ္ဘာ့ဆွဲအားကိုဆန့်ကျင်ပြီး လေထဲမှာပျံနေတာကို မော့ကြည့်နေရင်း သင်ပျော်နေမှာပါ။ နောက်တော့. . တစ်ခုခုကို ခလုတ်တိုက်မိလို့





အောက်ကိုငုံ့ကြည့်လိုက်တော့ သံခေါင်းစွပ်တွေစွပ်ထားတဲ့ အလောင်းနှစ်လောင်းကို ရုတ်တရက်တွေ့လိုက်ရတယ်ဆိုရင် သင် အသက်ရှုပ်သွားမတတ် ကြောက်သွားမှာမဟုတ်ပါလား။

ဒါကတော့ (၁၉၆၆)ခုနှစ်က ဘရာဇီးလ်နိုင်ငံမှာ ကောင်လေးတစ်ယောက် ကြုံတွေ့ခဲ့ရတဲ့ တကယ့်အဖြစ်အပျက် လေးတစ်ခုပါ။ ဒီအဖြစ်အပျက်ဟာ အဆန်းတကျဆိပ်ခေါင်တွေထဲက တစ်ခုဖြစ်လာပါတော့တယ်။

ကောင်လေးက အလောင်းတွေကိုတွေ့ပြီးတဲ့နောက် ရဲကို ဆက်အကြောင်းကြားလို့ အမှုကို စုံစမ်းခဲ့ပါတယ်။ အလောင်းနှစ်လောင်းကို ဘေးချင်းယှဉ်ပြီး ညီညီညာညာချထားတာပါ။ သေသူတွေဟာ သံခေါင်းစွပ်တွေ စွပ်ထားရုံမကဘူး၊ အင်္ကျီအကောင်းစားတွေကိုလည်း ဝတ်ဆင်ထားပြီး အပေါ်က မိုးကာအင်္ကျီကို ထပ်ဝတ်ထားပါတယ်။

ဘေးနားမှာ ရေဘူးအလွတ်တစ်လုံးနဲ့ မှတ်စုစာအုပ်တစ်အုပ်ကိုလည်း တွေ့ရပါတယ်။ စာအုပ်ထဲမှာတော့ 'ညနေ(၄)နာရီခွဲမှာ နှံထားတဲ့နေရာမှာ တွေ့မယ်၊ (၆)နာရီခွဲမှာ ဆေးသောက်ကြမယ်၊ ဆေးအာနိသင်ပြပြီဆိုရင် သတ္တုတွေရဲ့အန္တရာယ်ကို ကာကွယ်ကြမယ်၊ မျက်နှာဖုံးသင်္ကေတကို စောင့်နေကြမယ်'လို့ ရေးထားပါတယ်။

သူတို့ဝတ်ထားတဲ့ မျက်နှာဖုံးတွေဟာ ရေဒီယိုဓာတ်သတ္တိကြွပစ္စည်းတွေအန္တရာယ်ကနေ ကာကွယ်တဲ့နေရာမှာသုံးတဲ့ သံမျက်နှာဖုံးတွေပါ။ သူတို့နှစ်ယောက်စလုံးဟာ လျှပ်စစ်ကျွမ်းကျင်သူတွေဖြစ်လို့ ဒီမျက်နှာဖုံးတွေကို သုံးခွင့်ရှိတာပါ။

စုံစမ်းစစ်ဆေးအပြီးမှာတော့ သူတို့ဟာ ရေလုံမိုးကာတွေကို ခေါင်တစ်ရက်အလိုမှာ ဝယ်ခဲ့တာဖြစ်ကြောင်း ဖော်ထုတ်ရရှိခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ သူတို့ဟာ အရက်ဆိုင်တစ်ဆိုင် ဝင်ပြီးတော့ ရေသန့်တစ်ဘူး မှာခဲ့ပါသေးတယ်။ သူတို့နှစ်ယောက်အနက် တစ်ယောက်ဟာ အရမ်း စိုးရိမ်ထိတ်လန့်နေပုံရတယ်လို့ စားပွဲထိုးက ထွက်ဆိုခဲ့ပါတယ်။

ဘာပဲဖြစ်ဖြစ် သေသွားတဲ့သူတွေရဲ့ ကိုယ်ခန္ဓာအပေါ်နဲ့ အခင်းဖြစ်ပွားရာနေရာမှာ အကြမ်းဖက်ခဲ့တဲ့ လက္ခဏာတော့ မတွေ့ရ ပါဘူး။ အလောင်းတွေကို တွေ့ရတဲ့အချိန်မှာ ရင်မခွဲရသေးတော့ အဆိပ်သင့်တာလား ဆိုတာကိုတော့ မစစ်ဆေးနိုင်ခဲ့ပါဘူး။ သူတို့ဟာ ကိုယ့်ကိုယ်ကို သေကြောင်းကြံခဲ့တာများ ဖြစ်နေရော့မလားပဲ။

ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံခဲ့တာဆိုရင်လည်း သူတို့ ဟာ ဆေးသောက်ပြီးတော့ တစ်ခုခုဖြစ်လာမဲ့အချိန်ကို ဘာဖြစ်လို့

BURMESE CLASSIC





စောင့်ဆိုင်းနေရတာလဲ။ ရေဘူးအခွံကိုပြန်ပေးရမဲ့ ကူပွန်စာရွက်သေး ကိုလည်း သူတို့ရဲ့ဘေးမှာ တွေ့ရပါတယ်။

ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံပါတယ်ဆိုမှတော့ ဒီစာရွက် ကို ဘာလို့များဆက်သိမ်းထားနေရတာလဲ။ ဒါမှမဟုတ် သူတို့ဟာ လိုယိုနာဒိုဒါဗင်ချီရဲ့ 'သံမျက်နှာဖုံးနဲ့လူသား'လို့ အမည်ပေးထားတဲ့ ပန်းချီကားကိုများ သရုပ်ဖော်ခဲ့တာများလား။ သူတို့အဖြစ်အပျက်က (ရုပ်ရှင်ကားတစ်ကားနဲ့တောင် တော်တော်ကိုတူနေပါတယ်) သွေး ပျက်စရာအတိပါပဲ။ ဒါပေမဲ့ ရုပ်ရှင်ကားနဲ့ တူရအောင်ကလည်း ဒီရုပ်ရှင်ကားက (၁၉၆၆)ခုနှစ်ကျမှ ရုံတင်ခဲ့တာမို့ မဖြစ်နိုင်ပါဘူး။

သူတို့သေဆုံးမှုကို ဘယ်လိုနည်းနဲ့မှ ရှင်းပြနိုင်မယ်မထင်ပါ ဘူး။ အမှုတစ်ခုစီဟာ တစ်မျိုးစီ ရှုပ်ထွေးဆန်းကြယ်နေတယ်ဆိုတာ အဖြစ်အပျက်တွေကို လျှို့ဝှက်ထားခဲ့တာတွေနဲ့ တိုက်ဆိုင်မှုတွေ ကြောင့်ပဲ ဖြစ်ပါတယ်။ ဒီအမှုတွေဟာ ဆန်းကြယ်လွန်းလို့ သဘာဝ ဆန်ဖြစ်ရပ်တွေလို့ ပြောရမလောက်အောင်ပဲ ဖြစ်ပါတော့တယ်။


## Deaths So Mysterious They May Be Paranormal



ဆန်းကြယ်သော သေဆုံးမှုများ

www.burmeseclassic.com

www.burmeseclassic.com



# ဂျပန်နိုင်ငံရှိ ထူးဆန်းသော ကိုယ့်ကိုယ်ကိုယ်သတ်သေသည့်တောအုပ်

# THE MYSTERIOUS SUICIDE FOREST OF JAPAN

ကမ္ဘာပေါ်မှာ ကျိန်စာသင့်နေတဲ့နေရာအချို့ ရှိပါတယ် ကမ္ဘာ့အလှပဆုံး ရှုခင်းတွေ၊ နေရာတွေအနက်. . အချို့ဟာ သဘာ အလှအပတွေ ဝေဝေဆာဆာရှိနေပေမဲ့. . မကောင်းဆိုးဝါးတွေ မနုဿလူသားတွေကို လှည့်ဖြားဖို့ စောင့်ဆိုင်းနေကြပါတယ်။

ဒီလိုနေရာတွေထဲက တစ်နေရာကတော့ ရေခဲတမျှအေး

နာမည်ကြီးဖူဂျီတောင်ရဲ့ တောင်ခြေနေရာပဲ ဖြစ်ပါတယ်။ ဒီနေရာ းဟာ ဂျပန်နိုင်ငံရဲ့ ရှုခင်းအကောင်းဆုံး နေရာတွေမှာ အပါအဝင် ပါတယ်။

သဘာဝအတိုင်း လှပနေတဲ့ ဒီတောင်ရဲ့တောင်ခြေမှာ ရှိ ခြောက်ကြွမ်းတယ်လို့ နာမည်ကြီးတဲ့ နေရာလေးတစ်နေရာ ရှိပါ



www.burmeseclassic.com

www.burmeseclassic.com

တယ်။

ဂျပန်လို အာအိုကီဂဟာရလို့ခေါ်တဲ့ ဒီတောအုပ်ကိုတော့ သစ်ပင်ပင်လယ်လို့ ရည်ညွှန်းခေါ်ဝေါ်လေ့ရှိပေမဲ့ မကောင်းဆိုးဝါးတွေနဲ့ ပြည့်နှက်နေတဲ့ 'ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံတောအုပ်'လို့ ပိုပြီးသိထားကြပါတယ်။

အာအိုကီဂဟာရ တောအုပ်ဟာ ဖူဂျီမီးတောင်ရဲ့ အနောက်မြောက်ဘက်မှာ တည်ရှိပါတယ်။ အကျယ်အဝန်း (၁၄)စတုရန်းမိုင်ရှိတဲ့ ဒီနာမည်ကြီးတောအုပ်လေးဟာ ရင်သပ်ရှုမောဖွယ်ရာအတိဖြစ်လို့ နာမည်ကြီးပေမဲ့ တကယ်တမ်းကြည့်လိုက်ရင်တော့ ကျောချမ်းစရာကောင်းလှပါတယ်။

တောအုပ်ထဲကို ခြေတစ်လှမ်းလှမ်းလိုက်တာနဲ့ ပထမဦးဆုံး သတိထားမိမဲ့အချက်ကတော့ အသံဗလံ လုံးဝမရှိဘဲ ပကတိတိတ်ဆိတ်နေတယ်ဆိုတာပါပဲ။ သစ်ပင်ကြီးတွေက တစ်ပင်နဲ့တစ်ပင် ယှက်ပြီးပေါက်နေလို့ နေရောင်မခသလို လေလည်းမတိုးပါဘူး။ ဒီလို မှောင်မည်းတိတ်ဆိတ်နေတဲ့အပြင် တောရိုင်းတိရစ္ဆာန်တွေလည်း ကင်းမဲ့နေလို့ ချောက်ချားစရာ ပိုလို့တောင်ကောင်းနေပါတယ်။

ဒီတော့ ကျေးငှက်သာရကာတွေ၊ သတ္တဝါတွေရှောင်ကြဉ်ကြတဲ့နေရာ ဒါမှမဟုတ် သူတို့ဟာ တစ်စုံတစ်ခုကိုကြောက်လို့ မလာဝံ့တဲ့ နေရာနဲ့တောင် ပိုတူနေသေးတော့တယ်။ အပြင်လောကနဲ့ တစ်ကမ္ဘာခြားနေသလိုပါပဲ။

ဒါတင်ပဲလားဆိုတော့ မဟုတ်ပါဘူး။ တောအုပ်ထဲရောက်ရင် သံလိုက်အိမ်မြှောင်တွေဟာ ပျက်ကုန်ပါတယ်။ ဒီနေရာက ချော်ရည်ချော်မြုပ်တွေနဲ့ ပေါင်းစပ်ထားတဲ့ မြေဆီလွှာမှာပါတဲ့ သံလိုက်ဓာတ်တွေများလွန်းလို့ ဖြစ်ရတာလို့ ဆိုကြပါတယ်။

ကိုယ့်ကိုယ်ကိုယ်သတ်သေသည့်တောအုပ်



တောအုပ်ကိုဖြတ်သန်းသွားဖူးတဲ့ တောင်တက်သမားတွေရဲ့ အဆိုအရ ဒီတောအုပ်ကိုဖြတ်သွားတုန်းမှာ မှောင်မည်းတိတ်ဆိတ်နေလို့ စိတ်တွေဇဝေဇဝါဖြစ်လာလို့ လမ်းပျောက်ခဲ့တယ်လို့ သိရပါတယ်။ နောက်ပြီး တောအုပ်ထဲ ခရီးတိုလေးသွားတာတောင်မှ လမ်းကြောင်းပျောက်ပျောက်သွားတတ်ပါတယ်တဲ့။

ဒါကြောင့် ခရီးသွားအတော်များများဟာ လမ်းပျောက်မသွားအောင် လမ်းညွှန်ဆိုင်းဘုတ်တွေစိုက်၊ သစ်ပင်တွေမှာ ပလတ်စတစ်တိတ်တွေကပ် စသည်ဖြင့် လုပ်ကြပါတယ်။

တောအုပ်အောက်ခြေကိုကြည့်လိုက်ရင် ကလေးစီး၊ လူကြီးစီးဖိနပ်မျိုးစုံဟာ နည်းနည်းနောနော မဟုတ်ပါဘူး။ ချုံနွယ်ပိတ်ပေါင်းတွေအောက်မှာ အထုပ်တစ်ထုပ်ရှိပါတယ်။

ကိုယ့်ကိုယ်ကိုယ်သတ်သေသည့်တောအုပ်

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအထုပ်ထဲက စာအိတ်နဲ့ ဓါတ်ပုံပေါင်းများစွာပေါ်မှာ တောင်ခြစ်မြောက်ခြစ် ခြစ်ထားတဲ့အမှတ်အသားတွေ ရှိနေပါတယ်။

ဒီအထုပ်ကိုလည်း ဘယ်သူမျှ မတို့မထိဘဲ ပစ်ထားတာပါ။ နွယ်ပင်တွေယှက်ပြီးပေါက်နေတဲ့ ခြုံတစ်ခြုံရဲ့ထိပ်မှာတော့ မျက်လုံးပြူးပြူးနဲ့ ကလေးအရုပ်တစ်ရုပ် ဘယ်ပုံဘယ်နည်းနဲ့ ရောက်နေတယ် မဆိုနိုင်ပါဘူး။ ဒီမျက်လုံးပြူးကြီးတွေက လာသမျှလူတွေကို လိုက်ကြည့်နေသယောင်ယောင် . . . ။

စွန့်ပစ်ထားတဲ့ အပေါစားလက်ဝတ်တန်ဆာတွေ၊ အသုံးအဆောင်ပစ္စည်းအတော်များများဟာ သစ်ပင်တွေကြားထဲ ရောက်နေတာဟာလည်း ထူးဆန်းတယ်ဆိုတာထက် ပိုနေပါတယ်။ တောအုပ်အခြေမှာ အသစ်အတိုင်းရှိနေသေးတဲ့ ဒီလိုပစ္စည်းပစ္စယတွေ ပြန့်ကျဲနေတာဟာ အကြည့်ရဆိုးပြီး ကျောထဲကို စိမ့်သွားစေပါတယ်။

ဒီလိုချောက်ချားစရာတွေနဲ့ ပြည့်နှက်နေပါလျက်နဲ့ ခရီးသွားများစွာ လာရောက်လည်ပတ်လေ့ရှိနေဆဲပါ။ တောအုပ်အနှံ့အပြားမှာ ရှိတဲ့ သဘာဝရှုမျှော်ခင်းတွေ၊ ကျောက်လိုဏ်ဂူကြီးတွေကို ကြည့် လေ့လာဖို့ပါတဲ့။ ဒီကျောက်လိုဏ်ဂူကြီးတွေဟာ သတိမမူဘဲ ဝင်ကြည့် သူတွေအတွက် အန္တရာယ်များလှသလို၊ သတိပေး ဆိုင်းဘုတ်တွေ လည်း နေရာအနှံ့စိုက်ထူထားပါတယ်။ ဒါပေမဲ့ ဒီထူးဆန်းတွေလာ မြင်ကွင်းတွေကို ကြည့်ချင်လို့ အရဲစွန့်လာတဲ့လူတွေကလည်း တစ်နှ တစ်နှစ်ကို မနည်းပါဘူး။

ဒီတောအုပ်ထဲမှာ ပိုပြီးမည်းမှောင်တဲ့ နေရာတစ်နေရာ ရှိ သေးတယ်။ အဲဒီနေရာကို လူပေါင်းများစွာ နှစ်စဉ်လာပြီး ကိုယ့်ကို ကိုယ် သေကြောင်းကြံကြပါသတဲ့။ ‘သေဖို့အကောင်းဆုံးနေရာ’ တောင် သတ်မှတ်ထားကြတယ်ဆိုပဲ။

**ကိုယ့်ကိုယ်ကိုယ်သတ်သေသည့်တောအုပ်**


www.burmeseclassic.com

www.burmeseclassic.com



အာအိုကီဂဟာရတောအုပ်ဟာ ဂျပန်နိုင်ငံမှာ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံဖို့ အကောင်းဆုံးနေရာလို့ ဆိုထားပါတယ်။

ဆန်ဖရန်စစ္စကိုက ဂိုးလ်ဒမ်းဂိတ်တံတားကြီးပြီးရင် ကမ္ဘာမှာ ကိုယ့်ကိုယ်ကိုသတ်သေတဲ့သူအများဆုံးနေရာဖြစ်ပါတယ်။ (၂၀၀၃





ခုနှစ်မှာ ဒီတောထဲမှာ ကိုယ့်ကိုယ်ကိုယ်သတ်သေတဲ့သူ (၁၀၈) ယောက်တောင်ရှိပါသတဲ့။ ဒါဟာ ရဲတွေ၊ စေတနာ့ဝန်ထမ်းတွေ ရှာတွေ့တဲ့ အရေအတွက်ပဲရှိပါသေးတယ်။ အစွန်အဖျားနေရာတွေ၊ လိုဏ်ဂူတွေ၊ ကျောက်လိုဏ်ဂူကြီးတွေမှာ ရှာကြည့်ရင် ဒီထက်ပိုလာနိုင်ပါတယ်။

အချို့အလောင်းတွေဆိုရင် ခရီးသွားတွေ ခလုတ်တောင်တိုက်မိတယ်ဆိုပဲ။ တောအုပ်ဟာ မှောင်မည်းနေတော့ အလောင်းတွေကို အကုန်ရှာနိုင်ဖို့ဆိုတာ တကယ့်ကိုမလွယ်လှပါဘူး။ သေချာတာတစ်ခုကတော့ ဒီတောအုပ်ထဲလာပြီး ကိုယ့်ကိုယ်ကိုယ်သတ်သေသူ အရေအတွက်ဟာ တစ်နှစ်ထက်တစ်နှစ် များများလာပါသတဲ့။

ဒေသခံတွေရဲ့အဆိုအရတော့ ဒီတောအုပ်ထဲ လာသူတွေဟာ သုံးမျိုးသုံးစားပဲ ရှိပါတယ်။ ဖူဂျီတောင်ကိုတက်ဖို့ ဖြတ်သန်းသွားလာသူတွေ၊ အထူးအဆန်းတွေကို လာကြည့်ချင်သူတွေနဲ့ ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံ သူတွေပဲဖြစ်ပါတယ်။

တောထဲမှာ ကိုယ့်ကိုယ်ကိုယ်သတ်သေတာတွေ အဆုံးသတ်စေဖို့အတွက် သေကြောင်းကြံဖို့ ဆုံးဖြတ်ချက်ကို ပြန်စဉ်းစားဖို့ သတိပေးတဲ့ ဆိုင်းဘုတ်တွေစိုက်ထားတာတွေ၊ လုံခြုံရေးကင်မရာတွေ တပ်ဆင်တာတွေ စတဲ့အစီအမံတွေလုပ်နေပါပြီ။ ဒီလိုလုပ်နေတဲ့ကြားက ကိုယ့်ကိုယ်ကိုယ်သတ်သေသူအရေအတွက်ဟာ တစ်နှစ်ကို အနည်းဆုံး တစ်ရာလောက် ရှိနေဆဲပါ။


မကောင်းဆိုးဝါးတွေဟာ အထီးကျန်နေတဲ့သူတွေကို ဒီတောထဲလာပြီး ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံဖို့ ဖြားယောင်းလေ့ရှိတယ်လို့လည်း တချို့ကဆိုပါတယ်။

ဒီတောထဲမှာ ကိုယ့်ကိုယ်ကိုသေကြောင်းကြံပေမဲ့ မသေဘဲ



www.burmeseclassic.com

www.burmeseclassic.com






ကျန်ရစ်ခဲ့သူတွေကတော့ 'ဒီတောထဲလာဖို့ အတွေးတွေပေါ်လာတယ်၊ သူတို့ကိုခေါ်နေသလို ဒါမှမဟုတ် ဆွဲခေါ်နေသလိုမျိုးခံစားရတယ်၊ ဒီတောထဲကိုလာဖို့ ရှင်းမပြနိုင်တဲ့ စေ့ဆော်မှုတွေရှိနေတယ်'လို့ ပြန်ပြောင်းပြောပြပါတယ်။

အာအိုကီဂဟာရတောအုပ်ဟာ ရှေးပဝေသဏီကတည်းက နာမည်ဆိုးတွေ ရှိခဲ့တာပါ။ ဒီတောထဲမှာ မကောင်းဆိုးဝါးတွေ၊ တစ္ဆေသရဲတွေက လှပတဲ့ရှုမျှော်ခင်းတွေ ဖန်ဆင်းပြီး လာသမျှလူတွေကို ခြောက်လှန့်တယ်လို့ ဆိုပါတယ်။

ယခင်နှစ်ပေါင်းများစွာက အရမ်းဖွားနာနေတဲ့သူတွေ၊ သက်ကြီးရွယ်အိုတွေကို ဒီတောထဲလာပြီး စွန့်ပစ်တဲ့ အလေ့အထ ရှိခဲ့ဖူးတယ်လို့လည်း အယူရှိကြပါတယ်။ ဒီလိုစွန့်ပစ်ခံရပြီးသေသွားတဲ့ သူ



သက်ကြီးရွယ်အိုနာမကျန်းဖြစ်သူများကိုလာရောက်စွန့်ပစ်မှု

ကိုယ့်ကိုယ်ကိုယ်သတ်သေသည့်တောအုပ်

www.burmeseclassic.com

www.burmeseclassic.com



တွေက တစ္ဆေသရဲတွေဖြစ်လာပြီး ချုံနွယ်ပိတ်ပေါင်းတွေထဲ မရပ်မနား သွားလာပြီး မနုဿသားကောင်ကို ချောင်းမြောင်းနေတတ်တယ် လည်း ဆိုကြပြန်ပါတယ်။

ကိုယ့်ကိုယ်ကိုယ်သတ်သေသွားပြီး တစ္ဆေသရဲတွေ ဖြစ်လာ တွေကလည်း သစ်ပင်တွေ အနံ့အပြားရှိလာအောင်လုပ်၊ သဘာ လွန်ဖြစ်ရပ်တွေဖန်တီး၊ တောရိုင်းတိရစ္ဆာန်တွေကိုမောင်းထုတ်၊ တော ထဲဝင်လာတဲ့သူတွေကို ပြန်ထွက်မသွားနိုင်အောင်တားဆီး စတာ လုပ်တယ်လို့လည်း ယုံကြည်ကြသူတွေရှိပါတယ်။ ဒါတင်မကပါ ဒီတောအုပ်ဟာ သေသွားသူတွေရဲ့ ထာဝရနေရာလို့လည်း ဆိုကြ တယ်။

ဒီတောထဲကိုလာပြီး ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံဖြစ်





အကြောင်းရင်းတွေကတော့ အများကြီးဖြစ်မှာပါ။ ဒါပေမဲ့ အများ ကတော့ ဒီတောထဲလာပြီး ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံဖို့ ခြား ယောင်းသွေးဆောင်ပြီး အခေါ်ခံခဲ့ရတယ်ဆိုတာက ထူးဆန်းနေပါ တယ်။ ဒီလိုလာပြီ ကိုယ့်ကိုယ်ကိုယ်သတ်သေသွားခဲ့သူ အရေအတွက် ဟာ ဘယ်လောက်တောင်ရှိနေပြီလဲ။ လာသေကြရတာဟာ တောအုပ် ရဲ့ ဆိတ်ငြိမ်လှပမှုကြောင့်လား၊ တောထဲကိုရောက်ပြီးတော့ အခြား ဘယ်သူ့ကိုမှ မတွေ့တော့လို့လား. . မကောင်းဆိုးဝါးတွေက ဖြား ယောင်းတာခံရလို့လား၊ ဒါမှမဟုတ် နားမလည်နိုင်လောက်တဲ့ အခြား အကြောင်းတစ်ခုခုကြောင့်လား။ လားပေါင်းများစွာပါပဲ. . . ။

ဘာကြောင့် ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံရတယ် ဆိုတာ ကို ဖူဂျီတောင်ခြေက မှောင်မည်းတိတ်ဆိတ်နေတဲ့ ဒီတောအုပ်ထဲမှာ ကျင်လည်ကျက်စားနေတဲ့ တစ္ဆေသရဲတွေကိုယ်တိုင်ပဲ သိနိုင်ပါလိမ့် မယ်။

## The Mysterious suicide forest of japan






www.burmeseclassic.com

www.burmeseclassic.com

# ကြောင်သရဲ

# Ghost Cat



**အောက်**ကြမ်းပြင်မှာရှိနေတဲ့ကြောင်ကို ခလုတ်တိုက် မိတော့မတတ် ဖြစ်သွားပါတယ်။ နံရံကို ကမန်းကတမ်း လှမ်းဆွဲထာ လိုက်လို့သာ ဒညီခန်းရဲ့ကြမ်းပြင်နဲ့မျက်နှာ မိတ်ဆက်မသွားတာပ ကြောင်အမည်းကတော့ လှစ်ခနဲ ထွက်ပြေးပျောက်ကွယ်သွား တယ်



ကျွန်တော်တို့အိမ်က ကြောင်ကလေး စမုတ်ကီ (Smokey) ဟာ ကျွန်တော့်ခြေထောက်ကြားထဲ ဟိုလျှောက်သည်လျှောက်လုပ် လေ့ရှိပါတယ်။ ကျွန်တော် ကြောင်ကိုတက်မနင်းမိဖူးပါဘူး။ ကျွန်တော် သူ့ကိုလှမ်းကြည့်လိုက်ရင် သူ ထွက်ပြေးသွားတာကိုမျိုး မမြင်ဖူးပါဘူး။ သူဟာ ဆိုဖာပေါ်မှာပဲ အိပ်နေတတ်ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com



အမှောင်ရိပ်တွေဟာ ကျွန်တော်တို့မိသားစုဝင်တိုင်းရဲ့ ခြေ ထောက်တွေကြားမှာ ပွတ်သပ်ပြီး မကြာခဏ လျှောက်သွားနေတတ် ပါတယ်။ အိမ်ကိုလာတဲ့ဧည့်သည်တွေလည်း ဒီလိုပဲ ခံစားရပါသတဲ့

မစ်ဆူရီပြည်နယ်၊ အောရစ်ခ်မှာရှိတဲ့ ကျွန်တော်တို့အိမ်အိုကြီး မှာ ဒီလိုဖြစ်ပျက်နေတာတွေလာ တဖြည်းဖြည်းစိပ်လာပါတယ် မိသားစုဝင်တစ်ယောက်ယောက်က အိမ်ထဲကတံခါးနားမှာ ကြောင်ပုံ သဏ္ဌာန် အရိပ်မည်းမည်းလေးတွေ့လို့ သေချာအောင်ကြည့်လိုက် တော့ ဘာမှမတွေ့ရတော့ပါဘူး၊ ဘာမျှမရှိတော့ပါဘူး။ ထိုအချိန် မှာ အိမ်ကကြောင်က အိမ်အပြင်ဘက်မှာပါ. . .။





စမုတ်ကီလည်း ဒီကြောင်ပုံစံ အရိပ်မည်းမည်းကို မြင်ပုံရပါ တယ်။ မကြာခဏဆိုသလို စမုတ်ကီဟာ အကောင်တစ်ကောင်နဲ့ ဆော့ကစားနေပေမဲ့ ကြည့်လိုက်ရင် ဘာမျှမတွေ့ရပါဘူး။ ဒါကတော့ ကျွန်တော်တို့အိမ်က ကြောင်သရဲတစ်ကောင်အကြောင်းပါ။

လူသိအများဆုံး ကြောင်သရဲအဖြစ်အပျက်ကတော့ ဝါရှင် တန်ဒီစီက မကောင်းဆိုးဝါးကြောင်ပါ။ နှစ်ပေါင်း (၁၀၀)လောက်တုန်း က သမ္မတရွေးကောက်ပွဲမှာ ဒါမှမဟုတ် နိုင်ငံတော်အဖြစ်ဆိုးကြီး (သေချာတော့ မခွဲခြားနိုင်ပါဘူး)မှာပေါ့။ လွှတ်တော်အဆောက်အအုံ အောက်ဘက်ကနေ ဖြတ်လျှောက်သွားတဲ့ သူတွေက ကြောင်နက် တစ်ကောင်ဟာ တဖြည်းဖြည်းနဲ့ ခြင်္သေ့အရွယ်လောက်အထိ ကြီးလာ ပြီး ပျောက်သွားတယ်လို့ ဆိုကြပါတယ်။

မစ်ဆူရီပြည်နယ်၊ ကန်ဆက်မြို့က လော်ရာဟော့တဲလ်လင်း က သူမဟာ ကြောင်သရဲတစ်ကောင်ကို (၂၀၀၁)ခုနှစ်တုန်းက အော ကန်ဆက်ပြည်နယ်၊ ယူရီးကာစပရင်းစ်မြို့က ခရက်စင့်ဟိုတယ်ရဲ့




www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှာ တွေ့ခဲ့တယ်လို့ ဆိုပါတယ်။ သူမနဲ့ ကောလိပ်ကျောင်းသားကျောင်းသူတစ်သိုက်ဟာ နွေဦးရာသီကျောင်းပိတ်ရက် အတွက် ကန်ဆက်မြို့ကနေ အာကန်ဆက်ပြည်နယ်ကို ကားမောင်းပြီးသွားခဲ့ကြပါတယ်။

"ကျွန်မဟာ ယူရီးကာစပရင်းစ်နဲ့ တစ်မိုင်မောင်းစာလောက် ဝေးတဲ့နေရာမှ ကြီးပြင်းလာခဲ့တာပါ။ ဒါကြောင့် ခရက်စင့်ဟိုတယ်ကို လေးငါးခြောက်ကြိမ်လောက် ရောက်ဖူးပါတယ်"လို့ သူမက ပြောပါတယ်။



ကြောင်သရဲခြောက်လှန့်သည့် ခရက်စင့်ဟိုတယ်





သူမအထက်တန်းကျောင်းသူဘဝတုန်းက ထိုဟိုတယ်ကို ရည်းစားဖြစ်သူနဲ့ သွားတည်းတဲ့အခေါက်မှာ ရည်းစားဖြစ်သူက သရဲတစ်ကောင်ကို မြင်တွေ့ခဲ့ရပါတယ်။

"ကျွန်မရည်းစား သရဲကို တစ်ခါတွေ့လိုက်ရပြီးနောက် အရမ်းကြောက်လန့်သွားပြီး ဒီနေ့အထိ အဲဒီကို ဘယ်တော့မှမသွားတော့ဘူး။ ဒါက လွန်ခဲ့တဲ့ (၁၅)နှစ်လောက်တုန်းက အဖြစ်အပျက်ပါ"လို့ ဆိုပါတယ်။

ထိုအကြောင်းကို သူမက ကျန်သူငယ်ချင်းတွေကို ပြန်ပြောပြတော့ သူတို့က ထပ်သွားချင်နေကြပါတယ်။

နောက်တော့ သူတို့သူငယ်ချင်းတစ်စု သရဲမြင်ဖူးချင်လို့ဆိုပြီး တစ်ပတ်သွားတည်းကြပြန်တယ်။ ဟော့တဲလ်လင်းဟာ သူမရဲ့ ပေါင် (၃၀)အလေးချိန်ရှိတဲ့ ခွေးလေး လစ်တဲဘီးယားကို ခေါ်လာပါတယ်။

"ခွေးမလေးကို ကျွန်မတစ်သက်လုံးမွေးလာခဲ့တာပါ။ ခွေးကို ဘယ်တုန်းကမှ သံကြိုးချည်မထားဖူးပါဘူး။ ခွေးလေးက လိမ္မာတဲ့ အစားထဲကပါ။ ခွေးလေးက ကျွန်မကို အမြဲစောင့်ရှောက်ပါတယ်"

ခွေးလေးကြောင့် ဟော့တဲလ်လင်းတစ်ယောက် သူမ အိပ်ပျော်မက်နေတာမဟုတ်ဘူးဆိုတာ သိခဲ့ရတာပါ။

သူငယ်ချင်းတစ်သိုက်အိပ်နေတုန်း လစ်တဲဘီးယားရဲ့ လည်ပတ်က တချွင်ချွင်မြည်လာပါတယ်။ ခွေးလေးက စိတ်ဆိုးလာလို့ ဂီးဂီးနဲ့ အသံပေးပါတယ်။

"ခွေးလေးကသူမကြိုက်တာလုပ်လည်း တော်ရုံတန်ရုံနဲ့ စိတ်မဆိုးတတ်ပါဘူး"

လစ်တဲဘီးယား မာန်ဖီသံကြောင့် ဟော့တဲလ်လင်း နိုးလာတော့ ကျန်သူငယ်ချင်းတွေက အိပ်မောကျနေဆဲပါ။



www.burmeseclassic.com

www.burmeseclassic.com

သူခွေးလေးကို ကြည့်နေရင်းကနေ ခွေးလေးဟာ ပေါင်(၇၀) လောက် ခွေးကြီးတစ်ကောင် ဖြစ်လာပါတော့တယ်။

ခွေးမလေးကြည့်နေတဲ့မှန်တင်ခုံကို ဟော့တဲလ်လင်းက လှမ်းကြည့်လိုက်ပါတယ်။

"ခွေးလေးရဲ့ဘေးမှာ ကြောင်အနက်တစ်ကောင် ထိုင်နေတာကို မှန်ထဲမှာတွေ့လိုက်ရပါတယ်၊ ဒါပေမဲ့ အဲ့ဒီကြောင်နက်က အပြင်မှာရှိမနေပါဘူး၊ မှန်ထဲမှာပဲ ထိုင်နေတာပါ"လို့ သူမကပြောပါတယ်။

ဒါနဲ့ သူမလည်း မျက်စိကိုပွတ်ပြီး ထပ်ကြည့်လိုက်ပါတယ်။ ကြောင်က မှန်ထဲကနေ အပြင်ဘက်ကို လျှောက်ထွက်လာပါတယ်။ ပြီးတော့ မှန်တင်ခုံပေါ်ကို ခုန်ချလိုက်ပါတယ်။ နောက်တော့ အခန်းနံရံကို ဖြတ်လျှောက်သွားပါတော့တယ်။ ကြောင်ဟာ မှန်အပြင်ဘက်ကို လျှောက်ထွက်လာနေတုန်း လစ်တဲဘီးယားလေးက စဟောင်ပါ





တယ်။ နောက်တော့ အကုန်လုံးနိုးလာပါတယ်။

"ဒါကြောင့် ကျွန်မ အိပ်မက်မက်နေတာ မဟုတ်ဘူးဆိုတာ သဘောပေါက်လိုက်ပါတယ်"

ဟိုတယ်မှာ မီးခိုးရောင်ကြောင်သရဲတစ်ကောင် ရှိတယ်လို့တော့ ပြောကြပါတယ်။ ဟော့တဲလ်လင်းမြင်လိုက်တာက အမည်းရောင်မှ အမည်းရောင်ပါ။ မှန်ကိုတောင် ဖြတ်လျှောက်သွားခဲ့ပါသေးတယ်။

"သူတို့ကတော့ မမြင်လိုက်ပါဘူး၊ ကျွန်မကတော့မြင်လိုက်ပါတယ်၊ ဒါကြောင့် မြင်လိုက်ရတဲ့ ကျွန်မပဲ ကြောက်နေတာပေါ့။ ကျွန်မ အဲဒီမှာ မတည်းဖူးပါဘူး၊ အဲဒီကြောင်ကို မြင်လိုက်ရပြီးကတည်းက ကျွန်မ အဲဒီဟိုတယ်မှာ နောက်ဘယ်တော့မှထပ်မတည်းဖို့ ဆုံးဖြတ်လိုက်ပါတယ်"လို့ သူမကပြောပြပါတယ်။

## Ghost Cat



ကြောင်သရဲ

www.burmeseclassic.com

www.burmeseclassic.com

# Unbelievable facts

ကမ္ဘာ့တန်ဖိုးအကြီးဆုံးနဲ့ အမြန်ဆုံးစာရင်းဝင် Bugatti Veyron ကားဟ
သူ့ရဲ့အမြန်ဆုံးမောင်းနှင်နိုင်တဲ့ top speed နဲ့မိုင်ကုန်မောင်းမယ်ဆိုရင်
ကားဆီတိုင်ကီထဲဆန့်တဲ့ ဆီ(၂၆)ဂါလံဟာ (၁၂)မိနစ်အတွင်း ကုန်သွား
မယ်တဲ့။



# မယုံနိုင်ဖွယ်ရာ အချက်များ


လူမျိုးစုနွယ်တွေရဲ့တိုက်ပွဲလို့အမည်ရတဲ့ CLASH of CLANS ဆိုတဲ့ အိုင်ဖုန်းဂိမ်းဟာ အွန်လိုင်းမှာ ဆော့တဲ့သူ များလွန်းတဲ့အတွက် တစ်နေ့ကို ဝင်ငွေ ဒေါ်လာ(၂)သန်းမက ရနေပါတယ်။ ဒါကြောင့် (၃)နှစ်အတွင်းမှာ ဒေါ်လာ (၃)ဘီလီယံ ရမှာဖြစ်ပါတယ်။






www.burmeseclassic.com

www.burmeseclassic.com



(၁၉၅၇)ခုနှစ်က အမေရိကန်မှာ အဘွားအိုတစ်ယောက်ဟာ Phillies နဲ့ Giants အသင်းနှစ်သင်းရဲ့ ဘေ့စ်ဘောပြိုင်ပွဲကို ကြည့်နေတုန်း ပြစ်ဒဏ်ဘောဖြစ်သွားတဲ့ ဘောလုံးဟာ မျက်နှာကိုလာမှန်လို့ ဒဏ်ရာရပြီး အားကစားကွင်းအပြင်ဘက်ကို ထမ်းစင်နဲ့သယ်သွားခဲ့ရပါတယ်။

ထိုသို့သယ်ထုတ်သွားစဉ် ကပ်လျက် ဘေးကကွင်းကို ဖြတ်သွားနေတုန်းမှာ ထိုကွင်းထဲက နောက်ထပ်ပြစ်ဒဏ်ဘော ဘောလုံးတစ်လုံးက ကံဆိုးစွာပဲ သူမကို လာမှန်ခဲ့ပြန်ပါသတဲ့။



ကမ္ဘာ့ပထမဦးဆုံး ဗုဒ္ဓဘာသာဝင်ဧကရာဇ်မင်းကြီး အသောကဟာ အိန္ဒိယကို ဘီစီ (၂၇၄)ကနေ (၂၃၂)အထိ အုပ်ချုပ်ခဲ့ပါတယ်။ သူဟာ လူ့သမိုင်းမှာ ကျွန်စနစ်၊ သေဒဏ်၊ တိရစ္ဆာန်များအပေါ်ရက်စက်ကြမ်းကြုတ်ခြင်းနဲ့ သစ်တောပြုန်းတီးစေခြင်းတို့ကို ပထမဦးဆုံးတားမြစ်ခဲ့သူဖြစ်ပါတယ်။ သူဟာ ပညာရေးနဲ့ဘာသာရေးတို့မှာ လိင်ခွဲခြားမှုမရှိရေးကိုတောင် ချမှတ်ခဲ့သူဖြစ်ပါတယ်။

ဓာတ်ပုံသမားတစ်ယောက်ဟာ ဒီဓာတ်ပုံကိုရိုက်ယူနိုင်ဖို့အတွက် မြောက်ဝင်ရိုးစွန်းအနီးက လှေငယ်လေးတစ်စင်းထဲမှာ (၃)ရက်ကြာစောင့်ဆိုင်းခဲ့ရပါတယ်။



ခြင်္သေ့တွေဟာ မွေးပြီး (၂)နှစ်သားအထိ မဟိန်းတတ်သေးပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



အင်ဒိုနီးရှားနိုင်ငံက လမ်းလျှောက်တတ်ခါစကလေးငယ် အယ်ဒီရစ်ဇယ်လ်ဗား တစ်နေ့ကို စီးကရက်အလိပ် (၄၀) သောက်ပါတယ်။ ယခု ဆေးလိပ်ဖြတ်လိုက်နိုင်ပြီဖြစ်ပေမဲ့ လမ်းဘေးအစားအစာတွေကို စွဲနေပြန်ပြီဖြစ်ပါတယ်။ သူဆေးလိပ်စသောက်တော့ (၁၈) လသားပဲ ရှိပါသေးသတဲ့။

အမေရိကန်နိုင်ငံက သွန်မဆင်ဆိုတဲ့ အဘွားအိုတစ်ဦးဟာ မာရသွန်ပြိုင်ပွဲ တစ်ပွဲရဲ့အသက် (၉၀ - ၉၄) နှစ်တန်းမှာ (၇) နာရီ (၇) မိနစ် (၄၂) စက္ကန့်နဲ့ ပန်းဝင်အောင်ပြေးပြီး ယခင်တင်ထားတဲ့ စံချိန်ဟောင်းကို ချိုးဖျက်နိုင်ခဲ့ပါတယ်။



အိန္ဒိယနိုင်ငံဟာ ချစ်သူများနေ့အပြီး (၉) လမြောက်တဲ့နေ့ဖြစ်တဲ့ နိုဝင်ဘာလ (၁၄) ရက်နေ့ကို ကလေးများနေ့အဖြစ် ထူးထူးခြားခြား သတ်မှတ်ကျင်းပကြပါတယ်။




ဝေလငါးပြာကြီးတွေဟာ အသံအကျယ်ဆုံးအော်နိုင်တဲ့သတ္တဝါဖြစ်ပါတယ်။ (၁၈၈) ဒက်စီဘယ်တောင်ရှိလို့ ကီလိုမီတာ (၈၀၀) ကျော်ကနေ တိုင်းယူနိုင်ပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com




(၁၉၈၃)ခုနှစ်မှာ ဗြိတိန် အမျိုးသမီးတစ်ယောက်က မီးရထားစက်ခေါင်းအမှတ် (၄၇၂၁၆)ဟာ ရထားချင်း တိုက်မိပြီး လူတွေသေကြ လိမ့်မယ်လို့ ဗြိတိန်ရထား အာဏာပိုင်တွေကို ပြောကြားခဲ့ပါတယ်။

နောက်(၂)နှစ်အကြာမှာတော့ ရထားတစ်စင်းဟာ သူမဟောကိန်းထုတ်ခဲ့တဲ့အတိုင်း တိုက်မိခဲ့ပြီး ခရီးသည်အများအပြား သေဆုံးခဲ့ပါတယ်။ ဒါပေမဲ့ စက်ခေါင်းအမှတ်ဟာ (၄၇၂၉၉)ဖြစ်နေပါတယ်။ နောက်တော့ အဲဒီစက်ခေါင်းအမှတ် (၄၇၂၉၉) ဆိုတာ ဗြိတိန်ရထားအာဏာပိုင်တွေက စိုးရိမ်စိတ်တွေနဲ့ ပြောင်းထားတဲ့ စက်ခေါင်းအမှတ် (၄၇၂၁၆) သာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။



(၂၀၀၇)ခုနှစ်မှာ ဘော့စနီးယားနိုင်ငံက လင်မယားနှစ်ယောက်ဟာ အွန်လိုင်းချက်တင်ကနေ တစ်ယောက်နဲ့တစ်ယောက် တခြားလူလို့ ထင်ပြီး အပြတ်ကြိုက်နေခဲ့ကြပါတယ်။ အချိန်အတော်ကြာမှ ကိုယ်ကြိုက်ပြီး ကြံနေတာ ကိုယ့်အိမ်ထောင်ဖက်မှန်း သိခဲ့ကြပါတယ်။

Mathway.com ဟာ ဘယ်လိုသင်္ချာအိမ်စာပုစ္ဆာမျိုးကိုမဆို တစ်ဆင့်ချင်းရှင်းပြပြီး တွက်ပြနိုင်ပါသတဲ့။







ဒီဗွီဒီရုပ်ရှင်အခွေ ထည့်ပြီး stop-stop-play-skip ခလုတ်တို့နှိပ်လိုက်ရင် ဘာကြော်ငြာမှမပေါ်တော့ဘဲ ရုပ်ရှင်ကိုတန်းကြည့်လို့ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

Missing Children Europe တွင် ဝန်ဆောင်မှုတစ်ခုရှိသည်။ ယင်းဝန်ဆောင်မှုလုပ်ငန်းသည် ဝက်ဘ်ဆိုက်တာဝန်ခံပုဂ္ဂိုလ်များကို ဆက်သွယ်ထားပြီး ပျောက်ဆုံးနေသော ကလေးတစ်ယောက်၏ပုံကို ယင်းစာမျက်နှာပေါ်တင်ပြီး ရှာခြင်းဖြစ်သည်။ သင်ရှာဖွေသော ဝက်ဘ်စာမျက်နှာ ရှာမတွေ့ပါက တွေ့ရတတ်သည့် Error 404 ကို ပျောက်ဆုံးနေသော ကလေးပုံနှင့် အစားထိုးခြင်းဖြစ်သည်။ သင်ရှာဖွေသော "ဝက်ဘ်စာမျက်နှာမတွေ့၍ ဤကလေးကိုလည်းမတွေ့" ဟုသတည်း။




Google Maps ဟာ လမ်းပေါ်က Android devides တွေ ဘယ်လောက်အမြန်နှုန်းနဲ့ သွားနေတယ်ဆိုတာကို ခြေရာခံပြီး ယာဉ်ကျောပိတ်ဆို့မှုကို တွက်ချက်နိုင်ပါတယ်။



ဟာရီကိန်းကတ်ထရီနာ မုန်တိုင်းကြီးကြောင့် နှစ်ပေါင်း(၅၂၀၀၀)ခန့် သက်တမ်းရှိတဲ့ ရေအောက် သစ်တောကြီးဟာ အလာဘားမား ပြည်နယ်ကမ်းရိုးတန်းမှာ ပေါ်ထွက်လာခဲ့ပါတယ်။



နှစ်ပေါင်း(၆၅)သန်း သက်တမ်းရှိပြီဖြစ်တဲ့ ဂရင်းကင်ယွန်လိုဏ်ဂူကြီးရဲ့ အောက်မှာ တည်ဆောက်ထားတဲ့ (၂၂)ထပ်ပါ ဟိုတယ်ကြီးမှာရှိတဲ့ ကမ္ဘာ့အကျယ်ဆုံး ဟိုတယ်ခန်းပါ။ တစ်ညတည်းခိုခကတော့ ဒေါ်လာ (၇၀၀) ပါတဲ့။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ပြီး ချက်ချင်းထိန်းချုပ်တင်းခံထားတာတောင်မှ နားအုံနားရင်းတွေကားတက်လာကာ ကြက်သီးမွေးညင်းတွေ တဖျင်းဖျင်းထောင်ထကာသွားသည်။ ထို့နောက် ငြိမ်းမောင် ဘာကိုမှ စူးစမ်းမနေဘဲ သုတ်သုတ်လစ်လေ၏။

ဒီနှစ်နွေရာသီ လျှပ်စစ်မီးတွေ အတော်သဘောကောင်းသည်၊ ပျက်လည်းခဏ။ ဒီညတော့ ဘယ်အချိန်ကတည်းက မီးပျက်နေသည်မသိ။ သူကားပေါ်က ဆင်းလာကတည်းက တစ်မြို့လုံးမီးပျက်နေတာ သတိထားမိသည်။ လမ်းမတန်းက ဆိုင်တိုင်းလိုလို မီးစက်သံတစ်ညံညံနှင့် လင်းကာနေသော်လည်း ရပ်ကွက်ဖက် လျှောက်ဝင်ရသည့်လမ်းကို ခြေချမိသည်နှင့် ပိန်းပိတ်သောအမှောင်နှင့် ထိတွေ့ရတော့သည်။ လမိုက်ညလည်းဖြစ်ရကား သူလျှောက်ရမည့်လမ်းကို လှမ်းမျှော်ကြည့်ပြီး တုန့်ဆိုင်းဆိုင်း ဖြစ်သွားသည်။

ပုံမှန်တော့ ည(၈)နာရီလောက်ဆို အိမ်ပြန်ရောက်ပြီးသား၊ အဲ့ဒီအချိန်လောက်ကတော့ သူနေထိုင်ရာ တိုးချဲ့ကွက်သစ်သို့ ဖောက်လုပ်ထားသည့် ဖွံ့ဖြိုးရေးလမ်းမကြီးပေါ် လူသွားလူလာ မပြတ်သေး။ အနည်းဆုံး ဆိုင်ကယ်ကယ်ရီနှင့် ဆိုက္ကားကတော့ ရှိတတ်သည်။ ပင်ပန်းလို့ လမ်းမလျှောက်ချင်လျှင် ဆိုက္ကားခ သုံးရာပေးလျှင် အိမ်ရှေ့တည့်တည့်ရောက်သွားသည်။

ဒီညတော့ သူကားမှတ်တိုင်မှာ ဆင်းဆင်းချင်း လက်ကနာရီကို မကြည့်သည်။ ဆယ်နာရီထိုးတော့မည်။ နွေရာသီလည်း ဖြစ်ရကာ လမ်းမတန်းက ဆိုင်အတော်များများ ညဥ့်နက်ခံကာ ဖွင့်ကြသည်။ ရပ်ကွက်ထဲမှာတော့ အနားယူအိပ်စက်ချိန်ဖြစ်၍ တိတ်ဆိတ်လို့နေသည်။ သူနေထိုင်သော တိုးချဲ့ရပ်ကွက်ကား မြို့ဟောင်းဖက်သို့ နာရီဝက်နီးပါးလျှောက်မှ ရောက်နိုင်ကာ မြို့နှင့်လည်း အနည်းငယ်ဝေးကွာ





နေသဖြင့် အစောကြီးအိပ်ရာဝင်ကြသည်။

လက်လုပ်လက်စား ခေါင်းရွက်ဗျပ်ထိုး ဈေးသည်များနှင့် သူတို့လို သာမန်အလုပ်သမားများ အများစုနေထိုင်သောရပ်ကွက် ဖြစ်သောအခါ တစ်နေ့တာပင်ပန်းရမှုအတွက် အဟာရထက် အိပ်ခြင်းနှင့်အားမွေးကာ နေရသည်။ (၉)နာရီလောက်ဆို အိမ်တိုင်းလိုလို နှစ်ခြိုက်စွာ အိပ်မောကျကုန်ကြချေပြီ။

ဒီနေ့က စနေနေ့လည်းဖြစ်၍ ရပ်ကွက်ထဲက ဘောလုံးဝါသနာအိုး ကိုနိုင်ကြီးတို့အုပ်စု မြို့ထဲထွက်ကာ လ္ဘက်ရည်ဆိုင်ထိုင်ပြီး ဘောလုံးပွဲကြည့်ကြမှာ သေချာသည်။ သူ တို့ဆိုင်းဆိုင်းလေးလျှောက်ရင်း ကိုနိုင်ကြီးထိုင်တတ်သောဆိုင်ကို သွားရှာရင်ကောင်းမလား စဉ်းစားကြည့်သေးသည်။ သို့သော် ဘောလုံးပွဲတွေက ညသန်းခေါင်းကျော်မှာလည်း ပြချင်ပြပြီး တစ်ခါတစ်ရံ လင်းအားကြီးချိန်မှ ပွဲစတာလည်း ရှိပါသည်။

မနက်ဖြန်လည်း ပုံမှန်ချိန်အတိုင်း အချိန်ပိုဆင်းပေးရဦးမည်ဖြစ်၍ အိပ်ရေးပျက်လို့မဖြစ်မှန်းသိကာ စိတ်ဒုံးဒုံးချပြီး ခြေလှမ်းတို စတင်လာခဲ့ခြင်းဖြစ်သည်။

တစ်ကယ်တော့ သူ့စိတ်က တစ်အားအကြောက်အလန့်ကြီးတတ်သူတော့မဟုတ်ချေ။ ဆယ်နှစ်သားအရွယ်လောက်ကတည်းက မိသားစုဘဝ ရပ်တည်မှုအတွက် တစ်နိုင်တစ်ပိုင် ဝန်ထမ်းပြီး ကြီးပြင်းခဲ့ရသူဖြစ်ရကာ သာမန်လူတစ်ယောက်၏ စိတ်ဓါတ်ကြံ့ခိုင်မှုထက် သာလျှင်တောင် မလျော့ပါ။

သို့တိုင် လူတို့၏စိတ်ဖြစ်တည်မှု သဘောကိုက အတိုးအတိုက်ခံရပါများလျှင် နွဲ့ချင်သည်။ အကြောင်းအရာတစ်ခုအတွက် အဖြေအမြစ်မရှိမှန်းသိသော်လည်း လူပြောသူပြော များလာလျှင် လက်မခံ



www.burmeseclassic.com

www.burmeseclassic.com



လျှင်တောင် သံသယစိတ်တော့ ဝင်မိသည်။ ငြိမ်းမောင်လည်း လူထဲက လူပင်တည်း. . . ။

ဒီရပ်ကွက်စတည်ကာစက ဖြစ်ပျက်ကြားသိရသမျှ သူမမြင် ရသော်လည်း လူတိုင်းပြောသော အကြောင်းအရာဖြစ်၍ သူတို့ မိသားစု ဒီနေရာကို ပြောင်းသင့်မပြောင်းသင့် အတော်ပင် ချင့်ချိန် လိုက်ရသည်။ မပြောင်းလို့ကလည်းမဖြစ် ကျူးကျော်ရပ်ကွက်တစ်ခုလုံး ဖယ်ရှားပေးဖို့ အချိန်ကာလ သတ်မှတ်ကာထားသည်။

ငြိမ်းမောင်တို့နေသော ကျူးကျော်ရပ်ကွက်အတွက် ယခု တိုးချဲ့ရပ်ကွက်အား ဒေသအာဏာပိုင်များမှ စံနစ်တကျ အိမ်ယာ ကွက်ဖော်ကာ နေရာချပေးခြင်းလည်းဖြစ်သည်။

ပထမ စီမံချက်အရ သင်္ချိုင်းမြေနေရာ အပါအဝင် တစ်ဆက် တည်းရှိသော လယ်မြေအချို့အား လူနေရပ်ကွက် ဖော်ဆောင်ရန် သတ်မှတ်လိုက်ကြသည်။ သင်္ချိုင်းမြေ၏ လုပ်ငန်းစဉ်အတွက် မြို့၏ နောက်ဖက် စည်ပင်သာယာမြေနေရာတစ်ခုတွင် မီးသင်္ဂြိုလ်ခြင်းမြို နှင့်ဧကခန့်ရှိသော မြေသင်္ချိုင်းနေရာသစ်ကို ဦးစွာစီစဉ်သည်။ ပြီး သင်္ချိုင်းဟောင်း မြေနေရာကို ဖယ်ရှင်းကာ လူနေရပ်ကွက်ဖော်ဆော ခြင်းလုပ်ငန်းကို စတင်ပါသည်။

ထိုသို့ စတင်ခြင်း ပထမရက်မှာပင် ပြဿနာပေါ်ခဲ့သည် ကိုအခေါင်းသော ဝန်ထမ်းနှစ်ဦး နေ့ခင်းကြောင်တောင်ကြီး မျက်လုံး ပြူးပြူးထွက်ကာ လျှာတန်းလန်းနှင့် သေဆုံးကုန်ကြသည်။ သို့နှင့် နောက်ထပ်ဝန်ထမ်းနှစ်ဦး အစားထိုးပြီး သင်္ချိုင်းမြေရှင်းလင်းခြင်းအား ဆက်ကာလုပ်ကြသည်။

ထိုနှစ်ဦးသည်လည်း ညနေလုပ်ငန်းသိမ်းပြီး အိမ်ပြန်ရောက် မှ သေဆုံးကုန်ကြသည်။ နောက်ထပ်ဝန်ထမ်း အစားထိုးဖို့ လူရှာ

ရခက်ကာ လုပ်ငန်းလည်း ရပ်သွားသည်။ ထိုကိစ္စကြောင့် မြို့ကျွန်း သတင်းဖြစ်နေသည်က သင်္ချိုင်းစောင့် မဖဲဝါနှင့် ကွင်းပိုင်ကြီးတို့ အကြီး အကျယ် စိတ်ဆိုးကုန်ပြီတဲ့။ သူတို့ အပိုင်နယ်ကို ဖျက်မိလို့ မြို့သေးမှာ လူအသေအပျောက်များဦးမည်တဲ့. . . ။

ဘယ်သူကစလို့ ဘယ်ကထွက်လာမှန်းမသိသော သတင်း ဖြစ်၍ ယုံချင်စရာမကောင်းသော်လည်း ထိုကာလမှာပင် မြို့ထဲမှာ ကာလဝမ်းရောဂါဖြစ်ကာ အသေအပျောက် အတော်များသွားသည်။

ဤတွင် အာဏာပိုင်များက ဒုတိယစီမံချက်ကို ပြောင်းကာ အကောင်အထည်ဖော်ပါသည်။ ရှေးအစဉ်အဆက်ကတည်းက ရှိခဲ့







www.burmeseclassic.com

www.burmeseclassic.com



သော သင်္ချိုင်းမြေနေရာအား အတော်အတန် ဝေးကွာသွားအောင် ကျော်လွန်ကာ မြေဆီခမ်း၍ စပါးအထွက်ညံ့သော လယ်မြေကိုသိမ်းယူ၍ တိုးချဲ့ရပ်ကွက်အဖြစ် ဖော်ဆောင်ပေးလိုက်သည်။

ဖြိုဖျက်လက်စသင်္ချိုင်းအား ပြန်လည်အသုံးပြုခြင်း မရှိတော့သော်လည်း ယခင်အုပ်ဂူများ၊ မြေပုံများကတော့ ယခင်အတိုင်း ကျန်ရစ်နေသေးသည်။

သို့နှင့် ကျူးကျော်ရပ်ကွက်နေထိုင်သူများ တိုးချဲ့ရပ်ကွက်သို့ ရွှေ့ပြောင်းကြသည်။ မှတ်မှတ်ရရ အာဏာပိုင်အဖွဲ့အစည်း၏ အစီအစဉ်နှင့် စတင်ပြောင်းရွှေ့သိရက်မှစ၍ ထိုရပ်ကွက်တွင် နာရေးအိမ်ပြတ်သွားတယ်လို့ကိုမရှိ။ တစ်အိမ်မဟုတ်တစ်အိမ် တစ်ယောက်တော့သေဆုံးနေတတ်သည်။ အိမ်ထောင်စု တစ်ထောင်ကျော်ရှိသည် ဖြစ်ရကား ပြောင်းရွှေ့မှု အစီအစဉ်ကို အဖွဲ့လိုက် အသုတ်လိုက် ရွှေ့နေရသည်ဖြစ်၍ ငြိမ်းမောင်တို့က နောက်ဆုံးပြောင်းရွှေ့ရမည့် အစုဖြစ်သည်။ ကြားနေရသော သတင်းဆိုးတွေကြောင့် ပြောင်းလဲရရှိသော မြေကွက်အား ရသည့်ဈေးနှင့်ရောင်းချကာ မြို့တွင်းမှာပင် အိမ်ငှားနေဖို့ တိုင်ပင်ခဲ့ကြသည်။

သို့သော် အဖိုးက လက်မခံပါ။

'မင်းတို့ စဉ်းစဉ်းစားစားလည်း လုပ်ကြကွာ၊ ထိုတိုင်းပြည်လောက် ကျွန်းသစ်ပေါတာ ဘယ်မှာရှိဦးမလဲ၊ ငါတို့အိမ် ဆောက်တာကျွန်းတိုင်အလုံးလိုက်ကို ဖေါက်စွတ်ပြီး ဆောက်ခဲ့တာ၊ အခု ဘယ်မှာလဲကျွန်း. . ပန်းစုံတောသစ်လေးနဲ့ အိမ်ဆောက်ဖို့တောင် အနိုင်နိုင်ဆိုတဲ့ခေတ် ဖြစ်နေပြီ. . ၊ ဒီလိုပဲ တို့တိုင်းပြည်လောက် မြေကြီးပေါ်များတာ ဘယ်မှာရှိဦးမလဲ၊ အခု မြေဈေးဘယ်လောက်လဲ. . . ရွှေလျှောက်မြေကြီးရှားပြီကွ. . မဖြုန်းကြနဲ့. . "





အဖိုးကြောင့် ငြိမ်းမောင်းတို့မိသားစု မြေကွက်ရောင်းလိုက်ဖို့ကိစ္စ ပယ်ဖျက်ကာ အများနည်းတူ ပြောင်းရွှေ့လိုက်တော့သည်။ ကံစီမံတာပေပဲလား၊ ပြောင်းရွှေ့လို့ အိမ်ဆောက်ပြီး တစ်လမပြည့်ခင်မှာပင် ငြိမ်းမောင်တို့အဖိုး ဆုံးလေသည်။ အဖိုး ဆုံးမ၍ မြေကွက်တစ်ကွက် မဆုံးရှုံးလိုက်ရသော်လည်း အဖိုးကို ဆုံးရှုံးလိုက်ရခြင်းအတွက် တစ်အိမ်လုံး ယူကျုံးမရဖြစ်ကြပါသည်။

မြေကွက်ဈေးကလည်း အဖိုးပြောသလိုပင် ထိုမျှအကြောင်းဆိုးနှင့် သတင်းကြီးနေသည့်ကြားက မြေကွက်ဝယ်လိုသူများ ဝင်လာမစဲ တသဲသဲ၊ တစ်ချို့လည်း ကြောက်လန့်ပြီး ရောင်းချကာ မြို့ထဲပြန်ဝင်၍ ငှါးရမ်းနေထိုင်ကြသည်။ ငြိမ်းမောင်တို့ကတော့ အဖိုးခေါင်းချရာ နေရာဖြစ်၍ တစ်အိမ်လုံး သေလည်းမပြောင်းတော့ဟု ဆုံးဖြတ်ထားကြသည်။

ကွင်းပြင်လွင်တီးခေါင်ခေါင်ထဲ လေဒါဏ်မိုးဒါဏ် အပူဒါဏ်လှိမ့်ပိမ့်ခံကာ ကျားကုတ်ကျားခဲ နေလာခဲ့ကြသည်မှာ ယခုနှစ်တွင် တစ်နှစ်ပြည့်တော့မည်။ သို့သော် ရပ်ကွက်အသစ်သို့ စတင်ပြောင်းရွှေ့ကတည်းက မသိုးမသန့်ကြားသိနေရသော အမှောင့်ပယောဂ သတင်းက အမျှင်မပြတ်နိုင်သေး။ တော်ကြာဖြင့် ဘယ်သူ သရဲကိုက်ခံရလို့၊ ဘယ်သူတော့ တစ္ဆေပူးလို့ စသည်ဖြင့်. . အဆိုးဆုံးက ဖွံ့ဖြိုးရေးလမ်းမကြီး ဖြတ်ဖောက်ထားသော သင်္ချိုင်းမြေနေရာဖြစ်လေသည်။

မကြာခဏဆိုသလို ခေါင်းစုတ်ဖွားနှင့် တစ္ဆေမကြီး လိုက်လာလို့ ပြေးရခြင်း၊ ခြေထောက်သုံးချောင်းနှင့် ဦးခေါင်းမပါသော သရဲကြီးထွက်လာပြီး ဆိုက္ကားတားစီးခြင်း စသောသတင်းစကားများမှာ အလွန်လူပြောများလေ၏။ ထို့ကြောင့် အမေက. .

"ဟဲ့. . ငြိမ်းမောင် အလုပ်ဆင်းတာနဲ့ အိမ်ကို တန်းပြန်နော်"

www.burmeseclassic.com



ဟု မနက်တိုင်း ဝိရိယကြီးစွာ မှာတတ်သည်။ သူလည်း သတိကြီးကြီးထားကာ အချိန်မလွန်အောင် ကြိုးစားသည်။

ဒီနေ့တော့ မလွန်လို့မရ၊ အလုပ်ထဲက တဆက်ရှင်တည်း အတူ အလုပ်ဖော်ကိုင်ဖက် ကျော်ဝင်းဦး ငြမ်းပေါ်က ခြေချော်ကြ၍ အရေးပေါ် ဆေးရုံတင်ရသည်။ ဆိုဒ်မန်နေဂျာကိုယ်တိုင် သူ့ကားနှင့် ကျော်ဝင်းဦးကိုတင်ခေါ်ကာ ဆေးရုံပို့ပေးသဖြင့် သူနှင့် အောင်သာတို့ တွဲချီတွဲပို့လုပ်ပေးရန် ပါသွားသည်။

ဆေးရုံရောက်တော့လည်း ကျော်ဝင်းဦး အခြေအနေ မသိရသေးသဖြင့် ထိုင်ကာစောင့်ကြသည်။ ဆရာဝန်ကြီးဆီက သေချာပေါက် အသက်ရှင်နိုင်ကြောင်း ကြားရမှ ကျော်ဝင်းဦးနှင့် ညီအစ်ကိုဝမ်းကွဲတော်စပ်သော အောင်သာကို လူစောင့်ထားခဲ့ကာ. . သူနှင့် မန်နေဂျာကြီးတို့ ပြန်လာခဲ့ခြင်းဖြစ်သည်။

မန်နေဂျာကြီးက သူ့ကားနှင့် ပြန်ခေါ်လာပြီး ကားမှတ်တိုင်အရောက်ပို့ထားပေးခဲ့သော်လည်း သူမြို့ကို ပြန်ရောက်လာတော့ ဆယ်နာရီ ထိုးတော့မည်။

"ရှပ်. . . ရှပ်. . . ရှပ်"

သူနှင့် နီးကပ်စွာကပ်ပါလာသော ခြေသံကြောင့် အဖော်ရပြီဆိုကာ အားတက်သွားမည့်စိတ်နှင့် လှည့်ကာကြည့်ဖြစ်သည်။

မိန်းကလေးတစ်ယောက်ဖြစ်နေ၍ အားနာသွားကာ ချက်ချင်းပြန်လှည့်ကာ ကန္ဒြေနှင့် ဆက်လျှောက်သည်။ မိန်းကလေးက ခေါင်းငုံ့လျှောက်သဖြင့် မျက်နှာကိုတော့ သူသေချာ မမြင်လိုက်ရ။ သို့သော် အသားဖြူဖြူဆိုတာကိုတော့ နက်မှောင်ရှည်လျားစွာ ဖြန့်ချအုံ့ဝဲနေသည့် ဆံပင်နှင့် အဝါရောင်ဟု ထင်ရသော လုံချည်နှင့် အင်္ကျီက ခွဲခြားထင်ဟပ်ပေးထားသည်။





သူမလက်ထဲမှာတော့ ထူးထူးခြားခြား ဘာကိုမှ ကိုင်ဆောင်မထားဟု တွေးပြီးမှ သေချာအောင် တစ်ချက်ပြန်ကြည့်သည်။ ဟုတ်သည် လက်တစ်ဖက်ကို ကပ်ကာ လွှဲလျှောက်နေသော်လည်း တစ်ဖက်က လက်သီးဆုပ်သဏ္ဍာန်လေးနှင့် ရင်ညွန့်နားကပ်ကာ လျှောက်နေသဖြင့် သူမမှာလည်း ကြောက်ရွံ့စိုးရိမ်စိတ်ကလေး ရှိနေသည်ဟု ငြိမ်းမောင် တွက်ဆမိလိုက်သည်။

အင်းပေါ့ သူလိုယောကျာ်းတစ်ယောက်တောင် ဒီအချိန်ကြီး ဒီလမ်းကိုလျှောက်ရမှာ အသည်းငယ်နေမိတာ။

ငြိမ်းမောင် ထိုသို့အတွေးဖြစ်ပြီး ခရီးဖော် မိန်းကလေးအား စိတ်အားငယ်မှုကို အားဖြည့်ပေးရန် လှည့်ကြည့်သည်။ မိန်းကလေး၏ ခြေလှမ်း အရှိန်အတိုင်းသာဆို သူ့ကိုယ်တောင် ကျော်သွား၍ရနိုင်သည်။ သို့သော် ကျော်မသွားဘဲ သူနောက်ကသာ ထပ်ချပ်မကွာလေး လိုက်နေ၍. . .

'သြော်. . သူ့ခင်မျာ အတော်လေး ကြောက်ရွံ့နေရှာတာပဲ'

ဟု ဂရုဏာသက်ကာ ဘယ်ဖက်သို့ ခြေလှမ်းအနည်းငယ်ယိမ်းပြီး သူမ လှမ်းလျှောက်နိုင်အောင် လမ်းဖွင့်ပေးလိုက်သည်။

သို့တိုင်လည်း သူမ ခြေလှမ်းက သူနှင့်ယှဉ်၍ တက်မလာသဖြင့် ငြိမ်းမောင်က အသာမေးလျှောက်ရင်း စကားစလိုက်သည်။

"ညီမလေး နောက်ကျလှချည်လားကွ၊ အိမ်က ထွက်မကြိုကြဘူးလား"

"ဟုတ်. . ."

ဟုတ်ဟု ပြန်ဖြေဖော်ရသဖြင့် ငြိမ်းမောင်စကားဆက်နိုင်ကာ

"အေးကွာ အစ်ကိုလည်း ခါတိုင်းတော့ ရှစ်နာရီလောက်ဆို အိမ်နေရာက်နေပြီကွ၊ ဒီနေ့က သူငယ်ချင်းတစ်ယောက် အလုပ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com


ထိခိုက်မှုဖြစ်လို့ ဆေးရုံပို့ပေးနေတာနဲ့ နောက်ကျနေတာ. . ."

"ဟုတ်ကဲ့ရှင့်"

ငြိမ်းမောင်စကားပြောရင်း သူမမျက်နှာကို မြင်ဘူးချင်၍ မသိမသာလေး အကဲခတ်ကာကြည့်သည်။ မရပါ။ သူမက မျက်နှာအနေအထားအား ငုံ့နေရာမှ ရှေ့တည့်တည့်သို့ တစ်ချက်တစ်ချက်သာ ဖော်ကြည့်သည်။ ဘေးကိုတော့ ရှေ့မလာ။

"ဒါနဲ့ ညီမလေးက ဒီတိုးချဲ့ထဲကပဲလား ဘယ်နားမှာ နေတာလဲ. ."

"အင်း. . ရပ်ကွက်ဟိုးဖက် အစွန်ဆုံးပဲ အမေ့နာမည်က ဒေါ်ကြည်စိန်တဲ့၊ မေဒင်နဲ့ အကြာအမြင်ဟောတယ်လေ. . ကျွန်မနာမည်က ခင်ကြေးမုံ. . သားအမိနှစ်ယောက်ထဲ နေကြတာ. . ."

"သြော်. . . အဲ့ဒါကြောင့် လာမကြိုနိုင်တာကိုး၊ အလုပ်ကရော ဘယ်မှာဆင်းတာလဲ. ."

"သမိုင်းမှာလေ. . ဖုန်းဆိုင်မှာ အရောင်းစာရေးပါ၊ ပွိုင့်. . မိုဘိုင်းဆိုရင် သမိုင်းလမ်းဆုံမှာ ဘယ်သူ့မေးမေး သိပါတယ်. ."

"အင်း. . အေးကွာ ဘာပဲဖြစ်ဖြစ် ငါ့နှမ ဒီလိုအချိန် တစ်ယောက်ထဲ ခုလိုပြန်ရတာချည်းတော့ အန္တရာယ်များတယ်ကွ၊ ဖြစ်နိုင်ရင် ညပိုင်းကို ရှစ်နာရီထက် နောက်မကျဘဲ အိမ်ပြန်ရောက်တာ အကောင်းဆုံးပဲ. .၊ အဲ့ဒီအချိန်က လူမပြတ်သေးဘူးလေ ဆိုင်ကယ်ကယ်ရီနဲ့ ဆိုက္ကားလည်း. . ."

"တော်ပါတော့ အစ်ကိုရယ်. . . ကျွန်မ မုန်းလွန်းလို့ပါ"

"ဟေ. ."

ငြိမ်းမောင်း လျှာဖြတ်နင်းခံရသလို အိုးတိုးအတ ဖြစ်ပြီး. . အာမေဋိတ်သံနှင့် လှည့်ကြည့်သည်။ သူမက ရှေ့တည့်တည့် မျက်နှာလေး မော့မော့ချီချီထားကာ အသံလေးလည်း အနည်းငယ်မာထန်သွားသည်ထင်ရသည်။

"ယောကျ်ားဖြစ်ပြီး. . နှမသားချင်း မစာနာတဲ့လူတွေ"

ငြိမ်းမောင် ချက်ချင်းတောင် စကားပြန်မစရဲဘဲ အသာနှုတ်ဆိတ်ကာ လျှောက်နေရသည်။ စကားတပြောပြောနှင့် လျှောက်လာရ၍ သချိုင်းမြေထဲ ရောက်လို့ရောက်မှန်းပင်မသိ။ ယခုလို စကားပြတ်မှ ဘေးဘီဝဲယာ သတိထားမိကာ အုတ်ဂူတွေ အတန်းလိုက် မြင်တော့မှပဲ ကျောထဲစိမ့်ခနဲဖြစ်ပြီး သချိုင်းထဲ ရောက်မှန်းသိလိုက်သည်။

သို့သော် သူ့ဘေးမှာ မိန်းကလေးတစ်ယောက်ရှိနေပြီး လိုအပ်လျှင် ထိုမိန်းကလေးအတွက်ပါ အကာအကွယ်ပေးရမည်ဖြစ်၍ စိတ်ကိုတင်းကာထားသည်။ မိန်းကလေးအတွက် ရပ်တည်ပေးရမည့် စိတ်ကြောင့်ပဲလား၊ ခုချိန်မှာ ဘီလူးဆယ်ကောင် ရှေ့က ပိတ်ကာထားလျှင်တောင် ရိုက်လှဲပစ်ဖို့ ဝင်မလေးတဲ့အထိ အားတွေရှိနေပါသည်။

"ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်မ ဘယ်ယောကျ်ားကိုမှ အယုံအကြည်မရှိတော့ဘူး. ."

ဒီတော့မှ ငြိမ်းမောင်က. .

"အေးလေ. . . ငါလည်း ယုံကြည်ပါလို့ မပြောချင်ပါဘူး၊ သတင်းစာတွေ ဂျာနယ်တွေထဲမှာ ယောကျ်ားတွေရဲ့ လူမဆန်တဲ့ အနိုင်အထက်ပြုကျင့်မှု သတင်းက မပါတဲ့နေ့ မဖြစ်တဲ့နေ့ရယ်လို့မှ မရှိပဲကိုး၊ ငါလည်း အဲ့သလို မယုံကြည်တာကို သဘောကျပါတယ်၊ အဲ့ဒီစိတ်က မင်းတို့မိန်းကလေးတွေအတွက် ငါးဆယ်ရာခိုင်းနှုန်းလောက် အလိုလိုကာကွယ်ပြီးသား ဖြစ်နေတယ်လေ၊ ငါ့ကိုလည်း မယုံကြည်ပါနဲ့၊ ငါလည်း ခုချိန်အထိ ဘယ်သူတစ်ဦး တစ်ယောက်ကိုမှ အနိုင်ကျင့်တာမျိုးမလုပ်ဘူးပေမယ့်. . လူ့စိတ်ဆိုတာ မပြောနိုင်ဘူး

www.burmeseclassic.com

ကောင်းတဲ့အလုပ်ဆိုတာ တစ်သက်လုံးလုပ်ရတာ၊ မကောင်းတာသာ ချက်ချင်းလုပ်နိုင်တာ. . လူတစ်ယောက်ကို ကိုယ့်ကျင့်တရားကောင်းတယ် ဒီလူတော်တယ်ဆိုတာ အဲ့ဒီလူ အသက်ရှင်နေသရွေ့ ဆုံးဖြတ်လို့မရဘူး၊ အချိန်မရွေး ဖောက်ပြန်နိုင်တဲ့ အခွင့်အရေး ရှိနေတဲ့အတွက် အဲ့ဒီလူ သေဆုံးသွားမှပဲ. . သြော် ဒီလူဟာ တစ်ဘဝလုံး အကောင်းဆုံး နေထိုင်သွားခဲ့တာပဲ၊ ကိုယ့်ကျင့်သီလမြဲခဲ့တာပဲလို့ သူ့ဘဝတစ်လျှောက်လုံးကို ကြည့်ပြီး ဆုံးဖြတ်နိုင်တာလေ၊

အဲ့ဒါကြောင့် ငါ့ကို စိတ်ချယုံကြည်ပါလို့ မပြောပါဘူးကွာနော် ဒါပေမယ့် သတိရှိပါ၊ မယုံကြည့်နဲ့၊ အန္တရာယ်ရှိလာရင် ဘယ်လိုကာကွယ်မယ်ဆိုတာ အမြဲတမ်း ကြံစည်ထားပါ၊ အသေချာဆုံးက. . အန္တရာယ်ဖြစ်နိုင်မယ့် အချိန်ကာလကို ကြိုတင်ရှောင်ရှားပါလို့ပဲ နှမချင်းကိုယ်ချင်းစာစိတ်နဲ့ အကြံဉာဏ်ပေးချင်တယ်"

"ဟုတ်ကဲ့ ကျေးဇူးပါ ရှင့်နာမည်ကရော"

"ငြိမ်းမောင်ပါ. ."

"ဒီရပ်ကွက်ကပဲလား"

"ဟုတ်တယ် ငါတို့အိမ်က ရပ်ကွက်ထဲဝင်ဝင်ချင်း ဘယ်ဖက်မျက်နှာစာတန်း ဟိုဘက်အဆုံးက ငါတို့ဘေးမှာ လယ်ကွင်းပဲရှိတော့တယ်. ."

"သြော်. . ဒါဆို ကျွန်မတို့နေရာနဲ့ ဆန့်ကျင်ဘက်ပဲပေါ့"

"သာမန်အားဖြင့်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ငါတို့က တစ်ရပ်ကွက်ထဲသားတွေဘဲ. . မိတ်ဆွေကောင်းဖွဲ့ပြီး အပြန်အလှန် အကူအညီပေးနိုင်တယ်၊ ငါ ကူညီနိုင်တာတော့ ဒီနေ့အတွက် မင်းကို ဘေးမသီရန်မခပဲ အိမ်ရောက်တဲ့အထိ ငါ စောင့်ရှောက်ပေးနိုင်တယ်"

"အဟင်းဟင်း . . မနက်ဖြန်ရော. ."





"ငါကတော့ သူတစ်ပါးကို အကူအညီပေးရတာ ဝါသနာရှိတဲ့လူဆိုတော့ ငါတတ်နိုင်တာ ဘာမဆို ဘယ်သူ့ကို မဆို ကူညီတာပါပဲ"

သူမ စကားသံတိတ်သွားပြီး ခဏကြာမှ. . .

"အင်း. . ရှင်ကတော့ စိတ်ထားကောင်းမယ့်ပုံပဲ၊ ဟုတ်ပြီလေ ကျွန်မတို့ မိတ်ဆွေတွေပေါ့. . ဟုတ်ပြီလား. . ."

"ကောင်းပါပြီဗျာ. . ."

သို့နှင့် စကားတစ်ပြောပြောလျှောက်ခဲ့ကြရာ ရပ်ကွက်ထိပ်သို့ရောက်လာခဲ့ကြချိန်မှာပဲ ခွေးအူသံတွေ ဆူညံကာသွားသည်။

"ကဲ. . . ခင်ကြေးမုံရေ ငါတို့လမ်းတော့ရောက်ပြီး မင်းကို လိုက်ပို့ပေးရမလား. ."

"အို. . ရပြီ ရှင့်ရပ်ကွက်ထဲရောက်နေပြီပဲဟာ နောက်မှဆုံမယ်နော်. ."

"အေး. . အေး. . ဒါဆိုသွားပြီနော်. ."

"ဟုတ်ကဲ့ရှင့်. ."

ထိုသို့နှုတ်ဆက်ပြီး ငြိမ်းမောင် သူ့လမ်းထဲလျှောက်ဝင်လာခဲ့သည့်တိုင် ခွေးအူသံတွေက ရပ်မသွား။ ထို့အပြင် သူမ လျှောက်ဝင်သွားရာ လမ်းဘက်သို့ ခွေးတွေ ခေါင်းထိုးဟောင်ကြ အူကြသဖြင့် သူမ ကြောက်များကြောက်နေမလားဟု တွေးကာ စိုးရိမ်နေသေးတော့၏။



www.burmeseclassic.com


www.burmeseclassic.com

## အခန်း (နှစ်)

**နောက်**ရက်တွေတော့ ငြိမ်းမောင် အိမ်ပြန်ချိန်စော ကာ သူမနှင့် မဆုံဖြစ်တော့ချေ။ ပုံမှန်တော့ ညစာထမင်းစားပြီးသည်နှင့် အီမေနှင့် မောင်နှမတွေ ခဏတဖြုတ် ထိုင်စကားပြောပြီး ကိုးနာရီဆို အိပ်ရာဝင်ကြပြီ။

ထူးခြားတာက ခင်ကြေးမှုံနှင့်ဆုံပြီးနောက်ပိုင်း ငြိမ်းမောင် ပုံမှန်အိပ်ရာဝင်သော်လည်း အိပ်လို့မရ။ စိတ်ထဲမှာ သူမ အိမ်ပြန်ချိန်ကို သိနေ၍ စိုးရိမ်စိတ်ကလေးဖြစ်ကာ လူးလူးလိမ့်လိမ့်ရှိနေသည်။

ညဆယ်နာရီကျော် ဆယ့်တစ်နာရီလောက် ရပ်ကွက်ထိပ်က ခွေးဟောင်သံနှင့် ခွေးအူသံကို မသိမသာနား စွင့်နေတတ်သည်။ ကြားရလျှင်တော့ သူမပြန်လာပြီဟု ထင်မှတ်ကာ အိပ်ဖို့ စိတ်ဖြောင့်သွားရသည်။ မကြားရသည့်နေ့မျိုးမှာ ငြိမ်းမောင်တော်တော်နှင့် အိပ်မပျော်နိုင်တော့ချေ။







ထိုသို့သောရက်တွေများလာတော့ ငြိမ်းမောင်ရင်ထဲ ကြိတ်၍ ချမထားနိုင်တော့ဘဲ ဆေးရုံက ပြန်ဆင်းလာသော ကျော်ဝင်းဦးတို့ အိမ်ကို အောင်သာနှင့်နှစ်ယောက် သတင်းမေးသွားပြီး အပြန်မှာ ပြောဖြစ်သည်။ လက်ဖက်ရည်ချိုကြိုက်သော အောင်သာကလည်း




www.burmeseclassic.com

www.burmeseclassic.com

ဆိုင်ကောင်းကောင်းတွေ့လျှင် မနေနိုင်သူဖြစ်ရကား လက်ဖက်ရည်ဆိုင်ဝင်ထိုင်သဖြင့် အဆင့်သင့်ကာ ပြောဖြစ်ခြင်းဖြစ်သည်။

သူ့စကားဆုံးတော့ အောင်သာက တွေးတွေးဆဆနှင့်. .။

"အဲ့ဒီကောင်မလေး နေတဲ့အိမ်ကိုရော မင်းသွားကြည့်သေးလား"

"ဟာ. . ဘာကိစ္စသွားရမှာလဲကွ. ."

"သွားရမယ်. ."

"မသွားချင်ပါဘူးကွာ၊ တော်ကြာ သူနဲ့ပက်ပင်းတိုးနေရင်. . ငါ့ကိုမရိုးမသားစိတ်အထင်တွေဖြစ်ကုန်မှာ. . မသွားဘူး. ."

"ခက်ပါလား ငြိမ်းမောင်ရာ၊ ဒါဆို သမိုင်းလမ်းဆုံးက သူ့အလုပ်လုပ်တဲ့ဆိုင်ကို သွားကွာ. ."

"အေး. . အဲ့ဒါတော့ ငါစဉ်းစားထားတယ်၊ ဟန်းဆက်ဖုံး ငါ့ပိုက်ဆံစုနေတယ်-ပိုက်ဆံပြည့်ရင် သူ့ဆိုင်မှာ ဟန်းဆက်သွား ဝယ်မယ်လို့တော့ စိတ်ကူးထားတယ်. ."

"ဟေ. . စိတ်ကူးပဲရှိသေးလား. ."

"အေးပေါ့ကွ ပိုက်ဆံမှမပြည့်သေးတာ. ."

အောင်သာ ခေါင်းကုတ်ပြီး ကျောချမ်းသလို တစ်ချက် တွန့်သွားပြီး။

"ဘာပဲဖြစ်ဖြစ် မင်း သေချာအောင် စုံစမ်းရလိမ့်မယ်ငြိမ်းမောင်၊ တော်ကြာ ငါတို့ရပ်ကွက်ထဲက ဦးဖထီးလို ဂေါက်သွားလိမ့်မယ်. ."

"ဟမ်. ."

"ဒီလိုကွ ဦးဖထီးက နေ့ဘက်မှာ အလုပ်လုပ်ပြီး ညဘက်မှာ ဆိုက္ကားနင်း၊ သူရတဲ့လစာနဲ့ သူ့မိသားစု စရိတ်က မမျှတော့ ညဘက်ကို





နှစ်နာရီ သုံးနာရီလောက်အထိ ဆိုက္ကား ထွက်နင်းရတယ်၊ တစ်ညတော့. . . တစ်နာရီကျော်ကျော်လောက် အမျိုးသမီး ခတ်ချောချော တစ်ယောက်က ဆိုက္ကားငှါးလို့ သူလိုက်ပို့တာ တစ်လမ်းလုံး အပြန်အလှန် စကားတွေပြောကြတာ ချောနေတာပဲတဲ့. .၊

အဲ့ဒါနဲ့ အဲ့ဒီအမျိုးသမီးဆင်းမယ့်နေရာရောက်လို့ ဟိုက ဆိုက္ကားခဆိုပြီး ပိုက်ဆံပေးတာကို ဦးဖထီး ယူမယ်လည်းလုပ်ရော အားခနဲလန့်အော်ပြီး ဆိုက္ကားထားခဲ့ပြီး ပြေးတော့တာကွ. . ."

"ဟော့. . ဘာလို့လဲ. ."

"ပိုက်ဆံပေးနေတာက လက်ကြီးပဲတဲ့ ကိုယ်လုံးမရှိတော့ဘူး"

"ဟမ်. . ဒါ. . ဒါဆို တစ္ဆေခြောက်တာပေါ့. ."

"အေးပေါ့ကွ အခုလည်း မင်းပြန်တဲ့အချိန်က မင်းတို့လမ်းလူပြတ်တဲ့အချိန်လေ၊ လမ်းကလည်း သချိုင်းကိုဖြတ်ဖောက်ထားတာ၊ ရပ်ကွက်ထိပ်ရောက်တော့ ခွေးတွေ တအားအူတယ်လို့ပြောတယ်. . မျက်နှာကို ဘယ်သူဘယ်ဝါ ခွဲကြည့်လို့မရဘူးလို့လည်းပြောတယ်. . ငါတော့. . အမလေး ပြောရတာ ကြက်သီးထတယ်ကွ. . ငါ့နှယ်. ."

ဒီတော့ ငြိမ်းမောင်လည်း ကျောထဲစိမ့်ခနဲဖြစ်သွားကာ ထိုနေ့ညကမြင်ကွင်းကို မျက်လုံးထဲ မြင်ယောင်နေမိသည်။ ဒီကောင်ပြောတော့လည်း သံသယဖြစ်စရာတွေအပြည့်ပင်။ တစ်ကယ်များ ဟုတ်နေရင် အဲ့ဒီညက သရဲမနှင့်သူနှင့် နှစ်ယောက်တည်းပေါ့။ သူစဉ်းစားရင်း ခေါ်ပြန်ချင်သွားကာ လက်ကနာရီကို ကြည့်မိသည်။ (၂)နာရီ။

"ပြန်စို့ကွာ. ."

"ဟာ. . အေးဆေးပေါ့ တစ်ပတ်လုံးမှ တစ်ရက်ကလေး နားရတာကွာ"

"ငါ အိမ်မှာ လုပ်စရာလေးတွေရှိတယ်. ."


www.burmeseclassic.com

www.burmeseclassic.com



"ငါ့နှယ်ကွာ ခုမှ ဗီလင်လာတုန်းရှိသေးတာ၊ အေးအေး. . သွားတာပေါ့"

ထို့နောက် အောင်သာ လက်ဖက်ရည်ဖိုးခေါ် ရှင်းပြီး နှစ်ယောက်သား ကားမှတ်တိုင်ဆီ လျှောက်လာခဲ့ကြတော့မှ တစ်နေကုန်အုံ့မှောင်ကာ မရွာဘဲခဲနေသည့်မိုးက တစ်ဝေါဝေါ သွန်ကာချလေ၏။

၄ ၄ ၄ ၄

**တစ်**နွေလုံးကော့ပျံ့အောင် ပူထားသော အပူရှိန်က တအုပ်တမ ရွာချလိုက်သော မိုးရေကြောင့် အေးမြကာသွားသည်။ မနှစ်ကတောင် သင်္ကြန်ကာလ မိုးလေးတဖြိုက်နှစ်ဖြိုက် လောက်ရွာသေးသည်။ ဒီနှစ်သင်္ကြန်စာက မိုးဦးနှောင်းကာ မိုးလည်ကောင်းသတဲ့၊ သင်္ကြန်စာအတိုင်း (၅)လပိုင်းကျော်မှ မိုးကိုမြင်ရသည်။

စိုက်ထားသော အရိပ်ရအပင်တွေလည်း ယခုမှပင် စိမ်းစိုကာ ခေါင်းထောင်လည်ထောင် ဖြစ်လာလေသည်။

"ဟဲ့သား. . ဘယ်လဲ. ."

သူပြန်ရောက်ပြီး ရေမိုးချိုးကာ တစ်ခေါက်ပြန်ထွက်သဖြင့် အမေလှမ်းမေးခြင်းဖြစ်သည်။

"ရပ်ကွက်ထဲတင်ပဲအမေ၊ သူငယ်ချင်းတစ်ယောက် ဒီရပ်





ကွက်ထဲ ပြောင်းလာတယ်ဆိုလို့. . ."

"ဪ. . အေးအေး. . ညနေတို့သားအမိတစ်တွေ ထမင်းလက်ဆုံစားကြမယ်နော်သား. . သိပ်နောက်ကျမနေနဲ့"

"ဟုတ်ကဲ့ အမေ. ."

အိမ်မှာက အလုပ်ကအပြန် သူတစ်ယောက်သာ နောက်အကျဆုံးဖြစ်၍ ထမင်းဝိုင်းမှာ လက်ဆုံဖို့ ဒီလိုပိတ်ရက်သာ ဆုံဖြစ်သဖြင့် ဒါကိုတော့ အမေ့ဆန္ဒအဖြစ် မောင်နှမတွေ ဝိုင်းကာအားဖြည့်သည်။ အဖေရှိစဉ်က ထမင်းဝိုင်းမှာ တစ်ယောက်လိုနေသေးလျှင်တောင် မစားဘဲစောင့်ရသည်။ လူစုံမှ ထမင်းလက်ဆုံကျစားလေသည်။

ထို့ကြောင့် အဖေမရှိတော့သည့်နောက်ပိုင်း အမေက ထိုအလေ့အထအား ဖက်တွယ်ထားခဲ့သည်။ မောင်နှမတွေ အားလုံးကိုယ်စီ အလုပ်ထွက်လုပ်ကြပြီး ညနေပြန်ရောက်လျှင် ထမင်းဝိုင်းမှာဆုံကြသည်။ အမေချက်ထားသော ဖွယ်ဖွယ်ရာရာလေးနှင့် မိသားစုတစ်ပျော်တစ်ပါး စားသောက်တာမြင်ရလျှင် အမေပျော်ပါသည်။ အဖေ့အတွက် သောကတစ်ချို့ အမေ့ဆီမှာရှိမှန်းသိ၍လည်း ဝိုင်းကာအားပေးကြခြင်းဖြစ်သည်။ သို့သော် သူကတော့ တစ်ပတ်လုံးမှ တစ်ရက်သာနားရသဖြင့် ထိုနေ့ကို အမေတို့နှင့်အတူ လက်ဆုံစားနိုင်အောင် သူမပျက်မကွက် ကြိုးစားပေးရပါသည်။

ရပ်ကွက်လမ်းအတိုင်း အတွင်းဖက်သို့ လမ်းဆုံးအောင် လျှောက်လာရင်း ငြိမ်းမောင်ဟိုဟိုဒီဒီ ငေးကာ ရှာဖွေနေခိုက် ခြံဝင်းတစ်ခုဆီမှ. . .

"ဒီမှာ. . ဒီမှာရှင့်"

ငြိမ်းမောင်လှည့်ကြည့်လိုက်တော့ ခင်ကြေးမုံ ဖြစ်နေ၍ ငြိမ်းသာသွားကာ အောင်သာထည့်ပေးလိုက်သော သံသယစိတ်လည်း



www.burmeseclassic.com

www.burmeseclassic.com



လွှင့်ခနဲ ပျောက်ကာသွားလေသည်။

"မင်းက ဒီမှာနေတာလား . ."

"ဟုတ်တယ်လေ. . ဒီမှာ အမေနဲ့ ကျွန်မနဲ့နေတာ အခုဘာလဲ. . ."

"ဪ. . ဘာရယ်မဟုတ်ပါဘူး ဒီလိုပါပဲ၊ ဒီနေ့က အလုပ်ပိတ်ရက်ဆိုတော့ ရပ်ကွက်ထဲလည်း မရောက်ဖြစ်တာကြာလို့ ဟိုဟိုဒီဒီ လျှောက်ကြည့်တာပါ. ."

"ကျွန်မနေတဲ့နေရာကို လာစုံစမ်းတာတော့ မဟုတ်ပါဘူးနော်. . ."

ငြိမ်းမောင်စိတ်ထဲ ဒင်ခနဲမြည် ခန္ဓာကိုယ်ထဲမှာ သွေးကြောတွေ နီးရာခုန်တိုးကုန်ကြသည်။ ကွက်တိကြီး မိနေတာကိုး. . .

"အဲသလိုမဟုတ်ပေမယ့်လည်း ဒီဖက်ရောက်တော့ မင်းကို သတိရမိလိုက်တာ အမှန်ပဲလေ. . ."

"လာလေ ဝင်ထိုင်ပါဦးလား. . အမေတော့မရှိဘူး၊ ရပ်ကွက်ထဲက လာပင့်လို့ လိုက်သွားတယ်. ."

ငြိမ်းမောင် ငိုချင်ရက် လက်တို့ဖြစ်ပြီး ခြံထဲလျှောက်ဝင်ကာသွားသည်။ သစ်ရွက်ခြောက်တွေနှင့်ပြည့်နှက်နေသော ခြံဝင်းထဲ နေ့ခင်းကရွာထားသော မိုးရေတွေနှင့် အိကာနေလေသည်။ သို့နှင့် အိမ်ရှေ့ဝရံတာ ခုံတန်းမှာပင် နှစ်ယောက်ထိုင်ဖြစ်ကြပြီး ငြိမ်းမောင်က. .

"မင်းရော ဒီနေ့နားလား. ."

"အင်း. . အပြီးနားလိုက်ပြီဆိုပါတော့. ."

"ဟေ. . ဘယ်လိုကြောင့်လဲ. . ."

"ကြောက်လို့. . ."

"အဲ. . ဗျ. ."





"ရှင် မကြားမိဘူးလား ဒီရပ်ကွက်က ဟိုမုဒိမ်းကောင် ဇော်ဇော် ထောင်ကပြန်လွတ်လာပြီလေ. . ."

"ဟုတ်လား. ."

"ရှင်မသိဘူးလား. ."

"နာမည်ကိုတောင် ခုမှကြားဖူးတာ ငါက ကိုယ်နဲ့တစ်လမ်းတည်း အတူနေတဲ့သူတွေတောင် လူစုံအောင် သိတာမဟုတ်ဘူး. ."

သူမပြုံးနေရာမှ မချင့်မရဲလေး ပြင်ကာပြုံးရင်း. .

"ကျွန်မအလုပ်က ပြန်ရတဲ့အချိန်က ရှင်လည်းသိတာပဲ၊ ခြံခုန်နေကျနွားတို့ စားနေကျကြောင်ပါးတို့ဆိုတာ သူတို့ရဲ့မွေးရာပါ သန္ဓေယုတ်ကို သေကာမှ ထုတ်ပစ်ကြတာ၊ အဲ့ဒီဇော်ဇော် ဆိုတဲ့လူက လွန်ခဲ့တဲ့ (၇)နှစ်လောက်က ဆိုင်ကယ်ကယ်ရီဆွဲရင်း အလုပ်ကပြန်လာတဲ့ မိန်းကလေးတစ်ယောက်ကို သင်္ချိုင်းဂူတွေကြားမှာ အဓမ္မကျင့်ပြီး သတ်ပစ်ခဲ့တယ်လေ. . ."

"ဟာ. . ယုတ်မာပက်စက်တဲ့ကောင်ကွာ. . ."

"အခု အဲ့ဒီလူ ပြန်လွတ်လာပြီ၊ ရှင် ကျွန်မကို ပြောထားတယ်လေ အချိန်ကာလနဲ့ အခြေအနေပေါ် မူတည်ပြီး ကြိုတင်ပြင်ဆင်မှု လုပ်တာက အထိရောက်ဆုံးကာကွယ်မှုဆို. . ."

"ဟုတ်တယ် အမှန်ပဲ. ."

"အဲ့ဒါကြောင့် ကျွန်မ အလုပ်ကထွက်လိုက်တာ၊ အမေကလည်း သဘောတူတယ်. . နဂိုအတိုင်း ပြန်မဖြစ်နိုင်တော့တဲ့ ဆုံးရှုံးမှုဆိုတာ အသက်ရှင်သန္ဓေ ပြန်မရနိုင်တဲ့ နစ်နာမှုတစ်ခုပဲတဲ့. . ၊ အဲ့ဒါကြောင့် ထွက်လိုက်တာကောင်းတယ်တဲ့. ."

ငြိမ်းမောင် တွေးတွေးဆဆလေသံနဲ့ ပင့်သက်ချပြီး. .

"အေးလေ မင်းရွေးချယ်တာ မှန်ကန်ပါတယ်. . ၊ ဒါလည်း



www.burmeseclassic.com

www.burmeseclassic.com



ငါ့ဘော့(စ်)ကို ပြောကြည့်ပါဦးမယ်၊ ငါတို့ဆောက်လုပ်ရေးကုမ္ပဏီမှာ သင့်တင့်တဲ့လစာနဲ့ အလုပ်ရမယ်ဆိုရင်ကော."

"အဆင်ပြေသားပဲ၊ ရှင်က ကျွန်မကို အနီးဆုံး စောင့်ရှောက်ပေးနိုင်တဲ့ အလုပ်ပဲဟာ. . လုပ်မှာပေါ့. ."

ငြိမ်းမောင် လက်ဖျောက်တစ်ချက်တီးကာ ကတိပေးလိုက်သည်။

"ဟုတ်ပြီကွာ ငါမရ,ရအောင် ပြောမယ်. ."

"တစ်ကယ်နော်. ."

"သြော်. . ခင်ကြေးမုံရယ် ငါတို့မိတ်ဆွေတွေ ဖြစ်သွားပြီလေကွာ၊ စီးပွားဖြစ်အောင် ဘယ်လိုရှာရမလဲဆိုတာ ငါသိချင်မှသိမှာ မိတ်ဆွေကောင်းဖြစ်အောင် ကိုယ်ဘယ်လိုနေရမယ် ဆိုတာတော့ ကောင်းကောင်းသိပါတယ်. ."

သူမ ပြုံးတာလေးကို အမိအရ လှမ်းကြည့်သော်လည်း တစ်လက်လက်တောက်ပနေတော့မည့် မျက်လုံးအလှလေးကို မမြင်ရ၍ ငြိမ်းမောင်စိတ်ထဲ သိပ်တော့အလိုမပြည့်ချင်။ မျက်နှာချင်းကို အဆိုင်မခံဘဲ အလိမ္မာနွဲ့လေးနွဲ့ကာ ရှောင်တတ်တာလေးကိုက ရင်ခုန်ချင်စရာ ကောင်းနေပြန်တော့သည်။

"အမှန်အတိုင်းဝန်ခံရရင် ငါဒီရပ်ကွက်ထဲ ပြောင်းလာတာ (၇)နှစ်ရှိသွားပြီ၊ ခုချိန်အထိ ခင်ခင်မင်မင်ပေါင်းသင်းတာဆိုလို့ ခေါင်းရင်းအိမ်က ကိုနိုင်ကြီးနဲ့ ခြေရင်းအိမ်က လင်းခိုင်ပဲရှိသေးတယ်၊ ဒါတောင် အလုပ်ပိတ်ရက်နဲ့ ဘောလုံးပွဲနဲ့ တိုက်ဆိုင်မှ သူတို့နဲ့အတူ ဘောလုံးပွဲထွက်ကြည့်ဖြစ်တာ. ."

"ဒါဆို ရှင်က ဒီရပ်ကွက် စတည်ကတည်းကပေါ့. ."

"ဟုတ်တယ်. . ငါတို့အဖိုးလည်း ဒီကိုပြောင်းပြီးကမှ မကြာဘူး ဆုံးတာပဲလေ. ."

"ဟုတ်ပါရဲ့. . ဒီရပ်ကွက်အသစ်က ရေခံမြေခံညံ့တာပဲလား မသိဘူး၊ ပြောင်းရွှေ့လာတဲ့ မိသားစုတွေထဲက တော်တော်လေး ဆုံးပါးကြတယ်နော်၊ ကွင်းခိုက်တယ်လို့တော့ ပြောကြတာပဲ"

"မပြောတတ်ပါဘူးကွာ၊ ငါတော့ နားမလည်ဘူး. . ယုံလည်း မယုံချင်ဘူး၊ မိသားစုကို ထိခိုက်မှာတော့ ကြောက်မိတယ်. ."

"ကိုငြိမ်းမောင်တို့က စိတ်ကောင်းရှိတဲ့သူတွေပဲ ဘာမှမဖြစ်နိုင်ပါဘူး၊ လူယုတ်မာတွေအတွက်တော့ ဒီမြေက သေမင်းရဲ့ ခံတွင်းဝပဲ. . ."

သူမအသံတွေ မသိမသာလေး ထန်လာ၍ သူလှည့်ကြည့်တော့ သူမမျက်နှာကို တစ်ဖက်လှည့်ပစ်သည်။ ဒီကလေးမလေးက တစ်ကယ်ကြွေကြီးပြီး ရှက်တတ်တာပဲဟု ငြိမ်းမောင်တွေးကာ သူလည်း အတော်ကြာအောင် စကားထိုင်ပြောနေမိ၍ အနေကျုံ့မလားတူသော အားနာစိတ်နှင့်. . .။

"ကဲ. . ငါပြန်တော့မယ်. ."

"ဟင်. . ပြန်တော့မလို့လား. ."

"အိမ်မှာ အဒေါ်လည်းမရှိတော့ မင်းနဲ့နှစ်ယောက်ထဲ အနေကြာလို့ မသင့်ဘူးလေ၊ ငါက ယောကျ်ားလေးမို့လို့ ပြဿနာမရှိပေမယ့် မင်းရဲ့ မိန်းကလေးသိက္ခာကိုတော့ လေးစားရမယ် မဟုတ်လား၊ ပတ်ဝန်းကျင်က သူ့အလုပ်သူလုပ်မှာဆိုတော့ ငါတို့ အနေအထိုင်တတ်ဖို့ပဲလိုတာပါ. .၊ ကဲ. . သွားပြီ. ."

"ကောင်းပါပြီ၊ ရှင် အလုပ်အဆင်ပြေရင် လာပြောနော်"

"စိတ်ချ မင်းအတွက် အလုပ်ပြောပေးတာမရလို့ကတော့. . ငါပါအလုပ်ထွက်ပစ်မယ်. ."







www.burmeseclassic.com

www.burmeseclassic.com



"ဟယ်. . အဲ့သလိုတော့ မလုပ်ပါနဲ့"

ငြိမ်းမောင် ဘာမှပြန်မပြောဘဲ ပြုံးကာရယ်ကာနှင့် လက်ကလေးပြပြီး ဆက်လျှောက်လာခဲ့ပါသည်။ သူ့စိတ်ထဲမှာ တစ်ချက်လောက် ပြန်လှည့်ကြည့်ချင်သော်လည်း ခင်ကြေးမုံ တစ်မျိုးထင်မြင်သွားမှာ စိုးရိမ်စိတ်နှင့် ဆန္ဒကိုမြိုသိပ်ကာ ဆက်လျှောက်လာခဲ့သည်။ လျှောက်ရင်းနှင့် သူမ၏အိမ်နေရာကို မှတ်သားထားလိုက်သည်။

သူမတို့အိမ်ရှေ့ကစတင်ပြီး လမ်းတလျှောက်လုံး စိုက်ထားသော စိန်ပန်းပင်ကြီးတွေကြောင့် မှတ်ရလွယ်ကူသည်ဟုတွေးကာ ပျော်မိသော် လည်း သူမ အလုပ်ထွက်လိုက်သဖြင့် ဟန်းဆက်ဝယ်ဖို့ ပိုက်ဆံစုသည့်ကိစ္စကတော့ ရေစုံမျောလေ၏။

၌ ၌ ၌ ၌

**တစ်**ရက်တော့ သူ အလုပ်ကအပြန်။ ဘောလုံးပွဲကြည့်ဖို့ ထွက်လာသော ကိုနိုင်ကြီးတို့နှင့် ဖွံ့ဖြိုးရေးလမ်းထိပ်မှာ ဆုံကြသည်။

"ဟ. . ငြိမ်းမောင်၊ လာ. . အတော်ပဲ. ."

"ဒီနေ့ ဘာပွဲရှိလို့လဲ. ."

"ဘာစီပွဲကွ. . အဲ့ဒါထက် ငါပြောစရာရှိလို့၊ လာ. . ဆိုင်ကြမှပြောမယ်. ."





ထိုစဉ် လင်းခိုင်က. . .

"မင်းကြည့်ကျဲ့လည်းလိုက်နော် ဒီနေ့မင်းလစာ ထုတ်ရက်မှန်း သူသိလို့ အသားမှိန်းခေါ်နေတာ. ."

"ဟာ. . တိုက်ရမှာပေါ့ကွာ လက်ဖက်ရည်ဘိုးလောက်ပဲဟာ"

"မရဘူး မင်းလူကြီးက လက်ဖက်ရည်ဆိုင်ကို အညာထိုင်ထိုင်တာ. ."

"ဟေ. ."

"လက်ဖက်ရည်သောက်ရင်. . မုန့်စားရမှာ၊ အညာဒေသက အပူများတဲ့အရပ်ဆိုတော့ ဝမ်းချုပ်မခံဘူးကွ. . လက်ဖက်ရည်က ချုပ်တယ်လေ အဲ့ဒါကြောင့် အစာလေးခံပြီးသောက်တာ၊ ပြီးမှ စီးကရက်လေးဖွာပြီး စကားပြောကြဆိုပေါ့"

"တော်စမ်းကွာ လင်းခိုင်ရာ၊ လာ. . ငြိမ်းမောင် အဲ့ဒါ ဆေးရှိုးသည်လို့ခေါ်တယ် ကိုယ့်အလုပ်ကိုယ်လုပ်. ."

နိုင်ကြီး ပူကျိပူကျိနှင့် ပြန်ပြောပြီး ငြိမ်းမောင်ကို ပုခုံးဖက်ခေါ်ကာ လျှောက်သည်။ အဲ့ဒီနောက်ကမှ လင်းခိုင်လိုက်လျှောက်ရင်း. .

"အခေါ်အပြောကတော့ ညက်တယ်ကွယ်၊ ဘယ်နှယ်က ဘာညာဆိုပြီး. . နောက်တော့ ကိုယ်ပဲ လက်ဖက်ရည်ဘိုး ရှင်းရတာ ငြိမ်းမောင်ရေ. . . ဟေးဟေးဟေး. ."

သို့နှင့် လက်ဖက်ရည်ဆိုင်ရောက်တော့ ငြိမ်းမောင်ကပင် မုန့်လက်ဘက်ရည်နှင့် စီးကရက်မှာပေးသည်။ ထို့နောက်မှာ. .

"ကဲ. . ပြော. . ကိုနိုင် ကိစ္စက. . ."

"ကိစ္စကတော့ မင်း အစ်မနှင့်ညီမ ကိစ္စပဲ ငြိမ်းမောင်"

"ဗျာ. ."

"ရပ်ကွက်တည်ဦးတည်ဖျား ပထမဦးဆုံး လူသတ်မှု မှမ်းမှုနဲ့



www.burmeseclassic.com

www.burmeseclassic.com

ထောင်ကျသွားတဲ့ကောင်ကို မင်းမှတ်မိလား. . ”

“ဟင့်အင်း. . ”

“ကျော်ဇလေ. . ”

ဒီတော့မှ ခင်ကြေးမုံပြောသော စကားအား အမှတ်ရကာ. .

“သြော်. . ဟုတ်ပြီ၊ ဆိုင်ကယ် ကယ်ရီဆွဲရင်း သချိုင်းမှာဖြစ်သွားတာ”

“ဟုတ်တယ်. . ”

“အဲ့ဒီတုန်းက ကျွန်တော်တို့ မရောက်သေးဘူးနော်. ”

“အေး. . မင်းတို့က အဲ့ဒီအမှုဖြစ်ပြီးမှ နောက်ဆုံးအသုတ်နဲ့ ပြောင်းလာကြတာ၊ ထားပါ. . အခု အဲ့ဒီကောင် ထောင်က လွတ်လာပြီ၊ ဟိုတစ်နေ့က ငါ ဈေးမှာ ကြက်သွားရောင်းပြီးအပြန် ဒီလမ်းထိပ်ရောက်တော့ မိုးမိုး ညီအစ်မနဲ့ အဲ့ဒီကောင် စကားတစ်ပြောပြောနဲ့ ရပ်ကွက်ဘက် လျှောက်နေကြလို့ ငါလည်း အခြေအနေကြည့်ပြီး နောက်ကနေ လိုက်လျှောက်လာခဲ့ရတယ်၊ ငါ့အထင်တော့ မိုးမိုးတို့ ညီအစ်မ ညနေပိုင်း အလုပ်ကအပြန်ကို ဒီကောင် လမ်းထိပ်က ထွက်ထွက်စောင့်ပြီး ကြောင်နေပြီလို့ပဲ ထင်တယ်ကွာ. . ၊ ပြောချင်တာက ဒီလိုကိုယ်ကျင့်တရားမကောင်းတဲ့ ကောင်မျိုးက တစ်ကြိမ်တစ်ခါ မိုက်မဲမိတာပါလို့ ပြောလည်း ကိုယ်က ဘဝအဆုံးခံပြီး ယုံရမှာ၊ မဖြစ်နိုင်ဘူး မဟုတ်လား. . အဲ့ဒါ သတိပေးချင်တာ. . . ”

ထိုနောက် လင်းခိုင်က. .

“ဒါတော့ ငါလည်း ဒီလိုပဲတွက်မိတယ် ငြိမ်းမောင်၊ မိုးမိုးတို့ ဒီကောင့်အကြောင်း မသိသေးလို့လည်း ဖြစ်နိုင်တယ်၊ ပြီးတော့. . ဒီကောင့်ပုံစံက အလန်းကွ. . စကားပြောလည်းကောင်းတော့ တော်ရုံမိန်းကလေးတွေ ဒီကောင် အလွယ်စည်းရုံးနိုင်တယ်၊ ဘာပဲဖြစ်ဖြစ်





မင်းနမ့မတွေလည်း သတိပေး မင်းကိုယ်တိုင်လည်း သတိထား စောင့်ရှောက်ပေးရလိမ့်မယ်၊ ငါတို့လည်း အလွတ်ပေးမှာတော့ မဟုတ်ဘူး ဒါပေမယ့် နေ့တိုင်းအချိန်ပေးပြီး စောင့်ကြည့်ဖို့ဆိုတာလည်း မဖြစ်နိုင်ဘူးလေ၊ အဲ့ဒီတော့ အဒေါ်ကိုဖြစ်ဖြစ် ထွက်ကြိုခိုင်းတာမျိုး လုပ်သင့်တယ်၊ လူကြီးပါတော့ ရှိန်တာပေါ့. . ၊ ပြီးတော့ မိုးမိုးတို့ ညီအစ်မကို ဘယ်လိုအကြောင်းနဲ့မှ တစ်ယောက်ထဲ လွှတ်ခဲ့ပြီး ပြန်လာတာမျိုး မဖြစ်စေနဲ့၊ နှစ်ယောက်ဆိုတော့ ဒီကောင် ကြံစည်ချင်ရင်တောင် မလွယ်ဘူးလေကွာ. . ”

“အင်းပါ. . . ခုလို သတိပေးတာ ကျေးဇူးတင်တယ်ဗျာ တကယ်ပါ၊ သည်းခံပြီးတော့လည်း စောင့်ရှောက်ပေးကြပါ ကျွန်တော်လည်း သတိပေးလိုက်ပါ့မယ်. . ”

“အေး. . အေး. . မင်း အခုကြည့်မှာလား ပြန်မှာလား”

“ပြန်မယ် ကိုနိုင်. . အမေ မျှော်နေမှာစိုးလို့. . ”

“အေး. . အေး”

ထို့နောက် ငြိမ်းမောင် လက်ဖက်ရည်ဘိုး ခေါ် ရှင်း၍ နိုင်ကြီးက. . .

“ဟာ. . ထားခဲ့ နေပစေ၊ ငါ့ဘာသာ ရှင်းမယ်. . ”

“ရတယ်. . တစ်ခါတစ်လေလေး ကျွန်တော် ရှင်းရတာ”

ငြိမ်းမောင် ရှင်းပြီးမှ လင်းခိုင်က ရယ်ကျဲကျဲနှင့်. .

“မင်းနဲ့တော့ ခက်နေပြီ ငြိမ်းမောင်ရ. . ”

“ဘာလဲ. . ”

“မင်းမရှင်းနဲ့ ထားခဲ့ဆိုတာ လက်ဖက်ရည်ဘိုးကို ချထားခဲ့ပြီးမှ သူရှင်းမယ်လို့ ပြောတာဟ. . . ”

“ဟာ. . ဒီကောင်ကွာ. . ”


www.burmeseclassic.com

www.burmeseclassic.com

"အဟား. . ဟားဟားဟား. . ."

"ကဲ. . သွားပြီ. ."

"အေး. . . အေး"

ငြိမ်းမောင် ဆိုင်ကထွက်လာပြီး နာရီကြည့်လိုက်တော့ ရှစ်နာရီခွဲတော့မည်။ ဖွံ့ဖြိုးရေးလမ်းမကြီးပေါ် လူသွားလူလာ မပြတ်သေးဘူးဆိုသော်လည်း အတော်အတန် ရှင်းလင်းနေကာ. . ဆိုင်ကယ်ဆိုက္ကား တစ်စီးတစ်လေသာ ဖြတ်သွားတာမျိုး ရှိတော့သည်။

ညနေစောင်းကတည်းက အုံ့မှောင်နေသော မိုးသားတိမ်လိပ်တွေကြောင့် လဆုတ်ရက်ထဲ ကြယ်ရောင်လေးတောင် အားကိုးလို့မရ။ ဟိုတစ်လောက ဒေသဖွံ့ဖြိုးရေးစီမံချက်နှင့် ဖွံ့ဖြိုးရေးလမ်းထိပ်တွင် သရန်စဖော်မာ တစ်လုံးထိုင်ပြီး လမ်းမီးဆွဲကာ ရပ်ကွက်အရောက် သွယ်စစ်မီးများ ပို့ပေးမည်ဟု ကြားရသည်။ ထိုအစီအစဉ်များ အမြန်ဖြစ်ပါစေဟု ဆုတောင်းရင်း ခြေလှမ်းအရှိန်ကို မြှင့်တင်လိုက်စဉ်. . .

"ကိုငြိမ်းမောင်. . ."

နောက်ကခေါ်သံကြောင့် လှည့်ကြည့်တော့ ခင်ကြေးမုံ. . .

"ဟာ. . အတော်ပဲ မဟုတ်ရင်တောင် မနက်ဖြန်မနက်စောစော မင်းတို့အိမ်ဘက် လျှောက်လာမလို့"

ထုံးစံအတိုင်း သူမ မျက်နှာ ငုံ့ငုံ့လေးနှင့် ယှဉ်လျှောက်ကာ. .

"အလုပ်ကိစ္စလားဟင်. ."

"ဒါပေါ့ကွ ဒီနေ့ ငါတို့သူဌေး ဆိုက်ထဲရောက်လာလို့. . ငါမန်နေဂျာဆီ ခွင့်တောင်းပြီး သူဌေးနဲ့သွားတွေ့လိုက်တယ်၊ ကျွန်တော့်ညီမလေးတစ်ယောက်ကို အလုပ်သွင်းပေးချင်လို့ ကုမ္ပဏီမှ အလုပ်တစ်နေရာစာလောက်ပေးပါလို့ပြောတော့ သူဌေးက. . အေး ကွန်ပျူတာစာရေးမတော့ လိုနေတယ် ဓါတ်ပုံနဲ့စာရွက်စာတမ်း အပြည့်အစုံ





လုပ်ပြီး တင်ပေးလိုက်တဲ့ကွ. ."

"ဟုတ်လား. . ဝမ်းသာစရာပဲ ကျွန်မမှာ CV ဖောင်ဖြည့်ပြီးသား တစ်ခုရှိတယ်၊ ဓါတ်ပုံလည်းရှိတယ်၊ ဟို. . မှတ်ပုံတင် မိတ္တူတို့ထောက်ခံစာတို့ပါ လိုမှာပေါ့နော်၊ ဘွဲ့လက်မှတ်မိတ္တူရောပဲလား. ."

"အေးလေ. . အလုပ်လျှောက်တဲ့ ထုံးစံအတိုင်းပေါ့၊ အဲ့ဒါအဆင်သင့်လုပ်ထားလိုက်လေ၊ နောက် သုံးရက်လောက်မှ ငါလာယူမယ်. ."

"ဩော်. . ဟုတ်. . ကျေးဇူးပဲနော် အဟင်းဟင်း. ."

"ဒါနဲ့ မင်း အခုဘယ်ကပြန်လာတာလဲ"

"အလုပ်ထွက်ရှာတယ်ပဲ ဆိုပါတော့၊ ကိုငြိမ်းမောင်ဆီကရရင်လည်းရပေါ့ မရလည်း ကိုယ့်ဘာသာ အဆင်ပြေအောင် ကြိုတင်စီစဉ်တဲ့ သဘောပါ. ."

"အင်းလေ ဟုတ်ပါတယ်. . ဒါနဲ့ ဟိုကောင် ကျော်ဇဆိုတဲ့ကောင်. . ညနေဖက် အလုပ်ကပြန်လာတဲ့ ငါ့ညီမနဲ့အစ်မကို လိုက်ကြောင်နေတယ်လို့ အခုပဲ ကြားလာတာ ဒီကောင်တော့ ပြဿနာပဲ"

ဆိုတော့က သူမထံမှ သက်ပြင်းချသံကြားရပြီး. .

"ကျွန်မသိတယ်. ."

"ဟေ. . ."

"အဲ့ဒီ အစ်မနှစ်ယောက်က ကိုငြိမ်းမောင်ရဲ့ ညီအစ်မတွေဆိုတာသာ မသိတာ ဒီလူယုတ်မာ ကြံစည်နေပြန်ပြီဆိုတာ သိတယ်. ."

"ဟေ. . မင်းက ဘယ်ကနေဘယ်လို. ."

"ဩော်. . အန္တရာယ်ရှိတဲ့သူဆိုတာ ကိုယ့်မျက်စိနဲ့မြင်အောင်ထားရတယ်လေ ကိုငြိမ်းမောင်ရဲ့၊ ဒါမှ ရှောင်လို့ရမှာ"

"အင်း. . အဲ. . အေးကွာ အဲ့ဒါဆို ငါလည်း အိမ်ကမိန်းက



www.burmeseclassic.com

www.burmeseclassic.com

လေးတွေကို သတိပေးရတော့မယ်. . ”

“သိပ်လည်း စိတ်မပူပါနဲ့ရှင်၊ သူ့မှာနောက်တစ်ကြိမ် ကျူးလွန်နိုင်ဖို့ အခွင့်အရေး မရှိတော့ပါဘူး. . ”

“ဟမ်. . ”

“သြော်. . ဒီလိုပါ၊ ဒီလူမှာ ဒီလိုစရိုက်ရှိတယ်ဆိုတာ အခုအားလုံးသိနေပြီလေ၊ မသိခင်တုန်းကသာ သူ့အတွက်လွယ်တာ အခုသိနေတော့ ဘယ်သူမဆို သတိနဲ့ကြည့်နေကြမှာပဲ ဘယ်လွတ်တော့မလဲ အဲ့ဒါပါ. . ”

“အေးလေ အဲ့သလိုတော့ တွက်ရတာပဲ. . ဒါပေမယ့်လည်း သတိဆိုတာပိုတယ်မရှိဘူး မဟုတ်လား. . ”

“ဟုတ်တာပေါ့. . ”

“မင်းလည်း သိပ်ပြီး အတင့်မရဲနဲ့ ခင်ကြေးမုံ. . ဒီအချိန်မျိုးဆိုတာလည်း သိပ်ပြီး စိတ်ချရတာမဟုတ်ဘူး၊ ဖြစ်နိုင်ရင် နေမဝင်ခင်ရပ်ကွက်ထဲ ပြန်ရောက်တာ အကောင်းဆုံးပဲ. . ”

“အင်းပါ ရှင်လည်း ကျွန်မအတွက် စိုးရိမ်ပေးတာပဲနော်. . ”

“သြော်. . ခင်ကြေးမုံရယ် ငါ့အတွက် မင်းက ရှားရှားပါးပါး ရလိုက်တဲ့ သူငယ်ချင်းလေးပါ. . . ”

သူစကားဖြတ်ပြီး လှည့်ကြည့်တော့ သူမ အငိုက်မိသွားပုံရသည်။ သူမြင်ဖူးချင်လှသော သူမ၏ အကြည့်မျက်လုံးတွေနှင့် တည့်တည့်ဆုံလေသည်။

လှလိုက်တာ. . . ပိတ်သောအမှောင်ထဲမှာတောင် သူမ၏မျက်လုံးတွေ ပန်းရောင်သမ်းကာ ကြည်နေသည်။ သို့သော်. . မျက်တောင်မခတ်ဘဲ ကော်ပတ်ရုပ် မျက်လုံးတွေလို ငြိမ်လွန်းနေတာကြောင့် သူသေချာအကဲခတ်ကြည့်ဖို့ ကြိုးစားတော့ ဖြတ်ခနဲ လွှဲကာ





ယ်လေသည်။ ဒါကလဲ. . ဝမ်းနည်းအားငယ်ရိပ်တွေ ဖုံးနေတာလားဒါမှမဟုတ် နာကျင်ခံစားမှုတွေကို လျှို့ဝှက်ခြင်းပဲလား၊ တစ်ကယ်တော့ငြိမ်းမောင်က လူကဲခတ် ကျွမ်းကျင်သူတော့မဟုတ်ပါ။ သို့သော် တစ်စုံတစ်ရာ ထူးခြားမှုရှိနေတဲ့ မျက်လုံးမျိုးဆိုတာကိုတော့. . ငြိမ်းမောင်တောက်ချက်ဆွဲမိခဲ့ပါပြီ. . ။

သို့နှင့် ရပ်ကွက်ထဲဝင်လာကြပြီး သူတို့လမ်းထိပ်မှာပင် နှုတ်ဆက်ကာ လူချင်းခွဲကြခိုက် သူမလျှောက်သွားရာဖက် လမ်းတစ်လျှောက်လုံး ခွေးအူသံများ ဆူညံသွားသဖြင့် ငြိမ်းမောင်ပင်လျှင် ကြက်သီးမွေးညှင်းထမိလေတော့၏။


www.burmeseclassic.com

www.burmeseclassic.com



## အခန်း (သုံး)

ဒီရက်တွေ ရှင်ရှင်ပျပျမရှိဘဲ ငေးငူနေသော ငြိမ်းမောင်အား အောင်သာရော ကျော်ဝင်းဦးပါ သတိထားမိနေသည်။ တစ်နေ့ခင်းတော့ အလုပ်ခွင်ထဲ ထမင်းစားနားရင်း အောင်သာက စကားစပေးလိုက်သည်။

"မင်းကောင်တော့ ဟက်ထိနေပြီ ထိုးကျော်ရေ. ."

"ဟုတ်လား ဆိုဒ်ထဲကလား. ."

"သူတို့ရပ်ကွက်ထဲကတဲ့ကွ သူပြောသလောက်ကတော့ အတော်ချော အတော်လှဆိုပဲ ဘွဲ့ရပြီးသားတဲ့. ."

"ဂွတ်လှချည်လား၊ ငါ ဆေးရုံတက်လိုက်တာ ငြိမ်းမောင် ကံဇာတာ ပြောင်းသွားမှန်းတောင် မသိလိုက်ရပါလားဟ. ."

"ဟုတ်တယ် မင်းကိုဆေးရုံပို့တဲ့နေ့မှာပဲ ဇာတ်လမ်းစတာ"

"ဩော် ဒီလိုလား. ."

ထိုနောက် အောင်သာက ဖောက်သည်ချလက်စနှင့် သူသိသလောက် အကျဉ်းချုံကာ ပြောပြပြီး. . .

"အခု သူ့ကောင်မလေးကို ရုံးချုပ်မှာ အလုပ်သွင်းပေးမလို့တဲ့. . အဲ့ဒါကို ငါက မင်းလောက်မိုက်တဲ့သူ ရှိဦးမလားဆိုပြီး ပြောပြလို့. . ဆုတ်လဲစုး စားလဲရှုးဖြစ်နေတာလေ၊ ကြည့်ပါလား ဘဲနာကို ခွေးကိုက်ပစ်တဲ့ရုပ်နဲ့. . ."

"အေး. . အဲ့ဒါ မင်းကိုက်တာလေ. ."







ဆိုတော့ကာ အောင်သာရယ်ပြီး. . .

"မင်း စဉ်းစားကြည့်လေ ဖိုးကျော်၊ ရုံးချုပ်ဆိုတာ သန့်သန့်လေးနေကြတဲ့ဝန်ထမ်းတွေကွ. . မညာတတ်တွေလည်း ပေါတဲ့နေရာ သူ့ကောင်မလေးကို အဲ့ဒီပို့လိုက်တော့ အဲ့ဒီက မင်းသားရုံးကို ကောင်



www.burmeseclassic.com

www.burmeseclassic.com



တွေမြင်ပြီ ဒီကောင့်လို ဆိုဒ်ထဲက အာပေတူး လူကြမ်းရုပ်ကို မျက်လုံးထဲ ထည့်နိုင်တော့မလား. . စဉ်းစားလေ၊ အဲ့ဒါ. . ကိုယ်လည်းပင်းကိုယ် ကြိုးကွင်းစွပ်တာခေါ်တယ်. . ”

“ဒါဆို. . ငါဘာလုပ်ရမလဲ၊ ဟိုမှာလည်း ပြောပြီးပြီ ဒီမှာလည်း ပြောထားပြီ”

“ဘယ်မှာပဲ ဘာပြောပြောလေကွာ ဘာမှမဖြစ်သေးတဲ့ အခြေအနေမှာ ဘာမှဆက်မလုပ်တော့နဲ့ပေါ့ကွ ငါ့နှယ်”

“ချီးပဲကွာ. . ဟိုမိန်းကလေးအပေါ်မှာ ငါ စကားမတည်သလို ဖြစ်ပြီပေါ့ကွ. . . ”

“အေး. . တည်ချင်တည်လိုက်ပေါ့၊ မင်းဟာ ပွဲတာပဲ ငါ့ဟာ ပွဲတာမှ မဟုတ်တာ. . ၊ အေး. . ဘာပဲလုပ်လုပ် လွင်မိုး ပြောသလိုပဲ ဉာဏ်ကို လွှာပြီးသုံး သိပ်မတုံးနဲ့. . ”

ထိုနေ့တစ်နေ့လုံး ငြိမ်းမောင် အလုပ်ထဲမှာပဲ စိတ်နှစ်ပြီး ဘာမှမတွေးမိအောင် လုပ်ကိုင်နေလိုက်သည်။ ညနေစောင်း အလုပ်သိမ်းပြီးပြန်တော့ ခါတိုင်းလို သူငယ်ချင်းတွေ ဆိုင်ထိုင်ကြတာမျိုးတောင် မလုပ်တော့ပဲ. . ပြန်ဖို့သာ စိတ်စောထားလေ၏။

၅ ၅ ၅ ၅

ဟိုရက်တွေကတော့ ကားပေါ်ကဆင်းသည်နှင့် ခင်ကြေးမုံနှင့်များ ဆုံဦးလေမလားဟု တက်မက်စွာ ရှာဖွေနေမိသည်။ ဒီနေ့တော့





သူမနှင့်ဆုံရမှာကို ဝန်လေးသလိုလို စိတ်ကဖြစ်နေခြင်းအတွက် ဘာသာသည်းမခံနိုင်လောက်အောင် ဖြစ်လာလေသည်။ ငါ့နှယ်တွာ မေးရင်း ဘယ်လိုပြောရမှန်းကို မသိတော့ပါဘူး။ ခွေးကောင် အောင်သာပြောတဲ့စကားကလည်း တစ်ကွက်မှကို ငြင်းစရာမရှိတာ၊ ဟုတ်လည်းဟုတ်တာပဲ ငါကိုက တုံးတာ၊ ရုံးချုပ်မှာရှိတဲ့ ယောကျ်ားတွေက အကုန်လုံး ဖြူဖြူသန့်သန့်ချည်းပဲ ငါက မည်းမည်းသည်းသည်း ဟိုအကောင်တွေနဲ့ နေ့စဉ်ရင်းနှီးနေမှတော့ ငါ့ကိုဘယ်လိုလုပ် မျက်လုံးထဲ ထည့်နိုင်တော့မှာလဲ တစ်ကယ်ပါပဲ. . . ။

သူ့အတွေးနှင့်သူ တငုံ့ငုံ့လျှောက်နေတုန်း မျက်နှာချင်းဆိုင်ဆီက လျှောက်လာနေသော မိန်းကလေးအား အမှတ်တမဲ့မြင်ပြီး ခေါင်းနားပမ်းကြီးကာသွားသည်။

ဟင်. . ခင်ကြေးမုံပဲဟ. . ။

ခါတိုင်းတော့ အောင်သာတို့နှင့် ဆိုင်ထိုင်ပြီးမှ ပြန်သဖြင့် လမ်းထိပ်ရောက်လျှင်(၈)နာရီ၊ ဒီနေ့တော့ ဆိုင်မထိုင်ဘဲ တန်းမတ်စွာပြန်လာသဖြင့် နေဝင်ချိန် ညီအစ်ကို မသိတသိချိန်လေး ရောက်ခဲ့သည်။ ဒါပေမယ့်လည်း အဝေးကမြင်နေရသူကို ခင်ကြေးမုံဆိုတာ နှလုံးသားနှင့် သိလေသည်။

“ဒုက္ခပဲကွာ မတွေ့ချင်ပါဘူးဆိုမှ”

ငြိမ်းမောင်ကြံရာမရဖြစ်နေခိုက်မှာပဲ သူမနောက်မှ ဆိုင်ကယ်တစ်စီး ခပ်ကြမ်းကြမ်းလေး မောင်းလာသဖြင့် သူမ တစ်ချက်လှည့်ကြည့်စဉ် ငြိမ်းမောင် အခွင့်သာသွားပြီး နီးရာလမ်းဘေးအစပ်ဆီ ပြေးတာကပ်မိလိုက်တော့သည်။ ထူပူနေသည့်စိတ်နှင့် ပြေးဝင်ပုန်းခိုပြီးကာမှ ကိုယ်ရောက်နေသည့်နေရာက အုတ်ဂူတွေ ပြွတ်ခဲ့နေသည့် နေရာဖြစ်မှန်းသိကာ ကျောစိမ့်ကာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ အစောကြီးရှိသေးတာပဲ ဒီအချိန်ကြီးတော့ ဘယ်သရဲမှ ထွက်မလာဘူး"ဟု သူ့ဘာသာအားတင်းကာ ငြိမ်ဝပ်နေမိသည်။

ထိုစဉ်အတွင်းမှာပင် သတိတစ်ချက် လက်ခနဲရကာ မျက်မှောင်ကြုံ့သွားသည်။

မဟုတ်သေးပါဘူး. . စောစောကမောင်းလာတဲ့ ဆိုင်ကယ်က ဘယ်ရောက်သွားတာလဲ၊ ယခုအချိန်အထိ ဆိုင်ကယ်ဖြတ်မောင်းသံ မကြားရ. . ဆိုင်ကယ်လည်း မတွေ့ရ၍ ငြိမ်းမောင် သူမအတွက် စိုးရိမ်သွားကာ ခေါင်းထောင်ကြည့်မိပြန်ပါသည်။ သို့သော်လည်း မတွေ့သဖြင့် လမ်းပေါ်ပြန်ထွက် ကြည့်ရကောင်းမလား စဉ်းစားပြီးမှ အကြံရကာ အုတ်ဂူတွေကြားထဲ ကုန်းကုန်းကွကွ တိုးပြီး သူမရှိနေရာလောက်အထိ အကာအကွယ်နှင့် လျှောက်လာခဲ့သည်။

ဟုတ်ပါသည် သူမျှော်လင့်တွေးထင်ထားသည့်အတိုင်း ဆိုင်ကယ်ကို လမ်းဘေးအတော်စပ်စပ်တွင် ဒေါက်ထောက်ရပ်ထားကာ ထိုနေရာမှာပင် ဆိုင်ကယ်သမားနှင့် ခင်ကြေးမုံတို့ အမှောင်ရိပ်ခိုရပ်ပြီး စကားပြောနေကြလေ၏။

ဘာလဲဟ. . .။

ငြိမ်းမောင် ရင်ထဲ ပန်းပွင့်ကုန်ပြီ. . ခြေသံလုံလုံနှင့် သူမတို့နှစ်ယောက်နှင့် မြင်နိုင်ကြားနိုင်လောက်သည့် နေရာအထိ တိုးကပ်ကာသွားသည်။ ရင်ထဲမှာလည်း သစ္စာဖောက်ခံရသလို ခံစားနေရသဖြင့် အိုက်တင်လုပ်ပြီး စကားပြောနေသော ဆိုက်ကယ်သမားအားမြေပြီး ဆောင့်မကန်မိအောင် အတော်အောင့်မြိုနေရသည်။

"ရှင် ဘယ်မှာမြင်ဘူးလဲ ပြောလေ. ."

"ကိုယ် အဲ့ဒါကိုစဉ်းစားနေတာ တစ်ယောက်ယောက်နဲ့ အတော်တူတယ်ကွာ တစ်ကယ်ပါ. .၊ ဒါနဲ့ မင်းနာမည်လေး မသိရဘူးလား. ."

"မသိချင်ပါနဲ့ရှင်. ."

"ဟာ. . ပြောပါကွ မင်းက တစ်အားလှလွန်းတော့ မင်းရဲ့ အလှတရားလေးကို နာမည်လေးနဲ့ သိမ်းထားချင်လို့ပါ. . ဟဲဟဲဟဲ"

"ကျွန်မ နာမည်က မြဝတ်ရည်တဲ့. ."

"ဟာ. . ကြည့်စမ်း ဒီမိန်းကလေး အတော်ပလီပါလား၊ ငါ့ကိုတော့ ခင်ကြေးမုံတဲ့ ဟိုကောင်နဲ့ကျတော့ မြဝတ်ရည်. . တောက်. ."

ငြိမ်းမောင် တစ်ယောက်ထဲ ဒေါသအိုးကွဲကာ တောက်ခေါက်မိသွား၍ ခင်ကြေးမုံတို့ စကားဖြတ်ကာ နားစွင့်ကြသည်။

ငြိမ်းမောင်လည်း သူ့အမှားသူသိပြီး အုတ်ဂူအပေါက်ကြီးထဲ တိုးဝင်ကာ ပုန်းလိုက်ရသည်။ အုတ်ဂူဖျက်ထဲရောက်ပြီးမှ အူတွေ အသည်းတွေယားကာ ကြက်သီးဖျန်းဖျန်းထသော်လည်း မလှုပ်ရဲ။

"အသံက ဒီနားကပဲ"

"ကျွန်မတို့ နားကြားမှားတာ နေမှာပါရှင်"

"ဟုတ်မှာပါလေ၊ လာဗျာ ဒီမှာ ခဏထိုင်ကြရအောင် ဒီနားက ဃေကလေး တဖြူးဖြူးနဲ့ဆိုတော့ ထိုင်လို့ကောင်းပါတယ်"

ပြောပြီး ဆိုင်ကယ်သမားက ငြိမ်းမောင်ပုန်းနေရာ အုတ်ဂူရှေ့ရှိ အုတ်ဂူကြီးပေါ် တက်ထိုင်သဖြင့် ခင်ကြေးမုံလည်း အနည်းငယ်ခွာ၍ တက်ထိုင်လေသည်။ ငြိမ်းမောင်အတွက်တော့ ခြေချုပ်မိချေ၏။

"သြော်. . မြဝတ်ရည်က ဒီရပ်ကွက်ကပဲလား. ."

"ဟုတ်တယ်လေ ရှင်ကရော. ."

"ကိုယ်လည်း ဒီရပ်ကွက်ကပါပဲ ကိုယ့်နာမည်က ကျော်ဇလို့ ခေါ်တယ်၊ စင်ကာပူမှာ အလုပ်ထွက်လုပ်နေတာလေ ပြန်ရောက်တာ တော့ မကြာသေးဘူး. ."






www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား. ."

ကြည့်စမ်းကြည့်စမ်း. . သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ဖြစ် နေလိုက်ကြတာများ၊ ဟား. . ဘယ်ကသူတော်လည်း ဝရမ်းပြေးနဲ့ မိန်းမရှင်မ လာတွေ့နေတာ၊ ငါကတော့ မိန်းမကောင်းလေးမှတ်လို့ တန်ဖိုးထားလိုက်ရတာ. . လက်စသပ်တော့ သင်းက. . ဟင်း. .။

ငြိမ်းမောင် တောက်မခေါက်မိအောင် မြို့မြို့ချပြီး လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။

"ဒါနဲ့ အခုဘယ်သွားမှာလဲ မြဝတ်ရည်၊ ကိုယ့်မှာ ဆိုင်ကယ် ပါတယ်လေ. . ဘယ်သွားချင်လဲ ဇေရက်တောင်လား ခါကာဘိုရာဇီလား အေးဆေးနော်၊ တောင်ဘက်စွန်းသွားပြီး ရေခဲပြင်စကိတ်စီးချင်တယ်ဆိုလည်း ဖြစ်တယ်. ."

"အဟင်းဟင်းဟင်း. . ခစ်ခစ်ခစ်. . ကိုကျော်ဇက အပိုတွေ သိပ်ပြောတတ်တာပဲနော်. ."

"တစ်ကယ်ပါ မြဝတ်ရည်ရယ် ကိုယ့်အတွက်မင်းက ပထမဦးဆုံး မိန်းကလေးအဖော်ပါ ရတ်တရက် ဒီရင်းနှီးခွင့်ရလိမ့်မယ်လို့လည်း လုံးဝထင်မထားဘူး. . ."

"အဲ့ဒါကြောင့် သဘောကောင်းပါရစေ ဆိုပါတော့. ."

"ဒါပေါ့. . ဟဲဟဲဟဲ မင်းလေးက တအားကို ပါးနပ်တာပဲ လာလေ ကိုယ်တို့လျှောက်လည်ကြမယ်. ."

"ဟာ မသွားချင်ပါဘူး အချိန်မှမရှိတော့တာ. ."

"လာပါကွ. . ."

ထိုနောက် ကျော်ဇဆိုသည့်လူ အုတ်ဂူပေါ်က အလျှင်ဆင်းကာ သူမကိုချည်တွဲချဖို့ ပြင်လိုက်သည်။ သူမက မူနွဲ့နွဲ့လေးလုပ်ကာ ငြင်းနေသဖြင့် ကျော်ဇ လက်ရဲဇက်ရဲပင် လှမ်းပွေ့ကာ အုတ်ဂူပေါ်မှ







တွဲချ. . လူချင်းလဲ ပြန်မခွာတော့. .။

အမှောင်ထုက တစ်စထက်တစ်စ ကြီးစိုးလာပြီး သူမတို့နှစ်ဦး၏ လှုပ်ရှားမှုအား မည်းမည်းအရိပ်သဏ္ဌာန်လောက်သာ ငြိမ်းမောင် မြင်နေရပြီး တစ်ချက်သဲ့သဲ့ကြားရသော ညည်းညူသံနှင့် အသံ ပြင်းပြင်းတွေကြောင့် ငြိမ်းမောင်ရင်ထဲ ဆူးလှည်းကြီးဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ရကာ မျက်လုံးစုံမှိတ် နားနှစ်ဖက်ပိတ်ပြီး မေးရိုးတွေကြွေကျလုတစ်မျှ အံကိုတင်းတင်းကြိတ်ထားသည်။

သူ့စိတ်အထင် နာရီဝက်လား တစ်နာရီလား၊ ပူလောင်ညစ်ကပ်နေသော စိတ်ကြောင့် အချိန်ဘယ်ရွေ့ဘယ်မျှ မသေချာ၊ သေချာတာက ဒီလိုနိမ့်ကျ နာကျင်စရာကောင်းသော နေရာသို့ သူဝင်ရောက်ပုန်းခိုနေရသည်မှာ အတော်ကြာသွားပြီဆိုတာပင်။

မမြင်ချင် မကြားချင်မှုအတွက် အသက်နှင့်ပေးဆပ်ပြီး ပြေးရလည်း ဒီဂူပျက်ထဲမှာပင် သေပစ်လိုက်ဖို့အထိ စိတ်အားကုန်ခမ်းသွားခဲ့သည်။ ပြင်းထန်လှသော နာကျည်းမှုအား တစ်ထိုင်တည်း သေအံ့မူးမူး နာကျင်ကြေကွဲစွာ ခံစားရပြီးနောက် သူ့စိတ်ထဲမှာ ခင်ကြေးမုံဆိုတာ မရှိတော့. . .။

သို့နှင့် မုန်းတီးနာကျည်းစွာနှင့်ပင် မျက်လုံးကိုဖွင့်ကြည့်ရာ အုတ်ဂူပေါ်မှာ ကိုယ်တစ်ပိုင်းအောက်ချ၍ မှောက်လျက်အနေအထား အရိပ်မည်းသဏ္ဌာန်ရှိနေသေးသဖြင့် သူစိတ်ပျက်သွားသော်လည်း. . တစ်ယောက်လား နှစ်ယောက်လားဆိုတာ မသေမချာ မြင်နေရမှုကြောင့် သေချာအားစိုက်ကြည့်ရင်း အသံကိုပါ နားစွင့်ကြည့်လိုက်သည်။

ဒလတိုးသံသဲ့သဲ့မှလွဲ၍ တိတ်ဆိတ်နေသော ဝန်းကျင်ထဲ ထိုအရိပ်မည်းမည်းက လုံးဝမလှုပ်မယှက် ငြိမ်သက်ကာနေသည်။

ငြိမ်းမောင် ဝေခွဲရခက်စွာ ရှိနေခိုက် သချိုင်းအစပ်ဆီမှ ခွေးအူသံအား ဆွဲဆွဲငင်ငင်ကြားလိုက်ရသဖြင့် ငြိမ်းမောင် တစ်ကိုယ်လုံး ဖျင်းခနဲ စိမ့်တက်လာကာ အုတ်ဂူထဲ ဆက်နေဖို့ ဘယ်လိုစိတ်ခွန်အားမျိုးမှ မကျန်တော့သည့်အဆုံး ဖြစ်ချင်ရာဖြစ်ကွာဆိုပြီး တိုးထွက်လာခဲ့သည်။





သူဂူအပြင်ဘက်ရောက်သည်အထိ အုတ်ဂူပေါ်က မည်းမည်းသဏ္ဌာန်က ငြိမ်နေဆဲ၊ အနီးနားကပ်ကြည့်မှ ဘောင်းဘီရှည်နှင့်ဖြစ်၍ ဟိုဆိုင်ကယ်သမား မုဒိမ်းကောင် ကျော်ဇဆိုတာ သိပြီး အနီးနားမှာ ခင်ကြေးမုံများ ရှိနေမလားဟု လှည့်ပတ်ကြည့်သေးသည်။

သစ်ပင်အမှောင်ရိပ်အောက် ရပ်ထားသည့် ဆိုင်ကယ်တစ်စီးမှလွဲ၍ အရိပ်အယောင်မျှပင် မတွေ့ရမှ သူ၏လွယ်အိတ်ထဲက လက်နှိပ်ဓါတ်မီး အသေးလေးကို ထုတ်ယူကာ အုတ်ဂူပေါ်ငြိမ်နေသော ကျော်ဇ၏မျက်နှာကို ထိုးကြည့်မိသည်။

“ဟာ. .”

ဖွေးခနဲလင်းသွားသော ဓါတ်မီးအလင်းရောင်ထဲ လျှာတစ်စောင်းကိုက်ကာ မျက်လုံးတွေပြူးထွက်ပြီး သေနေသည့် ကျော်ဇကြောင့် ငြိမ်းမောင်တစ်ကိုယ်လုံး မြောက်တက်သွားမတတ် ထိတ်လန့်ကာ ဓါတ်မီးကို ပိတ်ပစ်သည်။

ရုတ်တရက် လေပိတ်ကာ အသက်ရှူကြပ်တက်ပြီး တဆတ်ဆတ်တုန်နေသော ဒူးပေါ်မှာ သူ့ခန္ဓာကိုယ်ကို ဘယ်လိုမှ တောင့်မထားနိုင်တော့ဘဲ ညွတ်ခွေကျသွားသည်။

ဘုရားရေ ဘာတွေဖြစ်ကုန်တာလဲ. . .။

သို့သော် ကြိုးစားပြီး စိတ်ကိုတင်းကာ ပြန်ထပြီး အသက်ကိုကြိုးစားရှူသွင်းကာ နောက်တစ်ကြိမ် ဓါတ်မီးထိုးကြည့်သည်။

သေနေပြီဆိုသောအသိ၊ ပြီးတော့. . လူသတ်မှုဆိုတဲ့အသိကြောင့် ငြိမ်းမောင် တွေဝေမနေတော့ဘဲ ဓါတ်မီးပိတ်ကာ နောက်ဆုတ်နောက်ဆုတ်နှင့် ရပ်ကွက်ဖက်သို့ သုတ်ခြေတင်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com











## အခန်း (၄)

ဒီနေ့ အလုပ်ပိတ်ရက်မဟုတ်မှန်း သိသော်လည်း ငြိမ်းမောင် လုံးဝအိပ်ရာမထ။ အိပ်လို့မပျော်ဘဲ မတ်တပ်ရပ်ချင် ထထိုင်ချင်စိတ် ကို မရှိ၍ လှိမ့်ပိန့်အိပ်နေခြင်းဖြစ်သည်။ အားလုံးကိုယ်စီကိုယ်ငှ အလုပ်ဆင်းကြပြီး အိမ်မှာ ငြိမ်းမောင်တစ်ယောက်သာ အိပ်ရာမထဘဲ ရှိနေသဖြင့် မိခင်ဖြစ်သူ အခန်းထဲဝင်လာကာ. .

"သားရေ ကိုငြိမ်း. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်. . နေမကောင်းဘူးလားသား. ."

"ဟုတ်. . ကိုယ်တွေလက်တွေ ရိုက်ထားသလို နာနေလို့. ."

"ဟေ. . ဒါဆို ဆေးသောက်မှပေါ့၊ အလုပ်မသွားနဲ့တော့ ကြားလား. ."

"ဟုတ်. . ."

"ဒါဆို. . ထပြီး မျက်နှာသစ်လိုက်၊ အဆာပြေစားပြီး ဆေးသောက်"

"ကျွန်တော် မထချင်ဘူး အမေရာ"

မိခင်ဖြစ်သူက နဖူးလေးစမ်း လက်ကလေးကိုင်ကြည့်ပြီး. .

"ကိုယ်တော့ မပူဘူးပဲ၊ အေးလေ. . သား အလုပ်က အရမ်းပင်ပမ်းတာကိုး၊ ကဲ. . ကဲ. . အမေ ကော်ဖီဖျော်ပြီး ပေါင်မုန့်ခြောက်လေး ယူလာပေးမယ်၊ အဲ့ဒါလေးစားသောက်ပြီး ဆေးသောက်၊ အကိုက်အခဲပျောက်ဆေးလေး မနေ့က အမေဝယ်ထားတာ ကျန်ဦးမယ်. ."

ပြောပြီး မိခင်ဖြစ်သူ အခန်းထဲက ပြန်ထွက်သွားသဖြင့် ငြိမ်းမောင် ပြန်ကွေးကာ မှိန်းနေပြန်ပါသည်။ ညကပြဿနာ ဒီမနက်ဘာသတင်းမှ မကြားရဘူးလား။ ဒီအတိုင်းဆို ခင်ကြေးမုံ ဟိုကောင့်ကို အယုံသွင်းပြီး သတ်သွားတာပဲ. . ဒုက္ခပဲကွာ. .။

ခဏကြာတော့ မိခင်ပြန်ရောက်လာပြီး ကော်ဖီနှင့် မုန့်ချပေးသဖြင့် သူထထိုင်ကာ စားလိုက်သည်။ ခုမှပင် မနေ့ညက ထမင်းမစားဖြစ်ပဲ အိပ်ရာဝင်ခဲ့မိတာ သတိရသည်။ ထို့နောက် အမေက. .

"သားရေ. ."

"ဗျာ. . ."





"မင်းပြောတဲ့ ဟိုယောင်ထွက်တော့ ညက လမ်းဘေးသချိုင်းပျက်မှာ အသတ်ခံရသတဲ့. ."

"ဟင်. . ဟုတ်လား. ."

ငြိမ်းမောင် ဘာမှမသိသလို ဟန်ဆောင်ကာ အံ့ဩသလို အမူအရာကြောင့်. .

"သွားကြည့်တဲ့သူတွေပြောတာတော့ လည်မြိုအညစ်ခံရတာတဲ့ လျှာထွက်ပြီး မျက်လုံးတွေပါ ပြူးထွက်နေတာတဲ့၊ လည်ပင်းမှာ အညိုအမည်းစွဲနေတဲ့ လက်ငါးချောင်းရာက အတိုင်းသားပဲတဲ့၊ ဒီမနက်တော့ ရဲတွေရောက်လာပြီး အလောင်းလာသယ်သွားပြီ. . ."

"တရားခံရော မိသွားလား အမေ. ."

"ဘယ်လိုလုပ်မိမှာတုန်း၊ လောလောဆယ်တော့ ရှောင်နေမှာပေါ့၊ ဒါပေမယ့် လူတွေပြောနေကြတာတော့ သူ မတရားကြံပြီး သတ်လိုက်တဲ့ ကောင်မလေးက မကျွတ်ဘူးလေ၊ အခု အဲ့ဒီကောင် သေတဲ့နေရာကလည်း အဲ့ဒီကောင်မလေး သေတဲ့နေရာဆိုတော့ သရဲမက လက်စားချေတာပဲ နေမှာတဲ့သားရဲ့"

"ဟာ. . မဖြစ်နိုင်တာ အမေရာ၊ မကျွတ်ဘူး ကျွတ်တယ်ဆိုတာ ဘယ်သူကမြင်လို့လဲ. ."

"မသိဘူးလေ ရပ်ကွက်ထဲ ပြောနေကြတာ အမေကြားတာလဲ၊ အဲ့ဒီသရဲမလေးနာမည်က ခင်ကြေးမုံတဲ့. . လှလိုက်တဲ့နာမည်"

"ဗျာ. . ."

"မနက်က အငယ်မတို့ အဆာပြေစားဖို့ အမေမုန့်ဟင်းခါးထွက်ဝယ်တော့ ဆိုင်မှာပြောနေကြတာ အမေကြားခဲ့တာသားရဲ့၊ အဲ့ဒီသရဲမလေးက ညတိုင်း ဖွံ့ဖြိုးရေးလမ်းပေါ် လျှောက်နေတာ တွေ့တဲ့သူလည်း တွေ့တယ်တဲ့၊ အဝါရောင်ဝမ်းဆက်နဲ့ ဆံပင်ကလည်း အရှည်



www.burmeseclassic.com

www.burmeseclassic.com

ကြီးပဲတဲ့၊ လမ်းထဲမှာ ခွေးအူသံ ဆူညံနေလို့ကတော့ ထွက်မကြည့်နဲ့ သူပဲတဲ့. . . ”

ငြိမ်းမောင် နားထောင်နေရင်းက နားအုံနားရင်းတွေ ကားကုန်ကာ ကြက်သီးဖျန်းခနဲဖျန်းခနဲဖြစ်ပြီး ကျောထဲစိမ့်ကုန်သည်။

“သူတို့က ဒီရပ်ကွက် မတည်ခင်ကတည်းက လယ်စောင့်တဲကြီးထိုးပြီး ကွင်းထဲမှာပဲ နေကြတာတဲ့၊ ရပ်ကွက်တည်ဖို့ သူတို့လယ်တွေ အသိမ်းခံရလို့ အဖေလုပ်တဲ့သူက အဲ့ဒီစိတ်နဲ့ အိပ်ရာထဲ လဲနေတုန်း အဲ့ဒီကလေးမလေးကပဲ စက်ရုံဆင်းပြီး ရှာကျွေးနေတာ၊

ကောင်မလေးရဲ့အမေက အကြားအမြင်ဟောတယ်ဆိုလား။ ဟိုအကောင်ကြောင့် ကောင်မလေးလည်းဆုံးရော မကြာဘူး အဖိုးကြီးရော အဖွားကြီးပါ ရှေ့နောက်ဆင့်ပြီး ဆုံးကုန်ကြတယ်တဲ့. . ၊

သူတို့နေခဲ့တဲ့ လယ်တဲကြီးလည်း သရဲတအားခြောက်လို့ အဲ့ဒီနားက လူတွေပဲ တဲဖျက်ပြီး မီးပုံရှို့ပစ်လိုက်ရတယ်၊ သူတို့ခြံကွက်ကတော့ ဒီအတိုင်းပဲ ဘယ်သူမှ မနေရဲမကပ်ရဲကြဘူးတဲ့”

“အဲ့ဒါ ဘယ်နေရာလဲအမေ. . ”

“ဟဲ့ ဒီလမ်းမကြီးအတိုင်း အထဲဝင်သွားရင် လမ်းအဆုံးပဲလေ၊ အဲ့ဒီမှာ စိန်ပန်းပင်ကြီးတွေ တန်းနေတာပဲ၊ အခုမှ ဒီဇာတ်လမ်းက ပေါ်တာဆိုတော့ အမေတောင် လူပြောသူပြောများလို့ မနက်က မုန့်ဟင်းခါးဝယ်ပြီးအပြန် အဲ့ဒီဖက်သွားကြည့်ခဲ့သေးတယ်. . ၊ အမေ့လိုပဲ သွားကြည့်ကြတဲ့သူတွေ အများကြီးသားရဲ့”

ငြိမ်းမောင် နားထောင်နေရင်းက စိတ်ထဲမှာ သေချာချင်စိတ်က မရိုးမရွဖြစ်လာကာ ကော်ဖီကို တစ်ရှိန်ထိုးမော့ချပစ်မိ၍ ကော်ဖီမှုန့် မည်းမည်းအနှစ်တွေပါ ဝမ်းထဲရောက်ကုန်သည်။ ထို့နောက် သူသောက်ဖို့ အဆင်သင့်လုပ်ပေးထားသော ဆေးလုံးလေးအား ပါးစပ်





ထဲပစ်ထည့်ပြီး ရေသောက်ချလိုက်သည်။ ပြီးမှ. . .

“အမေပြောတာနဲ့ ကျွန်တော်တောင် သွားကြည့်ချင်လာပြီ”

“အင်း. . သွားလေ သား၊ အညောင်းအညာပြေ လျှောက်ရင်းနဲ့ပေါ့၊ ဒီနေ့ တို့သားအမိ ထမင်းလက်ဆုံစားရမှာ. . ဘာဟင်းချက်ရင်ကောင်းမလဲလို့ အမေစဉ်းစားလိုက်ဦးမယ်၊ ကဲ. . သားလည်း အိပ်ရာထတော့လေ. . ”

“ဟုတ်. . ”

ထိုနောက် ညစ်ထုံထုံနေသောစိတ်နှင့် ခန္ဓာကိုယ်အား ရေတဝချိုးကာ သန့်ရှင်းပစ်ပြီး အဝတ်အစားလဲ၍ အိမ်မှထွက်လာခဲ့လေ၏။ မိုးငွေ့လေငွေ့ ယှက်ကာ မှုန်သုန်သုန်ဖြစ်နေသော မနက်ခင်းက သူ၏ မယုံကြည်နိုင်မှု အဖြစ်အပျက်အားလုံးတို့ကို ထောက်ကန်ကာ လေးလံထားစေသည်။

ယခုအချိန်အထိ လုံးဝမဖြစ်နိုင်ဘူးဟု ငြင်းဆန်လိုစိတ်က ရင်ထဲအပြည့်ရှိနေသည်။ ခင်ကြေးမုံဆိုတာ နာမည်တူတာလည်း ဖြစ်နိုင်သည်။ ခုနေခါ သူနှင့်ခင်ကြေးမုံ မျက်နှာချင်းဆိုင် ဆုံမိကြလျှင် ညက အဖြစ်အပျက်ကို မသိချင်ယောင်ဆောင်ထားရမလား၊ မေးရမလားဆိုတာ ဝေခွဲမရဖြစ်မိသည်။ မေး၍လည်းမသင့်။ မေးမှလည်း သေချာမှုကို သူဆုပ်ကိုင်နိုင်မည်ဖြစ်ရကာ တွေ့လျှင် ဥပါယ်တမျှင်နည်းနှင့် မေးရမည်ဟု ဆုံးဖြတ်ထားလိုက်သည်။

သို့နှင့် အနည်းငယ်ကွေ့ဝိုက်သော လမ်းသွယ်အတိုင်း ပေါက်ရောက်နေသော စိန်ပန်းပင်ကြီးတွေအောက်မှ ဖြတ်လျှောက်လာခဲ့သည်။ နီးလာလေလေ ရင်ထဲတဒိတ်ဒိတ် မြည်လာလေလေဖြစ်၍ ငြိမ်းမောင်း လှမ်းမျှော်ကြည့်တာမျိုးတောင် မလုပ်ဘဲ စိန်ပန်းပင်တန်းဆုံးအောင်သာ ခေါင်းငုံ့လျှောက်၍ လာခဲ့သည်။ သို့လျှောက်ရင်းက



www.burmeseclassic.com

www.burmeseclassic.com



သတိဝင်ကာ ခြေလှမ်းတစ်ချက် တုံ့သွားသည်။

နေပါဦး ငါဒီကို ဘာလာလုပ်တာလဲ၊ အလုပ်ကိစ္စလား. . မလိုတော့ဘူးလေ. .၊ ငါ့ရင်ထဲမှာ ခင်ကြေးမုံဆိုတာ ရှိမှမရှိတော့တာ၊ ညကကိစ္စကို အတည်ပြုဖို့ဆိုရင်တော့ ငါဒီနေရာကနေပဲ လှည့်ပြန်တာ ကောင်းလိမ့်မယ် ထင်တယ်၊ ပြဿနာမဖြစ်ခင်. . ရင်တစ်ခုလုံး ပြာကျ အောင် ဖြစ်နေတဲ့ အဖြစ်အပျက်တွေကြောင့် ဒီမိန်းကလေးမျက်နှာကို မင်းဘယ်လိုကြည့်မလဲ ဘယ်စိတ်နဲ့လဲ. . .။

ချာချာလည်ပြီး ဝင်ရောက်လာသော အတွေးတွေကြောင့် ငြိမ်းမောင် ခေါင်းကိုခါရမ်းပစ်ကာ စိတ်ကိုတည်ငြိမ်အောင် ကြိုးစား လိုက်ရသည်။

"ဟာ. . ဘာပဲဖြစ်ဖြစ်ကွာ၊ ခင်ကြေးမုံဟာ လူသားသရဲလား ဟုတ်တယ် ငါသိချင်တာ အဲ့ဒါပဲ၊ ကျန်တာ ငါမသိဘူးကွာ ဘာမှ မသိဘူး. ."

ထို့နောက်မှ သူ့ခြေလှမ်းကို စတင်လိုက်ပါသည်။ သူတင့်နှင့် လျှောက်လာရင်းက အခြားအပင်တွေထက် အနည်းငယ်ပိုကြီးပြီး ပို၍ ကွေးကောက်သော စိန်ပန်းပင်ကြီးနား ရောက်သွားသည်။ ဒါ နောက် ဆုံးအပင်ဆိုတာ သူသိသည်။ ဒီအပင်ကြီးရဲ့ ဟိုဖက်မျက်စောင်းထိုး လောက်မှာ သူမတို့ခြံ ရှိနေသည်။

တဲကြီးတစ်လုံးဆိုပေမယ့်လည်း ခြေတံရှည်သော တဲကြီးဖြစ် ကာ အိမ်ရှေ့ဝရံတာတွင် ခုံတန်းလေးရှိနေသည်။ ထိုခုံတန်းပေါ်တွင် သူမနှင့် နှစ်ယောက်ထဲထိုင်စကားပြောဖူးသည်။ ဒါတွေအားလုံး အိပ် မက်မဟုတ်တာ သေချာသည်။ ဒါဖြင့်. . .

သူအတွေးဖြတ်ပြီး မော့်ကြည့်မည်အပြု. . .

"ကိုငြိမ်းမောင်. . ."





သူ့တစ်ကိုယ်လုံး တောင့်ခနဲဖြစ်ကာ ခေါ်သံကြားရာလှမ်း ကြည့်တော့ ခင်ကြေးမုံတွေ့ရသည်။ ပြီးတော့ သူမတို့ခြံထဲကနေ လှမ်းခေါ်ခြင်းဖြစ်ပြီး ထိုင်ခဲ့ဘူးသော ခုံတန်းလျားနှင့် ခြေတံရှည် တဲ အိမ်ကြီးကိုလည်း သူမြင်ဖူးနေကျ မြင်ကွင်းအတိုင်း တွေ့မြင်နေရချေ ပြီ။ ဒါဆို. . .

ထိုအတွေးစလေးအဆုံးမှာပင် မြင်ကွင်းတစ်ခုလုံး ဟာလာ တင်းလင်းကြီး ဖြစ်ကုန်ကာ သူ့တစ်ကိုယ်လုံး အေးခနဲဖြစ်ပြီး နေရာ မှာပင် ဖင်ထိုင်ကြသွားသည်။

"ဘုရား. . . ဘုရား. . ."

အသံထွက်ရေရွတ်မိသည်အထိ ယောင်နနဖြစ်စိတ်နှင့် ပြန် ၍ထရပ်သည်. . မရ။ သိပ်မကြာသေးသော ရက်ပိုင်းကကမှ ရယ်သံ လွင်လွင် အပြုံးလှလှလေးနှင့် ကောင်မလေးကို ဟောဒီခြံ အဝန်းဝိုင်း ထဲမှာ စကားတွေပြောခဲ့ဘူးတာ ပြန်မြင်ယောင်ကြည့်မိသည်။ စော စောကမှ နားနှင့်ဆတ်ဆတ်ကြားလိုက်ရသော ခေါ်သံကို အခုထက် ထိတောင် ကြားယောင်ဆဲ။ အဲ့ဒါတွေအားလုံး အိပ်မက်မက်သလို ဖြစ်ရသလား. . ။

ငြိမ်းမောင် ရယ်ရမလို ငိုရတော့မလို ဖြစ်ကာ. . မွန်းကြပ် လာသောစိတ်နှင့် အသက်ရှူမဝချင်တော့၍ လွင့်ခနဲဖြစ်နေသော အသိစိတ်ကို ပင်ပန်းကြီးစွာ ထိန်းချုပ်နေရသည်။

သစ်ရွက်ခြောက်တွေ ထုတက်စွာနှင့် ငြိမ်သက်နေသော ခြံ အဝန်းဝိုင်းထဲ တစ်ယောက်ယောက် တစ်ခုခု တွေ့လေနိုးနိုး ငြိမ်းမောင် နွမ်းသွပ်စွာလှမ်းကြည့်ရင်း နှုတ်မှရေရွတ်သံနှင့်. .

"မင်း. . မင်းဟာ တစ်ကယ်ပဲ သရဲမတစ်ကောင်လား ခင် ကြေးမုံ. .၊ ငါရူးသွားမှာကိုရော မင်းမတွက်ဆမိဘူးလား. .၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com

ငါကမင်းကို တိတ်တိတ်ကလေး ချစ်နေတဲ့ကောင်မလေ ခင်ကြေးမုံ. . ၊ မင်း ရက်ရက်စက်စက်ကို လှည့်စားတယ်ကွာ၊ ငါသေပြီ. . ငါသေလောက်တဲ့အထိ ခံရပြီ. . အဲ့ဒါ မင်းသိလား. . "

"ကျွန်မ သိတယ်. . "

ငြိမ်းမောင် ပြာခနဲဖြစ်ပြီး လှည့်ကြည့်တော့ သူမ သူ့ဘေးမှာ သိမ်သိမ်မွေ့မွေ့လေး ဝင်ထိုင်လို့နေသည်။ ငြိမ်းမောင် လန့်ခါကာ ကိုယ်ကို ယိမ်းတွန့်ခွါပစ်၍. .

"ကျွန်မကို ချစ်တယ်ပြောပြီး ကြောက်နေပြီလား. . ဟင်"

"ဟော. . မင်း. . မင်းက. . . "

သူမ မပွင့်တပွင့် ရယ်၍. .

"ကျွန်မ ဘာပဲဖြစ်နေနေ ရှင်ချစ်နေဖို့ပဲ လိုအပ်တာပါ။ ကျွန်မအတွက်တော့ ရှင်က တစ်ကယ့်ကို ယောကျ်ားကောင်းတစ်ယောက်ပါ။ ရှင်စိတ်ဆင်းရဲရမယ့်အမြင် အကြားမျိုး ကျွန်မပေးမိလို့ ကျွန်မကိုယ် ကျွန်မလည်း ဘယ်တော့မှ ခွင့်မလွှတ်ပါဘူး. . ၊ ဒါပေမယ့် ခင်ကြေးမုံဆိုတာ ရှင်နဲ့စပြီးဆုံခွင့်ရကတည်းက မသန့်ရှင်းတဲ့ဘဝနဲ့လေ အဲ့ဒီလူယုတ်မာကြောင့် ကျွန်မဘဝ ညစ်ညမ်းခဲ့ရတယ်၊ ခန္ဓာပျက်ခဲ့ရတယ်၊ အဲ့ဒီစိတ်နဲ့ပဲ မိဘနှစ်ပါးစလုံး လုံးပါးပါးခဲ့ရတယ်. . ၊

ဒါဆို ကျွန်မ ဒီလူကို အတုန့်အလှည့် ပြန်ပေးရတာ ထိုက်တန်မှာပါ။ မိန်းကလေးတန်မဲ့ ဒီလိုရက်စက် ကြမ်းကြုတ်ရသလားဆိုတဲ့စိတ်မျိုး ရှင်တွေးလည်း. . ဖြေလျှော့ပေးနိုင်မှာပါ။ တစ်ခုပဲ ကျွန်မက်ဆိုးတာ. . ဒီလူယုတ်မာကို သုတ်သင်ဖို့ အခွင့်အရေးကောင်း ရနေတဲ့အချိန်မှာ တိုက်တိုက်ဆိုင်ဆိုင် ရှင်လည်းရှိနေတာလေ. . "

"ဘာ. . ဘာ. . ငါ . . ငါ ရှိနေတာ မင်းသိတယ်. . "

"သိတာပေါ့. . ရှင်အဝေးက လျှောက်လာတာကိုရော၊ အုတ်ဂူပျက်ထဲ ဝင်ပုန်းနေတာကိုရော၊ ခံပြင်းဒေါသစိတ်နဲ့ တောက်ခေါက်နာကျင်နေတာကိုရော. . အားလုံး. . အားလုံးပါပဲ၊ ဒါပေမယ့် အဲ့ဒါကို အားနာပြီး ကျွန်မလက်လွှတ်လိုက်ရင် နစ်နာစရာတွေ ဖြစ်လာလိမ့်မယ်၊ ဒီရက်ပိုင်းအတွင်းမှာ ရှင့်အစ်မနဲ့ ညီမနှစ်ယောက်စလုံးကို အဓမ္မခိုးပြေးဖို့ ဒီလူယုတ်မာက သူ့အပေါင်း အသင်းနဲ့ တိုင်ပင်ထားတယ်"

"ဟင်. . . "

"ကျွန်မ ရှင့်ကိုအားနာစိတ်နဲ့ အဲ့ဒီကောင်ကို လွှတ်ပေးလိုက်ရင် ဖြူစင်တဲ့မိန်းကလေးနှစ်ယောက် ဒုက္ခရောက်တော့မယ် ကိုငြိမ်းမောင်၊ ကျွန်မဘဝကတော့ လမ်းဆုံးပြီးသား မဟုတ်လား. . တစ်ခုပဲ အဲ့ဒီတစ်ခုအတွက်. . ဟင့်. . ဟင့်. . ရှတ်. . "

ငြိမ်းမောင်ရင်ထဲ ဂရုဏာသက်မှုက ဘာကိုမှ ပိုင်းဆစ်နိုင်စွမ်းမရှိတော့ဘဲ သူမလက်ကလေးအား လှမ်းဆုပ်ယူကာ နှစ်သိမ့်ပေးလိုက်သည်။

"ငါ နားလည်ပါပြီ ကြေးမုံရယ်၊ မင်းကို ချစ်ပါတယ်၊ ဘယ်လိုအခြေအနေမျိုးမှာမဆို တန်ဖိုးထားပါ့မယ်လို့ ကတိပေးပါတယ်. "

"ဝမ်းသာလိုက်တာရှင်. . . "

ထို့နောက် သူမပုခုံးလေးအား အသာအယာလှမ်းပွေ့ သိမ်းယူကာ ဆုတ်ညှစ်နွေးထွေးပေးမိသည်။

သူမကလည်း အလိုက်သင့်လေး မှီနွဲ့သဖြင့်. . . .




www.burmeseclassic.com

www.burmeseclassic.com



**ဇာတ်သိမ်း**

"အခေါ်ရေ. . .အခေါ်. . ."

အိမ်ရှေ့ကခေါ်သံကြောင့် မီးဖိုခန်းထဲ ချက်ပြုတ်နေသော ဒေါ်အေးတင် ဖထွက်လာကာ ကြည့်သည်။

"တွဲ. . .မောင်နိုင်ကြီး အာကျွေအရေးတကြီးဖြစ်လာတာ တုန်း. . ."

"နောက်မှမေးတော့ အခေါ်၊ အခု လိုက်ခဲ့ဦး. . ."

"ဟေ. . .ဘယ်ကိုလဲ. . ."

"အခုထဲ လင်းခိုင်လာပြောတာ၊ ငြိမ်းမောင်ကို သရဲမ ခင်ကြေး ပူးနေတဲ့ စိန်ပန်းတန်းထိပ်က ခြံရှေ့မှာ တစ်နေ့ယောက်ထဲထိုင်ပြီး စကား ပြောနေတယ်တဲ့၊ ခြေဟန်လက်ဟန်တွေနဲ့မို့လို့ လူတွေဝိုင်းကြည့်နေ တာလည်း အများကြီးပဲတဲ့. . ."

"ဘုရား. . .ဘုရား. . .ငါ့သားတော့ ဒုက္ခများပြီနဲ့တူပါရဲ့. . ."



BURMESE CLASSIC

www.burmeseclassic.com